# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်
# သတ္တမပုံမှန်အစည်းအဝေး
# (၂၅) ရက်မြောက်နေ့ မှတ်တမ်း

နေ့စဉ်



| .စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁ | ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း | ၁ |
| ၂ | ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင် ကျင်းပကြောင်း ကြေညာခြင်း | ၁ |
| ၃ | အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များက ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း | ၂ |
| ၄ | ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ စည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်း တင်ခြင်း | ၃ |
| ၅ | နမ့်စန်မြို့နယ်ဘောလုံးကွင်းအနီးတွင် အားကစားရုံတည်ဆောက်ရန်နှင့် ကြက်ခြေနီရုံးတည်ဆောက်ရန် မြေနေရာအတွက် ဝန်ကြီးဌာန အချင်းချင်း ကူညီဆောင်ရွက်ပေးနိုင်ခြင်းရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း | ၄ |
| ၆ | တောင်ကုတ်မြို့နယ်၊ ကျော်ကိုင်းကျေးရွာအုပ်စု၊ ကျော်ကိုင်းကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာန တည်ဆောက်ဖွင့်လှစ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း | ၆ |
| ၇ | လောက်ကိုင်မြို့နယ်ရှိ ခုတင်(၅၀)ဆံ့ ပြည်သူ့ဆေးရုံတွင် ဆရာဝန်များ အပြည့်အဝခန့်ထားပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း | ၉ |
| ၈ | ထားဝယ်ပြည်သူ့ဆေးရုံကြီးကို လက်ရှိခုတင်(၂၀၀)အဆင့်မှ ခုတင် (၅၀၀) အဆင့်ရှိ ဆေးရုံကြီးအဖြစ် တိုးချဲ့ခွင့်ပြုဖွင့်လှစ်ရန် အစီ အစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း | ၁၁ |
| ၉ | ဖလမ်းမြို့နယ်၊ ရမ်တလိုရွာ ကျေးလက်ကျန်းမာရေးဌာနခွဲအား ကျေးလက်ကျန်းမာရေးဌာန(Rural Health Center)အဖြစ် တိုးမြှင့် ဖွင့်လှစ်ပေးရန် အစီအစဉ်ရှိ/ မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း | ၁၄ |
| ၁၀ | ငါန်းဇွန်မြို့နယ်၊ သားကျင်အုပ်စု၊ သားကျင်ရွာတွင် တိုက်နယ် ဆေးရုံတစ်ရုံဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း | ၁၆ |
| ၁၁ | ကျန်းမာရေးနှင့် အားကစားဖွံ့ဖြိုးတိုးတက်ရေးကော်မတီက တင်သွင်းသည့် မြန်မာနိုင်ငံ သွားနှင့်ခံတွင်းဆိုင်ရာဆေးကောင်စီဥပဒေကြမ်းနှင့်စပ်လျဉ်း၍ တင်သွင်းထားသည့် ပြင်ဆင်ချက်အဆိုအား ဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း | ၁၇ |

၁၂ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနက တင်သွင်းသည့် မြန်မာ သမိုင်း အဖွဲ့ဥပဒေကြမ်း နှင့်စပ်လျဉ်း၍ တင်သွင်း ထားသည့်ပြင်ဆင်ချက်အဆိုအား ဆွေးနွေးခြင်းနှင့် လွှတ်တော် ၏အဆုံးအဖြတ်ရယူခြင်း ၂၆

၁၃ ဒေါက်တာဒေါ်အေဇင်လတ်၊ ရွှေဘိုမဲဆန္ဒနယ်ကတင်သွင်းသည့် ကျန်းမာ သန်စွမ်းသော အနာဂတ် လူငယ်များဖြစ်ထွန်း ပေါ်ပေါက်လာစေရေး အတွက် ကျောင်းကျန်းမာရေးလုပ်ငန်းများကို နိုင်ငံတော်အဆင့် မူဝါဒချမှတ်ကာ သင့်လျော်သောဘဏ္ဍာငွေကို နှစ်စဉ်ထည့်သွင်းသတ်မှတ်ပြီး နိုင်ငံတော်နှင့် ဆီလျော်ကိုက်ညီသော နည်းလမ်းကောင်းများကိုအသုံးပြုလျက် ကျန်းမာရေး နှင့် အားကစားဝန်ကြီးဌာနနှင့်အတူ ဆက်စပ်နှီးနွှယ်သည့် ဝန်ကြီးဌာနများ ပေါင်းစပ်ညှိနှိုင်း၍ ရေရှည်စီမံချက်တစ်ရပ် ရေးဆွဲဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို လွှတ်တော် ကိုယ်စား လှယ်များက ဆွေးနွေးခြင်း ၂၉

၁၄ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၂၅)ရက် မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး(၂၆)ရက်မြောက်နေ့ ဆက်လက် ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း ၆၃

# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမ ပုံမှန်အစည်းအဝေး

# (၂၅)ရက်မြောက်နေ့ အစီအစဉ်

# [ ၇-၃-၂၀၁၈ ] (ဗုဒ္ဓဟူးနေ့) နံနက် ၁၀၃၀ နာရီ

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ပြည်သူ့လွှတ်တော်အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း၊

၃။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမ ပုံမှန်အစည်းအဝေး (၂၅)ရက်မြောက်နေ့ အစီအစဉ် ကြေညာခြင်း၊

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်က ဖြေကြားခြင်း-

(က) ဦးဌေးလွင်(ခ)ဦးဒီလုံး၊ နမ့်စန် မဲဆန္ဒနယ်၏ **နမ့်စန်မြို့နယ် ဘောလုံးကွင်း အနီးတွင် အားကစားရုံ တည်ဆောက်ရန်နှင့် ကြက်ခြေနီရုံး တည်ဆောက်ရန် မြေနေရာအတွက် ဝန်ကြီးဌာနအချင်းချင်း ကူညီဆောင်ရွက်ပေးနိုင်ခြင်း ရှိ၊ မရှိ သိလိုခြင်း** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ခ) ဒေါ်နီနီမေမြင့်၊ တောင်ကုတ် မဲဆန္ဒနယ်၏ **တောင်ကုတ်မြို့နယ်၊ ကျော်ကိုင်းကျေးရွာအုပ်စု၊ ကျော်ကိုင်းကျေးရွာတွင် ကျေးလက် ကျန်းမာရေးဌာန တည်ဆောက်ဖွင့်လှစ်ပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဂ) ဦးလှုတယ်ဟုန်(ခ)ဦးအောင်ရွှေ၊ လောက်ကိုင် မဲဆန္ဒနယ်၏ **လောက်ကိုင်မြို့နယ်ရှိ ခုတင်(၅၀)ဆံ့ ပြည်သူ့ဆေးရုံတွင် ဆရာဝန်များ အပြည့်အဝ ခန့်ထားပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(ဃ) ဦးအောင်စိန်၊ ထားဝယ် မဲဆန္ဒနယ်၏ **ထားဝယ်ပြည်သူ့ဆေးရုံကြီးကို လက်ရှိ ခုတင်(၂၀၀)အဆင့်မှ ခုတင်(၅၀၀)အဆင့်ရှိ ဆေးရုံကြီးအဖြစ် တိုးချဲ့ခွင့်ပြု ဖွင့်လှစ်ရန် အစီအစဉ်ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(င) ဒေါက်တာဆလိုင်းရီယန်းဗဲလ်၊ ဖလမ်း မဲဆန္ဒနယ်၏ **ဖလမ်းမြို့နယ်၊ ရမ်တလိုရွာ ကျေးလက်ကျန်းမာရေးဌာနခွဲအား ကျေးလက်ကျန်းမာရေးဌာန (Rural Health Center) အဖြစ် တိုးမြှင့်ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(စ) ဦးမင်းသိန်း၊ ငါန်းဇွန် မဲဆန္ဒနယ်၏ **ငါန်းဇွန်မြို့နယ်၊ သားကျင်အုပ်စု၊ သားကျင်ရွာတွင် တိုက်နယ်ဆေးရုံ တစ်ရုံ ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

၆။ ကျန်းမာရေးနှင့် အားကစားဖွံ့ဖြိုးတိုးတက်ရေးကော်မတီ က တင်သွင်းသည့် **"မြန်မာနိုင်ငံသွားနှင့်ခံတွင်းဆိုင်ရာဆေးကောင်စီ ဥပဒေကြမ်း"** နှင့် စပ်လျဉ်း၍ တင်သွင်းထားသည့် ပြင်ဆင်ချက်အဆိုအား ဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း၊

၇။ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနက တင်သွင်းသည့် **"မြန်မာသမိုင်းအဖွဲ့ ဥပဒေကြမ်း"** နှင့် စပ်လျဉ်း၍ တင်သွင်းထားသည့် ပြင်ဆင်ချက်အဆိုအား ဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၈။ ဒေါက်တာဒေါ်အေဇင်လတ်၊ ရွှေဘို မဲဆန္ဒနယ်က တင်သွင်းသည့် **"ကျန်းမာသန်စွမ်းသော အနာဂတ်လူငယ်များဖြစ်ထွန်း ပေါ်ပေါက်လာစေရေးအတွက်**

**ကျောင်းကျန်းမာရေးလုပ်ငန်းများကို နိုင်ငံတော်အဆင့် မူဝါဒချမှတ်ကာ သင့်လျော်သော ဘဏ္ဍာငွေကို နှစ်စဉ်ထည့်သွင်းသတ်မှတ်ပြီး နိုင်ငံတော်နှင့် ဆီလျော်ကိုက်ညီသော နည်းလမ်းကောင်းများကို အသုံးပြုလျက် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနနှင့်အတူ ဆက်စပ်နှီးနွယ်သည့် ဝန်ကြီးဌာနများ ပေါင်းစပ်ညှိနှိုင်း၍ ရေရှည်စီမံချက်တစ်ရပ် ရေးဆွဲဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း”** အဆိုကို အောက်ပါ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း–

(က) ဦးတင်လှ၊ ခနေဖြူ မဲဆန္ဒနယ်၊

(ခ) ဦးဉာဏ်လင်း၊ ရွှေပြည်သာ မဲဆန္ဒနယ်၊

(ဂ) ဒေါ်အေးမြမြမျိုး၊ ကျောက်တန်း မဲဆန္ဒနယ်၊

(ဃ) ဒေါ်နီနီမေမြင့်၊ တောင်ကုတ် မဲဆန္ဒနယ်၊

(င) ဗိုလ်မှူးထင်လင်းဦး၊ တပ်မတော်သားကိုယ်စားလှယ်၊

(စ) ဒေါ်မာမာခိုင်၊ သထုံ မဲဆန္ဒနယ်၊

(ဆ) ဒေါက်တာဦးမြင့်သိန်း၊ ညောင်လေးပင် မဲဆန္ဒနယ်၊

(ဇ) ဒေါက်တာဦးသန်းအောင်စိုး၊ မင်းလှ မဲဆန္ဒနယ်၊

(ဈ) ဦးမြင့်ဦး၊ သနပ်ပင် မဲဆန္ဒနယ်၊

(ည) ဦးစောကျော်ဝင်းမောင်၊ ကျိုက်မရော မဲဆန္ဒနယ်၊

(ဋ) ဗိုလ်မှူးမိုးမြင့်အောင်၊ တပ်မတော်သားကိုယ်စားလှယ်၊

(ဌ) ဒေါ်ဝင့်ဝါထွန်း၊ ရှားတော မဲဆန္ဒနယ်၊

(ဍ) ဒေါက်တာဒေါ်ပြုံး၊ အင်းတော် မဲဆန္ဒနယ်၊

(ဎ) ဒေါက်တာဦးစံရွှေဝင်း၊ ရေကြည် မဲဆန္ဒနယ်၊

(ဏ) ဦးမောင်မောင်၊ ထီးချိုင့် မဲဆန္ဒနယ်၊

၉။ အဆိုနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်း ဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၁၀။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမ ပုံမှန်အစည်းအဝေး (၂၅)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၂၆)ရက်မြောက်နေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး**
**(၂၅)ရက်မြောက်နေ့မှတ်တမ်း**

**၁၃၇၉ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၆ ရက်**
**(၂၀၁၈ ခုနှစ်၊ မတ်လ ၇ ရက်)**
**(ဗုဒ္ဓဟူးနေ့)**

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၂၅)ရက်မြောက်နေ့ကို နံနက် ၁၀း၃၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပြည်သူ့လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန်၊ ၁၀း၃၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၂၅)ရက်မြောက်နေ့ အစီအစဉ်စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါ။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

## ပြည်သူ့လွှတ်တော်အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၂၅)ရက်မြောက်နေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၄၃၃ ဦးရှိတဲ့အနက် ၃၈၅ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူဦးရေ စုစုပေါင်းရဲ့ ၈၈.၉၁ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်းကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစီအစဉ်များကို ကြိုတင်ဖြန့်ဝေထားတဲ့အတိုင်း ဆက်လက်ဆောင်ရွက်သွားပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားရန်ဖြစ်ပါတယ်။

**ဦးသောင်းဌေးလင်း(အဖွဲ့ဝင်၊ လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ၂၀၁၈ ခုနှစ်၊ မတ်လ ၇ ရက်နေ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၂၅)ရက်မြောက်နေ့သို့ မတက်ရောက်နိုင်ပါသဖြင့် ခွင့်ပန်ကြား သူလွှတ်တော်ကိုယ်စားလှယ်များ၏ကိုယ်စား ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေး ကော်မတီအဖွဲ့ဝင်ဖြစ်သူ ကျွန်တော် ဦးသောင်းဌေးလင်း၊ ပုသိမ်ကြီးမဲဆန္ဒနယ်ကကိုယ်စား ခွင့်ပန်ကြားသွားမှာဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်မှာ ယနေ့တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ် ၄၃၃ ဦးရှိပြီး တက်ရောက်သူကိုယ်စားလှယ် ၃၈၅ ဦးရှိကာ ယနေ့ ခွင့်ပန်ကြားသူ ၂၇ ဦးရှိပါတယ်။ ခွင့်ပန်ကြားသူများကတော့-

(၁) နမ့်ခမ်းမဲဆန္ဒနယ်မှ ဦးထွန်းကျော် ခွင့် ၉ ရက်၊
(၂) မိုင်းဖြတ်မဲဆန္ဒနယ်မှ ဦးလင်းဇော်ထွန်း ခွင့် ၂ ရက်၊
(၃) ကုန်းကြမ်းမဲဆန္ဒနယ်မှ ဦးလီကျိန်းဖူ(ခ)ဦးမြင့်ဆွေ ခွင့် ၃ ရက်၊
(၄) ကော့မှူးမဲဆန္ဒနယ်မှ ဦးကျော်ဆွေဝင်း(ခ)ဦးအာလူး ခွင့် ၁ ရက်၊
(၅) ကိုကိုးကျွန်းမဲဆန္ဒနယ်မှ သူရဦးသက်ဆွေ ခွင့် ၂ ရက်၊
(၆) လပွတ္တာမဲဆန္ဒနယ်မှ ဒေါက်တာအေးကြူ ခွင့် ၁ ရက်၊
(၇) ဗန်းမော်မဲဆန္ဒနယ်မှ ဦးအောင်သိန်း ခွင့် ၃ ရက်၊
(၈) ဖရူဆိုမဲဆန္ဒနယ်မှ ဦးပဲ့ဒူ ခွင့် ၃ ရက်၊
(၉) သုံးခွမဲဆန္ဒနယ်မှ ဒေါ်စုစုလွင် ခွင့် ၃ ရက်၊
(၁၀) မင်္ဂလာတောင်ညွန့်မဲဆန္ဒနယ်မှ ဒေါ်ဖြူဖြူသင်း ခွင့် ၁ ရက်၊
(၁၁) မိုင်းပျဉ်းမဲဆန္ဒနယ်မှ ဦးစိုင်းထွန်းစိန် ခွင့် ၁ ရက်၊
(၁၂) ကျောင်းကုန်းမဲဆန္ဒနယ်မှ ဦးသိန်းထွန်း ခွင့် ၁ ရက်၊
(၁၃) စစ်တွေမဲဆန္ဒနယ်မှ ဦးမောင်သိန်းခိုင် ခွင့် ၂ ရက်၊
(၁၄) ကလောမဲဆန္ဒနယ်မှ ဒေါ်ပြုံးကေသီနိုင် ခွင့် ၃ ရက်၊
(၁၅) သရက်ချောင်းမဲဆန္ဒနယ်မှ ဦးအောင်စိုး ခွင့် ၃ ရက်၊
(၁၆) နောင်ချိုမဲဆန္ဒနယ်မှ ဦးထွန်းအောင်(ခ)ဦးထွန်းထွန်းဟိန် ခွင့် ၂ ရက်၊
(၁၇) ပြည်ကြီးတံခွန်မဲဆန္ဒနယ်မှ ဦးကျော်စိုးလင်း ခွင့် ၂ ရက်၊
(၁၈) ညောင်ဦးမဲဆန္ဒနယ်မှ ဦးစော ခွင့် ၂ ရက်၊

(၁၉) ဒီပဲယင်းမဲဆန္ဒနယ်မှ ဦးဝင်းမြင့်အောင် ခွင့် ၂ ရက်၊
(၂၀) ဝေါမဲဆန္ဒနယ်မှ ဦးတင်ထွေး ခွင့် ၂ ရက်၊
(၂၁) ကျောက်ဆည်မဲဆန္ဒနယ်မှ ဒေါက်တာတင်အောင် ခွင့် ၂ ရက်၊
(၂၂) တွန်းဇံမဲဆန္ဒနယ်မှ ဦးခမ်ခန့်ထန် ခွင့် ၂ ရက်၊
(၂၃) ရေးမဲဆန္ဒနယ်မှ ဒေါက်တာအောင်ထွန်းခိုင်(ခ)ဦးချိန်ဝင်း ခွင့် ၂ ရက်၊
(၂၄) လမ်းမတော်မဲဆန္ဒနယ်မှ ဦးခင်မောင်ဝင်း ခွင့် ၂ ရက်၊
(၂၅) နတ်မောက်မဲဆန္ဒနယ်မှ ဦးအောင်တင်လင်း ခွင့် ၂ ရက်၊
(၂၆) မင်းပြားမဲဆန္ဒနယ်မှ ဦးစစ်နိုင် ခွင့် ၃ ရက်၊
(၂၇) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးစိန်ထွန်း ခွင့် ၁ ရက်တို့ဖြစ်ကြပါတယ်။ ယခင် ခွင့်ပန်ကြားသူ ၂၁ ဦး၊ ယနေ့ခွင့်ပန်ကြားသူ ၂၇ ဦး စုစုပေါင်း ခွင့်ပန်ကြားသူ ၄၈ ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါကြောင်းနှင့် အထက်ပါကိုယ်စားလှယ်များ၏ ခွင့်ပန်ကြားမှုအား ခွင့်အဖြစ် ခွင့်ပြုပေးပါရန် လေးစားစွာဖြင့် ပန်ကြားအပ်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကိုမှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၃၃ ဦး ယခင်ကခွင့်ပန်ကြား၍ခွင့်ပြုထားသူ ၂၁ ဦး၊ ယနေ့ ခွင့်ပြုထားသူ ၂၇ ဦးဖြစ်၍ လွှတ်တော်ကခွင့်ပြုထားသူ စုစုပေါင်း ၄၈ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေတင်ပြချက်ကို အတည်ပြုမှတ်တမ်းတင်ရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် ကိုယ်စားလှယ်များအစည်းအဝေးတက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ကြယ်ပွင့်ပြထားသည့်မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်က ဖြေကြားခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်းအစီအစဉ် စတင်ဆောင်ရွက်ပါမယ်။

**နမ့်စန်မြို့နယ်ဘောလုံးကွင်းအနီးတွင် အားကစားရုံတည်ဆောက်ရန်နှင့် ကြက်ခြေနီရုံးတည်ဆောက်ရန် မြေနေရာအတွက် ဝန်ကြီးဌာနအချင်းချင်းကူညီဆောင်ရွက်ပေးနိုင်ခြင်းရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ နမ့်စန်မဲဆန္ဒနယ်မှ ဦးဌေးလွင်(ခ)ဦးဒီလုံး မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးဌေးလွင်(ခ)ဦးဒီလုံး(နမ့်စန်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ နမ့်စန်မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဌေးလွင်(ခ)ဦးဒီလုံး ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ နမ့်စန်မြို့နယ် အားကစားရုံတည်ဆောက်ရန်နှင့် ကြက်ခြေနီရုံးတည်ဆောက်ရန်အတွက် မြေနေရာရရှိရေးနှင့် ပတ်သက်တဲ့မေးခွန်းကို မေးမြန်းသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ နမ့်စန်မြို့နယ်မှာ မြို့နယ်ဘောလုံးကွင်းတစ်ခုပဲရှိပြီးတော့မှ အားကစားရုံက ဒီနေ့အထိမရှိသေးပါဘူး။ ဒီအတွက် ရှမ်းပြည်နယ် လူမျိုးရေးဝန်ကြီးနှင့် ပြည်နယ်အားကစားနှင့်ကာယပညာဦးစီးမှူးနှင့် ကျွန်တော်တို့ ညှိနှိုင်းတဲ့အခါမှာ အားကစားရုံနှင့် ကြက်ခြေနီရုံးအတွက် ဘတ်ဂျက်ထဲမှာ ရေးဆွဲပေးမှာဖြစ်ပြီးတော့မှ မြေနေရာကို ရှာဖွေပေးဖို့ ကျွန်တော်တို့ ညှိနှိုင်းခဲ့ပါတယ်။ ဆီဆိုင်မြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံးမှာ ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်တွေရယ်၊ စီမံခန့်ခွဲရေးကော်မတီရယ်၊ ဌာနဆိုင်ရာတွေရယ်၊ မြို့မိမြို့ဖတွေရယ် အစည်းအဝေးပြုလုပ်ပြီးတော့မှ မြေနေရာရရှိရေးအတွက် ညှိနှိုင်းခဲ့ပါတယ်။ အဲဒီလိုညှိနှိုင်းတဲ့အခါမှာ ကျွန်တော်တို့နမ့်စန်မြို့နယ်မှာ အားကစားရုံနှင့် ကြက်ခြေနီရုံးအတွက် မြေနေရာဟာ မြေလွတ်မြေလပ်မရှိဘဲနဲ့ နမ့်စန်မြို့နယ်မှာ ဝန်ကြီးဌာနပိုင်တဲ့ မြေများသာရှိနေတဲ့အတွက် လူထုရဲ့တောင်းဆိုချက်အရ ဝန်ကြီးဌာနအချင်းချင်းညှိနှိုင်းပြီးတော့မှ ဆောင်ရွက်ပေးဖို့ဆိုပြီးတော့မှ ဒီမေးခွန်းကို မေးမြန်းရခြင်းဖြစ်ပါတယ်။ ကျွန်တော်တို့နမ့်စန်မြို့နယ်ကို စတည်ကတည်းက ရပ်ကွက်တစ်ခုလုံးနီးပါး လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနရဲ့ လက်အောက်မှာတည်ရှိတဲ့ စက်မှုသီးနှံဖွံ့ဖြိုးရေး ဦးစီးဌာနရဲ့မြေများသာရှိတဲ့အတွက် အဲဒီမြေတွေထဲ ကနေပြီးတော့မှ အားကစားရုံနှင့် ကြက်ခြေနီရုံးတည်ဆောက်ရန် မြေနေရာတင်ပြတောင်းခံပေးဖို့ အတွက် ပြည်သူလူထုက တောင်းဆိုလာတဲ့အတွက် ဒီမေးခွန်းကို မေးမြန်းရခြင်းဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ နမ့်စန်မြို့နယ်ဘောလုံးကွင်းနှင့်အနီးအနားမှာရှိတဲ့ စက်မှုသီးနှံဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ပိုင်မြေများထဲမှ အကွက်အမှတ်(၃၄)၊ (၃၅)တွင် အားကစားရုံတည်ဆောက်ရန် မြေ ၀.၉၈ ဧကနှင့် ကြက်ခြေနီရုံးတည်ဆောက်ရန် ၀.၂၁၇ ဧကတို့ကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန နှင့် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနတို့ညှိနှိုင်းပြီး ဝန်ကြီးဌာနအချင်းချင်း လွှဲပြောင်း၍သော် လည်းကောင်း၊ ရောင်းချ၍သော်လည်းကောင်း ဆောင်ရွက်ပေးနိုင်ခြင်းရှိ/မရှိသိရှိလိုပါ၍ ပြည်သူလူထုရဲ့ကိုယ်စား လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းတင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာမြင့်ထွေး(ပြည်ထောင်စုဝန်ကြီး၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်က ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ရှမ်းပြည်နယ်၊ နမ့်စန်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဌေးလွင်(ခ)ဦးဒီလုံး၏မေးခွန်းကို ဖြေကြားမှာ ဖြစ်ပါတယ်။ နမ့်စန်မြို့နယ်ဘောလုံးကွင်းအနီးအနားမှာရှိတဲ့ စက်မှုသီးနှံစိုက်ပျိုးတိုးတက်ရေးဦးစီးဌာနပိုင် မြေကွက်အမှတ်(၃၄)၊ (၃၅)မှာ အားကစားရုံ တည်ဆောက်မှုကိစ္စနှင့်ပတ်သက်ပြီး နမ့်စန်ဘောလုံးကွင်းအနီးအနားမှာရှိတဲ့ စက်မှုသီးနှံဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနပိုင်မြေကွက်ကို ကျွန်တော်တို့စုံစမ်းလိုက်တဲ့အခါမှာ ဘာသွားတွေ့ပါသလဲဆိုတော့ ၂၁-၁-၂၀၁၈ ရက်နေ့ စုံစမ်းတဲ့အခါမှာ မြို့နယ်စီမံခန့်ခွဲရေးကော်မတီ၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနများမှ တာဝန်ရှိသူများက မြေနေရာကို သွားကြည့်ပါတယ်။ တိုင်းတာပါတယ်။ တိုင်းတာတဲ့အခါမှာ ကြည့်လိုက်တဲ့အခါ ဒီမြေဟာ နမ့်စန်မြို့နယ် စက်မှုသီးနှံဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနကနေပြီးတော့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနသို့ မြေနေရာစွန့်လွှတ်ပေးနိုင်ခြင်းရှိ/မရှိကို သေချာမေးတဲ့အခါမှာ သူတို့အနေနဲ့ မစွန့်လွှတ်နိုင်ပါဘူးတဲ့။ ဘာကြောင့်မစွန့်လွှတ်နိုင်လဲဆိုတဲ့အခါကျတော့ ဒီနေရာမှာ သူတို့က နေထိုင်ခွင့်ကို ပေးထားပါတယ်။ ဘယ်သူ့ကိုပေးလဲဆိုတော့ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနမှ ဝန်ထမ်းမိသားစုများအား နေထိုင်ရန် ပေးပါတယ်။ ပေးတာက ဘယ်သူကပေးလဲဆိုလို့ရှိရင် မြို့နယ်အုပ်ချုပ်ရေးမှူးအပါအဝင် အဖွဲ့ဝင်ခုနစ်ဦးဖြင့် ဖွဲ့စည်းထားသော အိမ်ရာကြီးကြပ်ရေးကော်မတီက အသိအမှတ်ပြုနေထိုင်ခွင့် တရားဝင်ပေးထားတာ ဖြစ်ပါတယ်။ အဲဒါကြောင့် ကျွန်တော်တို့ကို အကြောင်းပြန်တာကတော့ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာနက ဒီမြေကို လွှဲပြောင်းပေးခြင်းမပြုနိုင်ပါဘူးလို့ ကျွန်တော့်ကို အကြောင်းပြန်ပါတယ်။ ကျွန်တော်တို့အနေနဲ့ကတော့ ဒီအားကစားရုံဆောက်ဖို့က လုံးဝဝန်မလေးပါဘူး။ ပထမဦးစားပေးအနေနဲ့ကို ကျွန်တော် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်မှာပါအောင်ဆောက်ပါမယ်။ အဲဒီတော့ မြေရရှိဖို့ကတော့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးနှင့် ပြည်နယ်အစိုးရနှင့်ညှိမယ်။ နောက် ရှမ်းပြည်နယ်မှာ ဦးစီးမှူးရှိပါတယ်။ ညွှန်ကြားရေးမှူး၊ အား/ကာ။ မြေရှာပါမယ်။ မြေရှာလို့ရရင် ကျွန်တော်လုံးဝပေးပါမယ်။ ဘာကြောင့်လဲဆိုရင် ကျွန်တော်တို့ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနရဲ့ Moto ပေ့ါ။ တစ်ခုက Exercises Medicine။ လူအများကိုယ်လက်လှုပ်ရှားလုပ်ခြင်းအားဖြင့် ရောဂါဘယကို ပျောက်အောင်လုပ်တဲ့အပြင် ဒီအားကစားရုံကိုတော့ ကျွန်တော် လုံးဝဆောက်မှာပါ။ မြေရတာနဲ့ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်မှာ ပိုက်ဆံတင်မှာပါ။ ကျွန်တော့်အနေနဲ့တော့ ဒီအချိန်မှာ ဒီလောက်ပဲ ကတိပေးလို့ရတယ်။ ဆိုလိုတာကတော့ မြေရရင် ပေးပါမယ်။ အဲဒါပါပဲ။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**ဦးဌေးလွင်(ခ)ဦးဒီလုံး(နမ့်စန်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော် တစ်ဆက်တစ်စပ်တည်းမေးခွင့်ပြုပါခင်ဗျား။ ကျွန်တော်တို့ နမ့်စန်မြို့နယ်ကို စတည်ကတည်းက ပလန လို့ခေါ်တဲ့ လယ်ယာနှင့် ဆည်မြောင်းဝန်ကြီးဌာနတို့မှ တစ်မြို့နယ်လုံး

နီးပါးဟာ သူတို့ပိုင်တဲ့မြေတွေပါပဲ။ ခေတ်အဆက်ဆက်အစိုးရတွေကလည်း ရုံးဌာနတွေ၊ အားကစားရုံတွေကို သူတို့ပဲ ခေတ်အဆက်ဆက်စွန့်လွှတ်ပေးခဲ့တာပါ။ အခု ဝန်ကြီးဖြေသွားတဲ့မြေဟာလည်း အရင်တုန်းကဆိုရင် စတည်ကတည်းကပေါ့။ ဆေးရုံတွေဖွင့်လှစ်ခဲ့တယ်။ နောက်ပြီးတော့မှ လ.ဝ.က ရုံးဖွင့်လှစ်ခဲ့တယ်။ လ.ယ.ကရုံးဖွင့်ပြီးတဲ့အခါမှာ လ.ဝ.ကရုံးနေရာကို နေရာသပ်သပ်ပေးပြီးတော့မှ သူ့ဝန်ထမ်းတွေပဲ လောလောဆယ်မှာ နေထိုင်နေတာပါ။ ကျွန်တော်တို့ဆီမှာ ဝန်ထမ်းအိမ်ရာတွေလည်း အများကြီးရှိပါတယ်။ ဟိုတစ်လောကပဲ ဆည်မြောင်းဝန်ကြီးဌာနနှင့် ဟိန်းထက်စံကုမ္ပဏီတို့က အကျိုးတူဖက်စပ်ဈေးဆောက်တဲ့အခါမှာလည်း အစားထိုးအိမ်ဆိုပြီးတော့ လေးလုံးဆောက်လုပ်ပေးထားတာလည်းရှိပါတယ်။ ဒီဝန်ထမ်းတွေကို အဲဒီကိုရွှေ့ပေးလို့လည်း အဆင်ပြေပါတယ်။ ကျွန်တော်တို့မြို့နယ်မှာ မြေရှာဖို့ဆိုရင်တော့ မြေလွတ်၊ မြေလပ်က မရှိတော့ပါဘူး။ ခေတ်အဆက်ဆက်ကလည်း လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနကနေပဲ အမြဲတမ်းစွန့်လွှတ်ပေးထားတာပါ။ စွန့်လွှတ်ပေးလို့သာ ရုံးဌာနတွေ ဘာတွေအားလုံးက အဆင်ပြေနေတာပါ။ ဒါကြောင့် ဒီနေရာသည်လည်း ဘောလုံးကွင်းနဲ့လည်း နီးပါတယ်။ အားကစားရုံအတွက် အင်မတန်မှ သင့်တော်တဲ့နေရာဖြစ်ပါတယ်။ ဒါကြောင့် ဝန်ကြီးအနေနဲ့ ဒီဥစ္စာလေးကို လယ်/ဆည်ဝန်ကြီးနှင့်ပြန်လည်ညှိနှိုင်းပေးပြီးတော့မှ ဒီမြေနေရာရရှိရေးကို ပြန်လည် ညှိနှိုင်းဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိကိုလည်း သိချင်ပါသေးတယ်။ အဲဒါလေးကိုတော့ ထပ်ဆင့်မေးခွန်းအနေနဲ့ မေးမြန်းအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပြန်လည်ဖြေကြားပေးပါ။

**ဒေါက်တာမြင့်ထွေး(ပြည်ထောင်စုဝန်ကြီး၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသောပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ လွှတ်တော်ကိုယ်စားလှယ်ကြီးမေးကတည်းက ကျွန်တော်ရေးလိုက်ပါတယ်။ ဝန်ကြီးအချင်းချင်း ကျွန်တော်ညှိမယ်လို့ ရေးထားပါတယ်။ ဝန်ကြီးဦးအောင်သူနဲ့ ညှိပါမယ်။ ပထမဦးဆုံးကတော့ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှာများ ပိုင်တဲ့မြေရှိသလားလို့ ကျွန်တော်ကြည့်မယ်။ ရှိရင် ကျွန်တော်တို့ပေးပါမယ်။ ကျန်းမာရေးနှင့်အားကစားက တစ်ခုတည်းဖြစ်နေတဲ့အတွက် ကျွန်တော်တို့ပေးပါမယ်။ ကျွန်တော် ဒီတစ်ပတ်အတွင်းပါပဲ၊ ဒီတစ်ရက်၊ နှစ်ရက်မှာပဲ ကျွန်တော်တယ်လီဖုန်းနဲ့ညှိပါမယ်။ စိုက်ပျိုးရေးက ဆရာဦးအောင်သူနဲ့ညှိပါမယ်။ ကျွန်တော် အဖြစ်နိုင်ဆုံးကြိုးစားပါမယ်။ ဒါကျွန်တော်တို့အတွက် အရမ်းအရေးကြီးပါတယ်။ နမ့်စန်မြို့နယ်မှာရှိတဲ့ လူတွေအားကစားလုပ်မှသာလျှင် ကျန်းမာပြီး ဆေးရုံလာတဲ့လူနာဦးရေလျော့မှာဖြစ်တဲ့အတွက် ကျွန်တော်ကြိုးစားပါမယ်ခင်ဗျား။

**တောင်ကုတ်မြို့နယ်၊ ကျော်ကိုင်းကျေးရွာအုပ်စု၊ ကျော်ကိုင်းကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာန တည်ဆောက်ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ တောင်ကုတ်မဲဆန္ဒနယ်မှ ဒေါ်နီနီမေမြင့် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါ်နီနီမေမြင့်(တောင်ကုတ်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အားလုံးပဲမင်္ဂလာပါရှင်။ ကျွန်မကတော့ ရခိုင်ပြည်နယ်၊ တောင်ကုတ်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်နီနီမေမြင့် ဖြစ်ပါတယ်ရှင်။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှ

တစ်ဆင့် မေးမြန်းလိုတဲ့မေးခွန်းကတော့ ရခိုင်ပြည်နယ်၊ တောင်ကုတ်မြို့နယ်၊ ကျော်ကိုင်းကျေးရွာအုပ်စု၊ ကျော်ကိုင်းကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာန တည်ဆောက်ဖွင့်လှစ်ပေးရန် အစီအစဉ်ရှိ/မရှိကို မေးမြန်းသွားမှာဖြစ်ပါတယ်ရှင်။

ဥက္ကဋ္ဌကြီးရှင်။ ကျွန်မမဲဆန္ဒနယ်ဖြစ်တဲ့ တောင်ကုတ်မြို့နယ်၊ မအီမြို့၊ ကျော်ကိုင်းကျေးရွာအုပ်စုဟာ ကျေးရွာပေါင်းသုံးရွာနဲ့ ဖွဲ့စည်းထားပြီး အိမ်ထောင်စု ၆၀၀ ကျော်၊ လူဦးရေ ၂၅၀၀ ကျော် နေထိုင်လျက်ရှိသော ရွာကြီးတစ်ရွာလည်းဖြစ်ပါတယ်။ လက်ရှိမှာ ကျေးရွာအုပ်စုအတွင်း သားဖွားဆရာမတစ်ဦးသာခန့်ထားပြီးတော့ မအီကျေးလက်ကျန်းမာရေးဌာနမှာပါဝင်တဲ့ ကျေးလက်ကျန်းမာရေးဌာနခွဲဖြစ်ကာ မအီမြို့နဲ့လည်း ၁၂ မိုင်ခန့်ကွာဝေးပါတယ်။ တကယ်လို့ ကျော်ကိုင်းကျေးရွာတွင် ကျန်းမာရေးဌာနဖွင့်လှစ်ပေးမည်ဆိုပါက ကျော်ကိုင်းကျေးရွာအုပ်စုအပြင် ကျောက်ဝေကျေးရွာအုပ်စုအတွက်ပါ ကျန်းမာရေးစောင့်ရှောက်ပေးနိုင်မှာဖြစ်ပါတယ်။ မအီကျန်းမာရေးဌာနမှ ကြီးကြပ်လျက်ရှိသော ဌာနခွဲ ခြောက်ခုရှိပါတယ်။ အဲဒီရွာတွေကတော့ ကျော်ကိုင်းကျန်းမာရေးဌာနခွဲ၊ ကျောက်ဝေ၊ သဒ္ဒန်၊ ချက်ဖောက်၊ ဂျီဖြူတောင်နဲ့ လက်ပံကျန်းရေးဌာနခွဲတို့ဖြစ်ကြပါတယ်။ ထိုကျေးရွာများမှာလည်း တစ်ရွာနဲ့တစ်ရွာ လမ်းပန်းဆက်သွယ်ရေးမှာ ဝေးကွာလှပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ လွှတ်တော်နားတဲ့အချိန် ကျွန်မ အဲဒီရွာတွေကိုဆင်းတဲ့အခါမှာလည်း ဒီကျန်းမာရေးကိစ္စကိုပဲ အခေါက်တိုင်းအခေါက်တိုင်းတင်ပြကြတဲ့အတွက် ဒီမေးခွန်းဖြစ်ပေါ်လာရတာဖြစ်ပါတယ်ရှင်။ ဆက်လက်တင်ပြရမယ်ဆိုရင် ကျော်ကိုင်းကျေးရွာဟာ လမူးမော်စံပြကျေးရွာနဲ့ ၂ မိုင် ၄ ဖာလုံခန့်ကွာဝေးပါတယ်။ လမူးမော်စံပြကျေးရွာတွင် တိုက်နယ်ဆေးရုံရှိပေမဲ့လည်း မိုးရာသီကာလရောက်ရင် လမ်းပန်းဆက်သွယ်ရေးအခက်အခဲနဲ့ ကြုံတွေ့ရပါတယ်။ ရေလမ်းကြောင်းကလည်း ရေစီးသန်ပြီး ရေကြီးရေလျှံမှုမကြာခဏဖြစ်တဲ့အတွက် အခက်အခဲဖြစ်ရပါတယ်။ ဒါကြောင့် ရွာသူရွာသားများမှာ ကျန်းမာရေးအတွက်စိုးရိမ်ပူပန်ပြီး ကျန်းမာရေးဌာနရရှိပါက ဆောက်လုပ်ရန်အတွက် မြေနေရာလည်းအဆင်သင့်ရှိပြီးဖြစ်ပါတယ်။ ကျော်ကိုင်းကျေးရွာတွင် ကျန်းမာရေးဌာနဖွင့်လှစ်ထားမည်ဆိုပါက အိမ်ထောင်စု ၆၅၀၊ လူဦးရေ ၂၅၀၀ ကျော်ရှိသော ကျော်ကိုင်းကျေးရွာအုပ်စုအပြင် ကျေးရွာပေါင်းငါးရွာ၊ အိမ်ထောင်စု ၆၀၀ ကျော်နဲ့ လူဦးရေ ၂၅၀၀ ကျော်ရှိသော ကျောက်ဝေကျေးရွာအုပ်စုအတွက်ပါ အဆင်ပြေမှာဖြစ်ပါတယ်။ ဒါကြောင်မို့လို့ လူဦးရေ ၅၀၀၀ ကျော်ကို ကျန်းမာရေးစောင့်ရှောက်မှု လွှမ်းခြုံပြီးဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးရှင့်။ ဒါ့အပြင် မအီကျန်းမာရေးဌာနမှ တာဝန်ယူရတဲ့ ကျေးလက်ကျန်းမာရေးဌာနခွဲ ခြောက်ခုမှ နှစ်ခုကိုခွဲပြီး ကျော်ကိုင်းကျန်းမာရေးဌာနထဲကို ထည့်လို့ရပါတယ်။ ဒါကြောင့် ကြီးကြပ်ရတဲ့ ကျန်းမာရေးမှုးအနေနဲ့လည်း နိုင်နိုင်နင်းနင်းစီမံအုပ်ချုပ်နိုင်မှာဖြစ်တဲ့အတွက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မဲဆန္ဒရှင်ပြည်သူများကိုယ်စား အထက်ပါမေးခွန်းအား မေးမြန်းရခြင်းဖြစ်ပါတယ်ရှင်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာမြင့်ထွေး(ပြည်ထောင်စုဝန်ကြီး၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန)**။ ။
လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော့်အနေနဲ့ ရခိုင်ပြည်နယ်၊ တောင်ကုတ်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်နီနီမေမြင့်၏ မေးခွန်းအား ဖြေကြားမှာဖြစ်ပါတယ်။ တောင်ကုတ်မြို့နယ်၊ ကျော်ကိုင်းကျေးရွာအုပ်စု၊ ကျော်ကိုင်းကျေးရွာမှာ ကျေးလက်ကျန်းမာရေးဌာန(Rural Health Center)ကိုဆောက်မယ်ဆိုရင် ပထမဆုံး တောင်ကုတ်မြို့နယ်အခြေအနေကို လေ့လာလိုက်တဲ့အခါမှာ သူ့မှာ Station Health Unit ဆိုတာတစ်ခုရှိပါတယ်။ ကျေးလက်ကျန်းမာရေးဌာန (Rural Health Center) ခြောက်ခုရှိပါတယ်။ ဌာနခွဲ ၃၇ ခုရှိပါတယ်။ မိခင်နှင့်ကလေး(Metal Child Care Center)တစ်ခုရှိပါတယ်။ ပြည်သူ့ကျန်းမာရေးနဲ့ပတ်သက်ပြီးတော့ ကျန်းမာရေးမှူးတစ်ယောက်ရှိပါတယ်။ မြို့နယ်သူနာပြုတစ်ယောက်ရှိပါတယ်။ လက်ထောက်ကျန်းမာရေးမှူးက ခုနစ်ယောက်ရှိပါတယ်။ ကျန်းမာရေးကြီးကြပ်(၁)က သုံးဦး၊ (Lady Health Visitor)ကျန်းမာရေးဆရာမ ရှစ်ဦး၊ သားဖွားဆရာမ ၅၆ ဦး၊ ကျန်းမာရေးကြီးကြပ် ၄၂ ဦးဖြင့် လူဦးရေ ၁၆၀၀၀၀ လောက်ကို ကျွန်တော်တို့ ကြည့်နေပါတယ်။ တောင်ကုတ်မြို့နယ်၊ ကျော်ကိုင်းကျေးလက်ကျန်းမာရေးဌာနခွဲသည် မအီကျေးလက်ကျန်းမာရေးဌာနအောက်မှာရှိပါတယ်။ မအီကျေးလက်ကျန်းမာရေးဌာနမှာ လေးခုကနေ ခြောက်ခုထိ Serve Center တွေရှိပါတယ်။ မအီကျေးလက်ကျန်းမာရေးဌာနမှာ ခုနစ်ခုရှိပါတယ်။ ထူးခြားပါတယ်။ များသောအားဖြင့် လေးခု သို့မဟုတ် ငါးခု အလွန်ဆုံးခုနစ်ခုတောင်ပေးထားပါတယ်။ ခုနစ်ခုပေးတော့ လူဦးရေက ၂၀၀၀၀ ကျော်ရှိပါတယ်။ ကျော်ကိုင်းကျေးလက်ကျန်းမာရေးဌာနဟာ ကြည့်တာက နည်းနည်းလေးပဲကြည့်ပါတယ်။ ပြီးတော့မှ ရွာသုံးရွာပဲရှိပါတယ်။ အိမ်ခြေက ၆၁၇ အိမ်ရှိပါတယ်။ လူဦးရေက ၂၈၀၃ ဦးကိုစောင့်ရှောက်နေတာကို တွေ့ရပါတယ်။ ထို့အပြင် ကျွန်တော်တို့က မြေပုံမှာပြန်ကြည့်ပြီးတော့ ကြည့်တဲ့အခါမှာ ကျော်ကိုင်းကျေးလက်ကျန်းမာရေးဌာနခွဲသည် လမုတိုက်နယ်ဆေးရုံနဲ့ ၄ မိုင်ပဲဝေးပါတယ်ခင်ဗျ။ ကားလမ်းဖြင့် မိနစ် ၂၀ ခန့်သာ သွားရတယ်လို့ပြောပါတယ်။ တိုက်နယ်ဆေးရုံကဆိုလိုတာက တိုက်နယ်ဆေးရုံမှ ဝန်ထမ်းများသည် တောင်းဆိုထားတဲ့ ကျော်ကိုင်းကျေးလက်ကျန်းမာရေးဌာနခွဲမှာရှိတဲ့ ရွာတွေကိုကြည့်ရှုလို့ရပါတယ်။ ကျွန်တော့်အနေနဲ့ တင်ပြချင်တာကတော့ ကျော်ကိုင်းကျေးလက်ကျန်းမာရေးဌာနခွဲနဲ့ ကျောက်ဝေကျေးလက်ကျန်းမာရေးဌာနခွဲကလည်း ၅ မိုင်ပဲဝေးတာကို သွားတွေ့ရပါတယ်။ ဌာနခွဲနှစ်ခုကလည်း။ မြေသားလမ်းနဲ့ မိနစ် ၄၀ ခန့်သွားရပါတယ်။ ကျော်ကိုင်းကျေးရွာနဲ့ ကျောက်ဝေကျေးရွာတို့မှာ ကျေးလက်ကျန်းမာရေးဌာန ကျွန်တော်ဆိုလိုတာက သီးခြားစီရှိပြီးတော့ သီးခြားစီရှိတဲ့နေရာကနေပြီးတော့ တောင်းဆိုထားတဲ့ ကျော်ကိုင်းကျေးလက်ကျန်းမာရေးဌာနကလူတွေကို ကြည့်ရှုလို့ရပါတယ်။ ထို့အပြင် ကျွန်တော်က ပိုပြီးသေချာအောင်ဆိုပြီးတော့ ပြည်နယ်ဦးစီးမှူးကို ကျွန်တော်တို့က မေးပါတယ်။ ဒီနေရာမှာ တကယ်လိုလား၊ မလိုလားဆိုတာကိုမေးတဲ့အခါမှာ ပြည်နယ်ဦးစီးမှူးကမလိုကြောင်း ကျွန်တော်တို့ကို တင်ပြပါတယ်။ ဘာကြောင့်မလိုကြောင်းတင်ပြလဲကြည့်တဲ့အခါကျတော့ ကျေးလက်ကျန်းမာရေးဌာနတစ်ခုကို ပေးမယ်ဆိုရင် အချက်ငါးချက်ရှိပါတယ်။ အချက်ငါးချက်မှာ အဓိကအချက်ဖြစ်တဲ့ နှစ်ချက်ကြီးကို မမိဘူးဖြစ်နေပါတယ်။ အဓိကအချက်ကြီးနှစ်ချက်က ဘာလဲဆိုရင် ကျေးလက်ကျန်းမာရေးဌာနလုပ်မယ့်ကျေးရွာသည် ကျေးရွာအုပ်စု ၁၀ ခုမှ ၁၅ ခုထိ သွားလာလုပ်ကိုင်နိုင်သော နေရာဖြစ်ရမယ်လို့ ဖြစ်ပါတယ်။

ကျေးလက်အုပ်စုတောင်မှ သူ့မှာ ကျေးရွာသုံးရွာပဲရှိပါတယ်။ ထို့ပြင် နောက်ထပ်အဓိကအချက်ဖြစ်တဲ့ သာမန်အားဖြင့် လူဦးရေ ၁၀၀၀၀ ကနေ ၁၅၀၀၀ ခွဲရှိတယ်ပြောပါတယ်။ ဒီမှာ လူဦးရေက ၂၈၀၀ ပဲရှိပါတယ်။ ဒီဟာကတော့ ချင်းပြည်နယ်နဲ့စာလို့ရှိရင်တော့ ဒီမှာ သွားရလာရတာ နည်းနည်းလွယ်ပါတယ်။ ချင်းပြည်နယ်ဆိုရင်တော့ ကျွန်တော်တို့က Special အထူးစဉ်းစားပေးပါတယ်။ ဒီအချက်များကြောင့် ကျွန်တော့်အနေနဲ့ကတော့ လောလောဆယ်တော့ မပေးနိုင်ပါဘူး။ လွှတ်တော်ကိုယ်စားလှယ်ကြီးက တကယ်လိုမယ်ဆိုလို့ရင်တော့ လွှတ်တော်ကိုယ်စားလှယ်ကြီးအနေနဲ့ ပြည်နယ်ကျန်းမာရေးဦးစီးမှူးနဲ့ ထပ်မံတိုင်ပင်ဆွေးနွေးပြီးတော့ ကျွန်တော်တို့ကို ဆက်လက်တင်ပြပါ။ လွှတ်တော်မှာ မမေးရင်လည်း တိုက်ရိုက်စာရေးပြီး ကျွန်တော်တို့ ဆက်လက်ပြီးဆောင်ရွက်ပေးမှာဖြစ်ကြောင်း လေးစားစွာဖြေကြားအပ်ပါတယ်ခင်ဗျား။

**လောက်ကိုင်မြို့နယ်ရှိ ခုတင်(၅၀)ဆံ့ ပြည်သူ့ဆေးရုံတွင် ဆရာဝန်များ အပြည့်အဝခန့်ထားပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ လောက်ကိုင်မဲဆန္ဒနယ်မှ ဦးလူတယ်ဟုန်(ခ)ဦးအောင်ရွှေ မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးလူတယ်ဟုန်(ခ)ဦးအောင်ရွှေ(လောက်ကိုင်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများ အားလုံး မင်္ဂလာပါလို့ ဦးစွာပထမနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်၊ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ လောက်ကိုင်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးလူတယ်ဟုန်(ခ) ဦးအောင်ရွှေ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ လောက်ကိုင်မြို့ရှိ ခုတင်(၅၀)ဆံ့ ပြည်သူ့ဆေးရုံသည် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အတွင်း ဖွင့်လှစ်ထားရှိသည့်ဆေးရုံများအနက် အကြီးမားဆုံးသောဆေးရုံတစ်ခုဖြစ်သည်။ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသသည် နယ်စပ်ဒေသဖြစ်သည့်အတွက် အခြားသောမြို့ကြီးများကဲ့သို့ အထူးကုဆေးရုံများမရှိပါသောကြောင့် ဒေသခံပြည်သူများ၊ နိုင်ငံ့ဝန်ထမ်းများအနေဖြင့် အစိုးရဆေးရုံ၊ ဆေးပေးခန်းနှင့် ကျန်းမာရေးဌာနများကိုသာ အဓိကထား၍ ဆေးကုသခံယူနေရတဲ့အတွက် လောက်ကိုင်မြို့ ခုတင်(၅၀)ဆံ့ဆေးရုံသည် များစွာအရေးပါသည့် ဆေးရုံတစ်ရုံဖြစ်သည်။ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ လောက်ကိုင်မြို့ရှိ ခုတင်(၅၀)ဆံ့ ပြည်သူ့ဆေးရုံ၏ ဆရာဝန်ခွင့်ပြုအင်အား အထူးကုဆရာဝန်ခြောက်ဦး၊ လက်ထောက်ဆရာဝန်ခြောက်ဦး၊ သွားဖက်ဆိုင်ရာဆရာဝန်တစ်ဦး စုစုပေါင်း ၁၃ ဦး ခွင့်ပြုထားသော်လည်း ပြီးခဲ့သော လွှတ်တော်နားနေစဉ်ကာလ ကျွန်တော် မဲဆန္ဒနယ်မြေပြန်ရောက်နေချိန်တွင် အဆိုပါဆေးရုံတွင် အထူးကုဆရာဝန်တစ်ဦးမျှခန့်ထားခြင်းမရှိဘဲ လက်ထောက်ဆရာဝန်နှစ်ဦး၊ သွားဖက်ဆိုင်ရာဆရာဝန်တစ်ဦး စုစုပေါင်းသုံးဦးကိုသာ ခန့်ထားပါတယ်။ ခန့်အပ်ထားရှိသည့် လက်ထောက်ဆရာဝန်နှစ်ဦးအနက် တစ်ဦးမှာ မီးဖွားခွင့်ခံစားနေသည်ဟု သိရှိရပါတယ်။ ယခုအခါ အဆိုပါဆေးရုံတွင် ဆရာဝန်အပြည့်အဝခန့်ထားပေးနိုင်ခြင်းမရှိသည့်အတွက် ဒေသခံပြည်သူများအနေဖြင့် အရေးပေါ်ဆေးကုသခံယူရန် လိုအပ်သည့်အခါတွင်လည်းကောင်း၊ ကျန်းမာရေးအတွက် အထူးစောင့်ရှောက်မှုခံယူရန် လိုအပ်သည့်အခါတွင်

လည်းကောင်း၊ လားရှိုးမြို့၊ မန္တလေးမြို့နှင့် တစ်ဖက် တရုတ်နိုင်ငံသို့သွားရသည့်အတွက် အခက်အခဲများ ကြုံတွေ့ရကာ ငွေကြေးကုန်ကျမှုများပြားခြင်း၊ ငွေကြေးကုန်ကျမှုမတတ်နိုင်သည့်ဒေသခံပြည်သူများအနေဖြင့် များစွာအခက်အခဲကြုံတွေ့နေရခြင်းတို့ကြောင့် ဒေသခံပြည်သူများ၏ အရေးပေါ်လိုအပ်ချက်ဖြစ်သော ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများအား ဖြည့်ဆည်းပေးနိုင်ရန်အတွက် ဆရာဝန်များ အပြည့်အဝခန့်ထားပေးနိုင်ရန် လိုအပ်လျက်ရှိပါသည်။ သို့ဖြစ်ပါ၍ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ လောက်ကိုင်မြို့ ခုတင်(၅၀)ဆံ့ ပြည်သူ့ဆေးရုံတွင် ဆရာဝန်များ အပြည့်အဝခန့်ထားပေးနိုင်ခြင်းရှိ/မရှိကို ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်းအပ်ပါသည်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာမြင့်ထွေး(ပြည်ထောင်စုဝန်ကြီး၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော့်အနေနဲ့ ရှမ်းပြည်နယ်၊ လောက်ကိုင်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးလူတယ်ဟုန် (ခ) ဦးအောင်ရွှေ၏မေးခွန်း ဖြေကြားမှုဖြစ်ပါတယ်။ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ လောက်ကိုင်မှာ ခုတင်(၅၀)ဆံ့ ဆေးရုံရှိပါတယ်။ ခုတင်(၅၀)ဆံ့ ဆေးရုံတိုင်း၊ ဆေးရုံတိုင်းကို ကျွန်တော်တို့က အပြည့်တော့မခန့်နိုင်ပါဘူး။ နောက်တစ်ခုက ကျွန်တော်တို့ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှာ နည်းနည်းထူးဆန်းတာက ခုတင်(၅၀)ဆံ့ ဆေးရုံတွေမှာ ခန့်တဲ့ ဝန်ထမ်းရဲ့အမျိုးအစား(Category)က နည်းနည်းကွာပါတယ်။ တချို့မှာ Specialist တွေများပါတယ်။ တချို့မှာမရှိပါဘူး။ အဲဒီတော့ လောက်ကိုင်မြို့နယ်မှာ ပြန်ကြည့်တဲ့အခါမှာ ခုတင်(၅၀)ဆံ့ဆေးရုံတစ်ရုံရှိတယ်။ နောက် ချင်းရွှေဟော်တိုက်နယ်ဆေးရုံနဲ့ တာရွှေတန်တိုက်နယ် ဆေးရုံ ခုတင်(၁၆)ခုတင်ဆံ့ဆေးရုံ စုစုပေါင်း ဆေးရုံသုံးရုံနှင့် ကျန်းမာရေးဝန်ဆောင်မှုများကို ပေးလျက်ရှိပါတယ်။ ဒီမှာ မိခင်နှင့်ကလေးကျန်းမာရေးဌာနလည်း တစ်ခုရှိပါတယ်။ ကျေးလက်ကျန်းမာရေးဌာနတစ်ခုရှိပါတယ်။ ကျေးလက်ကျန်းမာရေးဌာနခွဲ(၁၂)ခုရှိပါတယ်။ လူဦးရေ ၉၄၀၀၀ ကျော်ကို ကျန်းမာရေးစောင့်ရှောက်လျက်ရှိပါတယ်။

အဲဒီတော့ လောက်ကိုင်ဆေးရုံကိုပြန်ကြည့်တဲ့အခါမှာ ၂၀၁၇ ခုနှစ်မှာ စုစုပေါင်းလူနာက တစ်နှစ်လုံးမှာ ၁၆၈၇ ဦးရှိပါတယ်။ မွေးဖွားတာကလည်း စုစုပေါင်း ၁၃၈ ဦးပဲရှိပါတယ်။ အတွင်းလူနာက တစ်နေ့ကို ၁၆ ယောက်လောက်ပဲ အတွင်းလူနာများရှိပါတယ်။ ခုတင်(၅၀)ဆံ့ဆိုတော့လည်း ၁၆ ယောက်ပဲရှိပါတယ်။ အဲဒီတော့ ဝန်ထမ်းအင်အားနဲ့တော့ လွှတ်တော်ကိုယ်စားလှယ်ကြီးပြောတာ မှန်ပါတယ်။ ဆရာဝန်သုံးဦးရှိပါတယ်။ နှစ်ဦးက ဆရာဝန်၊ တစ်ဦးက သွားဆရာဝန်ဖြစ်ပါတယ်။ သူနာပြုက ၁၆ ဦးရှိပါတယ်။ အခြေအနေကောင်းပါတယ်။ အခြားဝန်ထမ်း ၂၃ ဦး စုစုပေါင်း ၄၂ နဲ့ လုပ်နေပါတယ်။ ကျွန်တော်တို့ ဒါကို အခြေအနေကိုသိတဲ့အတွက် ကျွန်တော်တို့က လောက်ကိုင်ဆေးရုံကို ကလေးလက်ထောက်ဆရာဝန်အထူးကု (Specialist AS) ပါ အထူးကုလက်ထောက်ဆရာဝန် တစ်ဦးကို ၂-၂-၂၀၁၈ ရက်နေ့က ကျွန်တော်တို့က တာဝန်ချထားလိုက်တယ်။ သူတို့ ကျွန်တော်တို့

ဆက်သွယ်ပြီး မေးမြန်းတဲ့အခါမှာ မတ်လ ဒုတိယအပတ်မှာ အရောက်သွားမယ်လို့ပြောပါတယ်။ ပထမ သွားရေးလာရေးကို Security က မရဘူးပြောပါတယ်။ အခုတော့ သူ March Second Week မှာ အရောက်သွားမယ်လို့ ပြောပါတယ်။ ကျွန်တော်ထင်တာ အခုလောက်ဆိုရင်တော့ ရောက်မယ်ထင်ပါ တယ်။ မရောက်သေးလို့ရှိရင်လည်း လွှတ်တော်ကိုယ်စားလှယ် ကျွန်တော့်ကို ပြန်လည်တင်ပြပေးပါ ခင်ဗျား။

နောက်တစ်ခု ကျွန်တော့်အနေနဲ့ ဒီဟာကိုကြည့်တဲ့အခါမှာ လောက်ကိုင်ကလည်း တော်တော်ကို ခေါင်တဲ့နေရာဖြစ်တဲ့အတွက် ကျွန်တော်တို့ မကြာခင် EC ပေါ့လေ။ ကျွန်တော်တို့ ကျန်းမာရေးနှင့် EC မှာဆိုလို့ရှိရင် Specialist OG တစ်ယောက်နှင့် Specialist Medicine (ဆေးပညာ)တစ်ယောက်ကို တာဝန်ချထားပေးပါမယ်။ တာဝန်ချထားတဲ့အခါမှာလည်း အများသောအားဖြင့် ဆရာဝန်တွေက မသွားချင်တာက နေအိမ်မရှိတာတွေ အဲဒါတွေပါပါတယ်။ ကျွန်တော်တို့ကတော့ နေအိမ်ကို ဆောက်ဖို့ တော့လုပ်ထားပါတယ်။ နောက် ခက်ခဲဒေသ ဒါမျိုးဆိုရင် ကျွန်တော်တို့ အလွန်ဆုံး ၁၄ လပဲ ထားပါတယ်ခင်ဗျား။ ၁၂ လမှာလုပ်ပြီးတော့ ၁၄ လထားပြီး ပြန်ပြောင်းတဲ့အခါမှာလည်း သူတို့ကို သုံးနေရာဦးစားပေးခိုင်းပြီးတော့ သူတို့ပေးတဲ့ဦးစားပေးထဲက တစ်ခုရအောင်လုပ်ပေးပါတယ်။ အဲဒီတော့ ကျွန်တော့်အနေနဲ့တော့ Specialist Medicine (ဆေးပညာ)နဲ့ သားဖွားမီးယပ်ကို ကျွန်တော်တို့ အမြန်ဆုံး EC ။ ဆိုလိုတာက လာမယ့်အပတ်မှာ ကျွန်တော်တို့ EC လုပ်ပါမယ်။ ဒီအပတ် အတွင်းမှာပါ။ အဲဒီမှာ ကျွန်တော်တို့ တတ်နိုင်သမျှ ထည့်ပေးဖို့ ဒီကနေ လေးစားစွာ ကျွန်တော် ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ထားဝယ်ပြည်သူ့ဆေးရုံကြီးကို လက်ရှိ ခုတင်(၂၀၀)အဆင့်မှ ခုတင်(၅၀၀)အဆင့်ရှိ ဆေးရုံကြီးအဖြစ် တိုးချဲ့ခွင့်ပြုဖွင့်လှစ်ရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ထားဝယ်မဲဆန္ဒနယ်မှ ဦးအောင်စိန် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးအောင်စိန်(ထားဝယ်မဲဆန္ဒနယ်)**။ ။ လေးစားအပ်တဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ ဦးစွာနှုတ်ခွန်းဆက်သပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ် ပြည်သူ့ဆေးရုံကြီးကို လက်ရှိခုတင်(၂၀၀)အဆင့်မှ ခုတင်(၅၀၀)အဆင့်ရှိဆေးရုံကြီးအဖြစ် တိုးချဲ့ ခွင့်ပြုဖွင့်လှစ်ပေးရန်အစီအစဉ်ရှိ/မရှိသိလို၍ ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းရခြင်းဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ တနင်္သာရီတိုင်းဒေသကြီးမှာ မြို့နယ်ပေါင်း ၁၀ မြို့နယ်ရှိပါ တယ်။ တိုင်းအတွင်းမှာ လူဦးရေအားဖြင့် ၂၀၁၇ ခုနှစ် ဒီဇင်ဘာလကုန်အထိ ၁၃၄၁၀၇၄ ဦးရှိပါတယ်။ ခရိုင်အားဖြင့် သုံးခုရှိပြီးတော့ ခရိုင်လူဦးရေအားဖြင့် လေးသိန်းကျော်ရှိပါတယ်။ အဲဒီအတွက်ကြောင့် ကျွန်တော်တို့ ထားဝယ်မြို့နယ်တစ်ခုတည်းမှာတင် ၁၂၆၀၀၀ ကျော်ရှိပါတယ်။ အဲဒီတော့ တိုင်းဒေသကြီးရဲ့မြို့တော်မှာ ထားဝယ်ဖြစ်ပြီးတော့ တိုင်းအစိုးရရုံးစိုက်ရာမြို့လည်းဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ထားဝယ်ပြည်သူ့ဆေးရုံကြီးသမိုင်းကြောင်းကို အနည်းငယ် တင်ပြမယ်။ ထားဝယ်ပြည်သူ့ဆေးရုံကြီးကို မြေဧရိယာ ၁၂.၃၂ ဧကပေါ်မှာရှိပြီးတော့ ၁၉၀၉ ခုနှစ်

ကတည်းက ပထမအကြိမ် ပြင်ပလူနာဆေးကုခန်းအဖြစ်စတင်ခဲ့ကြောင်း၊ ထို့နောက် ၁၉၃၈ ခုနှစ်မှာ Governor of Burma ဘုရင်ခံချုပ်ကြီးကနေပြီးတော့ ဆာအာချီရာဒေါ့ခရက်ကိုရီး ဆိုတဲ့ပုဂ္ဂိုလ်က နေပြီးတော့ အုတ်မြစ်ချခဲ့ပါတယ်။ အဲဒီနောက်ပိုင်းမှာ ၁၉၃၉ ခုနှစ်မှာ ခုတင်(၁၀၀)အဆင့်(၁) ဆေးရုံကြီးအဖြစ်လည်းကောင်း၊ ၁၉၄၅ ခုနှစ်မှာ ခရိုင်ဆေးရုံအဖြစ်လည်းကောင်း၊ ၁၉၉၇ ခုနှစ်မှာ အထူးကုဆေးရုံကြီးအဖြစ်လည်းကောင်း၊ ၁၉၉၁ ခုနှစ်မှာ ခုတင်(၂၀၀) အဆင့်ဆေးရုံကြီးအဖြစ် လည်းကောင်း၊ ၂၀၁၂ ခုနှစ်မှာ စံမီခုတင်(၂၀၀) ဆေးရုံကြီးအဖြစ်လည်းကောင်းတိုးမြှင့်၍ စဉ်ဆက် မပြတ်လူနာများကို ကုသပေးလျက်ရှိပါတယ်။ လူနာအခြေအနေကိုတင်ပြရလျှင် ထားဝယ်မြို့ ပြည်သူ့ ဆေးရုံကြီးမှာ တက်ရောက်ကုသတဲ့ လူနာအရေအတွက်ကြည့်လျှင် ၂၀၁၆ ခုနှစ်မှာ တစ်နေ့လျှင် ပျမ်းမျှပြင်ပလူနာ ၂၀၁ ဦးရှိကြောင်းနှင့် အတွင်းလူနာအဖြစ် ပျမ်းမျှ ၂၉၀ ဦးရှိကြောင်း သိရပါတယ်။ ယခုအခါ ကျွန်တော်တို့ ခုတင်(၂၀၀) အဆင့်သာ သတ်မှတ်ထားဆဲဖြစ်တဲ့အတွက်ကြောင့် တစ်ခါတရံ မှာ အတွင်းမှာလူနာများထားဖို့နေရာမရှိတဲ့အခါမှာ အပြင်ကော်ရစ်တာမှာ လူနာများပြည့်ကျပ်နေသည် ကိုတွေ့ရပါတယ်။ သို့သော် တာဝန်ကျဆရာဆရာမများ၊ သက်ဆိုင်ရာသူနာပြုများက စိတ်ရှည် လက်ရှည် ကုသပေးလျက်ရှိသည်ကိုလည်း တွေ့ရပါတယ်။ ၁၉၉၉ ခုနှစ်ကတည်းက နှစ်ထပ် အဆောက်အဦတစ်ခုထားပြီးတော့ ကုသရသော်လည်း နှစ်ထပ်အဆောက်အဦနှစ်ခုကိုဖွင့်လှစ်ပြီး ယခုအခါ ငါးထပ်အဆောက်အဦတစ်ခုကိုပင် ဆောက်လုပ်နေတာတွေ့ရပါတယ်။ အဆောက်အဦတွေ ဘယ်လိုပဲများပါစေ။ ကျွန်တော်တို့ တနင်္သာရီတိုင်းဒေသကြီးအတွင်းမှာရှိတဲ့ နှလုံး၊ ဦးနှောက်နဲ့ အာရုံကြော၊ စိတ်ရောဂါ၊ မှုခင်းဆိုင်ရာ၊ မေ့ဆေး၊ ကျောက်ကပ်၊ အစာအိမ်နဲ့အူလမ်းကြောင်းဆိုင်ရာ ဆေးကုဌာနများမရှိတဲ့အတွက်ကြောင့် လူနာများဟာ အနီးဆုံးမိုင် ၄၀၀ ကျော်ဝေးတဲ့ ရန်ကုန် ဆေးရုံကြီးကို သွားရောက်ကုသနေရတဲ့ အခက်အခဲများစွာရှိကြပါတယ်။

သို့ပါ၍ ကျွန်တော်တို့ တနင်္သာရီတိုင်းဒေသကြီးရှိ အမှန်တကယ် ခုတင်(၅၀၀)အဆင့်ရှိ ဆေးရုံကြီးတစ်ခုလိုအပ်နေပါတယ်။ ထို့ကြောင့် ကျွန်တော်တို့ မြို့နယ်အသီးသီးမှ ရောဂါဝေဒနာရှင် များအတွက် အနီးဆုံးတက်ရောက်ကုသနိုင်တဲ့ဆေးရုံအဖြစ် ထားဝယ်မြို့ ပြည်သူ့ဆေးရုံကြီးကို ခုတင် (၅၀၀)အဆင့်သို့ တိုးချဲ့ဖွင့်လှစ်ခွင့်ပြုပေးနိုင်ရန်အစီအစဉ်ရှိ/မရှိ၊ ရှိပါက မည်သည့်အချိန်တွင် လည်းကောင်း၊ မရှိပါက မည်သည့်အတွက်မရှိသည်ကိုသိလို၍ ပြည်သူများကိုယ်စား ဥက္ကဋ္ဌကြီးမှ တစ်ဆင့်မေးမြန်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာမြင့်ထွေး(ပြည်ထောင်စုဝန်ကြီး၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော့်အနေနဲ့ တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်စိန်၏မေးခွန်းဖြစ်သော ထားဝယ်ဆေးရုံကြီးကို ကုတင်(၂၀၀)မှ(၅၀၀)အဆင့်ဆေးရုံသို့ တိုးနိုင်/မတိုးနိုင်ကိစ္စနှင့်ဖြေကြားမှာ ဖြစ်ပါတယ်။ ထားဝယ်မြို့မှာတော့ ကျွန်တော်တို့ ကုတင်(၂၀၀) ဆေးရုံတစ်ရုံနှင့် နောက်ထပ်တိုက်နယ်ဆေးရုံတစ်ရုံ စုစုပေါင်းနှစ်ရုံပဲရှိပါတယ်။ မှန်ပါတယ်။ သို့သော်

ကျွန်တော်တို့ ဒီထားဝယ်ဆေးရုံကြီးရဲ့ ကျွန်တော်တို့ရဲ့ Patient ဆေးရုံတက်ရောက်မှု၊ ကုတင် အသုံးပြုမှုနှုန်းကိုကြည့်တဲ့အခါမှာ တက်မလာပါဘူး။ နည်းနည်းတော့ တက်ပါတယ်။ ၂၀၁၃ ခုနှစ် ကနေပြီးတော့ ၂၀၁၇ ခုနှစ်ကို ၉၆ ရာခိုင်နှုန်း၊ ၁၂၂ ရာခိုင်နှုန်း၊ ၁၄၅ ရာခိုင်နှုန်း၊ ၁၃၆ ရာခိုင်နှုန်း ပျမ်းမျှငါးနှစ်စာ ၁၂၈.၈ ရာခိုင်နှုန်း၊ ၁၃၀ ရာခိုင်နှုန်းပဲရှိပါတယ်။ ကျွန်တော်တို့ ဒီလို ဆေးရုံတစ်ရုံကို (၂၀၀)ကနေ (၅၀၀)တင်မယ်ဆိုရင် အနည်းဆုံး (၁၅၀)ခုတင်အသုံးပြုနှုန်းက ရှိဖို့လိုပါတယ်။ တစ်နေ့ ပျမ်းမျှ အတွင်းလူနာကတော့ များပါတယ်။ တော်တော်လေး ၂၀၀ ကျော်ကနေ ၃၀၀ နီးပါးရှိပါတယ်။ ၂၅၉ ပြင်ပလူနာကတော့ နည်းပါတယ်။ ကျွန်တော်တို့ ဒီဆေးရုံကိုပြန်ကြည့်တဲ့အခါမှာ ဒီဆေးရုံမှာ အထူးကုဆရာဝန် ၂၂ ဦးရှိပါတယ်။ လက်ထောက်ဆရာဝန်ပေါင်း ၃၉ ဦးရှိပါတယ်။ သူနာပြုပေါင်း ၁၉၀ ဦးရှိပါတယ်။ ကျွမ်းကျင်ဝန်ထမ်း ၃၅ ဦးရှိပါတယ်။ အခြားဝန်ထမ်း ၆၉ ဦး စုစုပေါင်း ဝန်ထမ်းပေါင်း ၃၅၅ ဦး ရှိသင့်တဲ့ဝန်ထမ်းက ၅၉၄ ဆိုတော့ ၆၀ ရာခိုင်နှုန်းသောဝန်ထမ်း အခြေအနေမဆိုးပါဘူး။ အခြားခုတင်(၂၀၀)ဆေးရုံကြီးနဲ့ကြည့်မယ်ဆိုရင် အခြေအနေကောင်းပါ တယ်။ အကယ်၍ ဒီလို ခုတင်(၂၀၀)မှာဆိုလို့ရှိရင် ကျွန်တော်တို့က Specialist က သူဆေးရုံမှာ ရှိတာက ၁၃ မျိုးရှိပါတယ်။ ခွဲစိတ်ရယ်၊ Medicine ရယ်၊ သားဖွားမီးယပ်၊ ကလေး၊ အရိုး၊ မေ့ဆေး၊ မျက်စိ၊ သွား၊ ရောဂါဗေဒ၊ နား၊ နှာခေါင်း၊ လည်ချောင်း၊ ဓာတ်မှန်၊ phonetics Medicine ရယ် နောက် ဒီ Skin Methodology ရှိပါတယ်။ အကယ်၍သာ ကျွန်တော်တို့က ဒါကို ၅၀၀ တင်မယ်ဆိုရင် Specialist က ၂၈ မျိုးပေးရမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ လောလောဆယ်အခြေအနေမပေးနိုင် သေးပါဘူး။ သို့သော်လည်း ဒီခုတင်ကျပ်မှုအတွက်ကို ကျွန်တော်က ဒီမှာ ငါးထပ်ဆေးရုံကြီး ဆောက်တာပြီးတော့ပါမယ်။ ဒီနှစ်မှာ ပြီးမယ်။ ကျွန်တော် ဒီနှစ်မှာ ၂၀၁၈-၂၀၁၉ မှာ ကျွန်တော်တို့က သိန်း ၁၆၀၃ သိန်း ပြီးရင် ဒီဆေးရုံကြီးပြီးသွားပါတယ်။ အဲဒီတော့ လူနာဦးရေအားဖြင့်တော့ မကျပ်တော့ပါဘူး။ လူနာများပါတယ်။ မှန်ပါတယ်။ သို့သော် ဒီငါးထပ်ဆောင်ကြီး တော်တော်ကောင်း ပါတယ်။ ဒါကြီးပြီးသွားရင် ဒီလူနာတွေက ဒီမှာလုပ်လို့ရှိရင် တော်တော်လေးသက်သာချောင်ချိသွားမှာ ဒီမှာ မရှိတဲ့ Specialist ကိုကြည့်တဲ့အခါမှာ နယူဒိုဦးနှောက်အာရုံကြောမရှိဘူး။ ဒီ Psychologist၊ ဒီစိတ်ရောဂါမရှိဘူး။ GI Kidney မရှိဘူး။ သို့သော်လည်း ကျွန်တော်တို့မှာ Specialist Surgery Surgeon သုံးယောက်ရှိပါတယ်။ ဒီခွဲစိတ်ဆရာဝန်သုံးယောက်သည် ကျောက်ကပ်လည်းဖြစ်လို့ ရှိရင်လည်း တော်တော်များများက ခွဲနိုင်ပါတယ်။ GI(Gastro Intestinal) အစာအိမ်အူလမ်းကြောင်း တစ်လျှောက်မှာလည်း ခွဲနိုင်တဲ့အရည်အသွေးရှိပါတယ်။ အဲဒီတော့ ဒီလိုလောလောဆယ်ရှိနေတဲ့ အတွက် ကျွန်တော်တို့က ပြဿနာတော့မရှိဘူး။ သို့သော်လည်း ရှိရင်ရှိသလို ကျွန်တော်တို့က လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့ ထားဝယ်ကိုပေးပါမယ်။ ထားဝယ်က မြို့ကြီးလည်းဖြစ်တဲ့အတွက် မေ့မထားပါဘူး။ ပေးပါမယ်။ လောလောဆယ်ကတော့ ဆက်ပြီးတော့ ဒီ(၅၀၀)ကြီးကိုတော့ မပေးသေး ပါဘူး။ ဘယ်လိုမှ ပေးမယ့်အခြေအနေလည်း မရှိပါဘူး။ ပေးလို့ရှိရင်လည်း ဝန်ထမ်းမခန့်နိုင်ပါဘူး။ အဲဒါကြောင့် ကျွန်တော် မပေးပါဘူး။ သို့သော်လည်း ကျန်တဲ့ဆရာဝန်တွေကတော့ လုပ်ငန်းလိုအပ် ချက်အရ ကျွန်တော်တို့က ဘယ်လိုလုပ်မလဲဆိုရင် ဒီဆေးရုံမှာလာတဲ့ လူနာတွေကို ခွဲစိတ်လူနာတွေ ဆိုရင် ဥပမာ - ဦးနှောက်၊ အာရုံကြောလို လူနာများသလား၊ များရင် ကျွန်တော် အဲဒါပို့ပေးမယ်။ စိတ်ရောဂါနဲ့ တက်တဲ့သူများရင် Psychologist ပို့ပေးမယ်။ ကျောက်ကပ်အရမ်းများနေရင်

ကျောက်ကပ် အဲဒီလိုပို့ပေးမယ်။ ကျွန်တော်တို့မှာ လောလောဆယ်မရသေးပါဘူး။ နောက်ထပ် လေးနှစ်လောက်မှ ဆရာဝန်တွေ တော်တော်ရဖို့ရှိတယ်။ အခု အများကြီးတိုးထုတ်နေပါတယ်။ ဒီနှစ်မှာလည်း အောင်ထွက်လာမယ်။ တော်တော်များများအောင်ထွက်လာမယ်။ အောင်ထွက်လာ ရင်တော့ ဒီလိုထားဝယ်လို ဆေးရုံကြီးကိုတော့ လုံးဝပစ်မထားပါဘူး။ ကျွန်တော် ဆောင်ရွက်ပေး ပါမယ်။ ဒီကြားထဲမှာလည်း အခြားလိုအပ်ချက်ရှိရင် ကျွန်တော့်ကို ဒီမှာမမေးဘဲနဲ့ လွှတ်တော် ကိုယ်စားလှယ်ကြီးက ကျွန်တော့်ကို တိုက်ရိုက်တယ်လီဖုန်းဆက်ပြီး မေးပြီးတော့လုပ်ရင် ကျွန်တော် အားလုံးတာဝန်ယူဆောင်ရွက်ပေးပါမယ်။ ခုတင်(၅၀၀)သာဆံ့မယ်ဆိုရင် ဝန်ထမ်းပေါင်း ၈၈၂ ဦးခန့် ရပါမယ်ခင်ဗျား။ ဒါတွေက လောလောဆယ်အချိန်အခါအရတော့ မရသေးပါဘူး။ ဒါပေမဲ့ အမြဲမပြတ် ဒါကို Situation Monitor လုပ်ပြီးတော့ လုပ်ပေးမယ်ဖြစ်ကြောင်း ဖြေကြားအပ်ပါတယ်။

**ဖလမ်းမြို့နယ်၊ ရမ်တလိုရွာ ကျေးလက်ကျန်းမာရေးဌာနခွဲအား ကျေးလက်ကျန်းမာရေးဌာန(Rural Health Center)အဖြစ် တိုးမြှင့်ဖွင့်လှစ်ပေးရန် အစီအစဉ်ရှိ/ မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဖလမ်းမဲဆန္ဒနယ်မှ ဒေါက်တာဆလိုင်းရီယန်းဗဲလ် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါက်တာဆလိုင်းရီယန်းဗဲလ်(ဖလမ်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့ လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာပါ။ ကျွန်တော်ကတော့ ချင်းပြည်နယ်၊ ဖလမ်းမဲဆန္ဒနယ်မှ ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဆလိုင်းရီယန်းဗဲလ် ဖြစ်ပါတယ်။ ကျွန်တော်မေးမြန်းလိုတဲ့မေးခွန်း ကတော့ ချင်းပြည်နယ်၊ ဖလမ်းမြို့နယ်၊ ရမ်တလိုရွာ ကျေးလက်ကျန်းမာရေးဌာနခွဲအား ကျေးလက် ကျန်းမာရေးဌာန(Rural Health Center)အဖြစ် တိုးမြှင့်ပေးပါရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်း သည့်မေးခွန်းကို မေးမြန်းသွားမှာဖြစ်ပါတယ်။ ကျွန်တော်မေးမြန်းရသည့်အကြောင်းရင်းကတော့ ဝေးလံခေါင်သီပြီး လမ်းပန်းဆက်သွယ်ရေးအလွန်ခက်ခဲတဲ့ဒေသမှာ ကျန်းမာရေးစောင့်ရှောက်မှုကို ထိရောက်စွာ လွှမ်းခြုံနိုင်စေရန်အတွက် မေးမြန်းရခြင်းဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ချင်းပြည်နယ်၊ ဖလမ်းမြို့နယ်၊ ဖလမ်းမြို့ ခုတင်(၂၀၀)ဆံ့ဆေးရုံတစ်ရုံ၊ ဖလမ်းမြို့သူနာပြုသင်တန်းကျောင်းတစ်ကျောင်း၊ တိုက်နယ်ဆေးရုံသုံးရုံ၊ ကျေးလက်ကျန်းမာရေးဌာန ရှစ်ခု၊ ကျေးလက်ကျန်းမာရေးဌာနခွဲ ၃၆ ခုဖွင့်လှစ်လျက်ရှိပါတယ်။ အဆိုပါကျေးလက်ကျန်းမာရေး ဌာနခွဲများအနက် ရမ်တလိုရွာ ကျေးလက်ကျန်းမာရေးဌာနခွဲသည် အရှေ့ဘက် လာလွန်ရွာ ကျေးလက် ကျန်းမာရေးဌာနမှ မိုင် ၆၀၊ အနောက်ဘက် ဆယ်ပီးရွာ ကျေးလက်ကျန်းမရေးဌာနမှ ၅၂ မိုင်၊ မြောက်ဘက် တီးဘွာလ်တိုက်နယ်ဆေးရုံမှ မိုင် ၆၀ ကွာဝေးပြီး ဖလမ်း-ဟားခါး ကားလမ်းမပေါ်တွင် တည်ရှိပါတယ်။ ချင်းပြည်နယ်သည် လမ်းပန်းဆက်သွယ်ရေးခက်ခဲခြင်း၊ ပြည်သူလူထုအများစုမှာ ဝင်ငွေနည်းပါးပြီး ဆင်းရဲနွမ်းပါးခြင်း၊ ကျန်းမာရေးဝန်ထမ်းနှင့် ဆေးဝါးလုံလောက်မှုမရှိခြင်း စသည့် အခြေအနေများနှင့် ရင်ဆိုင်နေကြရဆဲဖြစ်ပါတယ်။ ရမ်တလိုရွာတွင် ကျေးလက်ကျန်းမာရေး ဌာန(Rural Health Center) ဖွင့်လှစ်ပေးပါက ရွာပေါင်း ၁၃ ရွာ၊ လူဦးရေအားဖြင့် လေးထောင် ကျော် ကျန်းမာရေးအတွက် အကျိုးပြုနိုင်မှာဖြစ်ပါတယ်။ ရမ်တလိုရွာသည် မဟာခေတ်အားလိုင်းမှ လျှပ်စစ်မီး ၂၄ နာရီရရှိပြီး သောက်သုံးရေဖူလုံစွာရရှိပါတယ်။ ဌာနဆိုင်ရာအဖွဲ့အစည်းကိုးခုရှိပြီး

ကျန်းမာရေးဌာနအတွက် မြေ ၂ ဒသမဇကေပေါ်တွင် ဂျပန်အကူအညီဖြင့် ဆောက်လုပ်ထားသော အဆောက်အဦ ကွန်ကရစ်ခင်း၊ အုတ်စီ၊ သွပ်မိုးတစ်လုံးရှိထားပြီးသားဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ ဖလမ်းမြို့နယ်၊ ရမ်တလိုရွာ ကျေးလက်ကျန်းမာရေးဌာနခွဲအား ကျေးလက်ကျန်းမာရေးဌာန(Rural Health Center)အဖြစ် တိုးမြှင့်ဖွင့်လှစ်ပေးပါရန် အစီအစဉ်ရှိ/မရှိကို ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာမြင့်ထွေး(ပြည်ထောင်စုဝန်ကြီး၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော့်အနေနဲ့ ချင်းပြည်နယ်၊ ဖလမ်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာ ဆလိုင်းရီယန်းဗဲလ်၏မေးခွန်းအား ဖြေကြားမှာဖြစ်ပါတယ်။ မေးခွန်းမှာကတော့ ချင်းပြည်နယ်၊ ဖလမ်းမြို့နယ်၊ ရမ်တလိုကျေးလက်ကျန်းမာရေးဌာနခွဲကို ကျေးလက်ကျန်းမာရေးဌာနအဖြစ် အဆင့်မြှင့်ဖို့ကိစ္စ ဖြစ်ပါတယ်။ အဲဒီတော့ ချင်းပြည်နယ်မှာ ဖလမ်းမြို့နယ်ကို ကျွန်တော်တို့က ကြည့်တဲ့အခါမှာ Station Health Unit တစ်ခုရှိပါတယ်။ ကျေးလက်ကျန်းမာရေးဌာန(Rural Health Center) ကိုးခု၊ ကျေးလက်ကျန်းမာရေးဌာနခွဲ(Sub-Center) ၃၆ ခု၊ မိခင်နှင့်ကလေးကျန်းမာရေးဌာန တစ်ခုရှိပါတယ်။ ဝန်ထမ်းအင်အားအနေနဲ့ကတော့ ကျွန်တော်တို့ ပြည်သူ့ကျန်းမာရေးကိစ္စတွေမှာ ကျန်းမာရေးမှူးတစ်ဦး၊ လက်ထောက်ကျန်းမာရေးမှူးငါးဦး၊ မြို့နယ်သူနာပြုအဆင့်တစ်ဦး၊ ကျန်းမာရေးကြီးကြပ်(၁)က နှစ်ဦး၊ ကျန်းမာရေးဆရာမငါးဦးနှင့် သားဖွားဆရာမ ၄၅ ဦး၊ ကျန်းမာရေးကြီးကြပ်(၂)က ၄၂ ဦးတို့ဖြင့် ၅၀၀၀၀ ကျော်သောပြည်သူများအား ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးပါတယ်။ ကျွန်တော်တို့ ဒီ ရမ်တလိုကျေးရွာကိုမြေပုံမှာကြည့်တဲ့အခါမှာ ကျေးလက်ကျန်းမာရေးဌာနက ဆယ်ပီးကျေးလက်ကျန်းမာရေးဌာနနဲ့ဆိုရင် သူ့မြောက်ဘက်မှာရှိတာဆိုရင် ၃၈ မိုင်ဝေးပြီး ကား၊ မော်တော်ဆိုင်ကယ်တို့နဲ့ သွားလို့ရပါတယ်။ ခက်ခဲပါတယ်။ ရမ်တလိုကျေးလက် ကျန်းမာရေးဌာနရဲ့ နေရာကိုကြည့်တဲ့အခါမှာလည်း သူ့မှာ ကျေးလက်ကျန်းမာရေးဌာနပေးမယ်ဆိုရင် သူ့အနောက်မှာ ကပ်တဲ့ ထန်တလန်နှင့် ဟားခါးဘက်မှာနေတဲ့ ပြည်သူများကိုလည်း သူက ဝန်ဆောင်မှု ပေးနိုင်တာကိုလည်း သွားတွေ့ရပါတယ်။ ရမ်တလိုသည် ဟားခါး-ဖလမ်း-ကလေးလမ်းမကြီးပေါ်မှာတည်ရှိပြီးတော့ ဖလမ်းဆေးရုံနဲ့တော့ ၂၂ မိုင်ဝေးတာတွေ့ရပါတယ်။ သူ့အောက်မှာ ရွာကတော့ သုံးရွာရှိတာ တွေ့ရပါတယ်။ သူ့ကို ကျွန်တော်တို့ ပြန်လည်ပြီးတော့ သုံးသပ်ပါတယ်။ ကျွန်တော်တို့ ကျေးလက်ကျန်းမာရေးဌာန ပေးသင့်/မပေးသင့်ဆိုတဲ့အခါကျတော့ မပေးသင့်တဲ့အချက်က သုံးခုရှိနေတာ တွေ့သော်ငြားလည်း လမ်းပန်းဆက်သွယ်ရေးဟာ အလွန်ခက်ခဲပါတယ်။ ကျွန်တော်လည်း ချင်းကို နှစ်ခေါက်လောက်ရောက်ဖူးတဲ့အခါကျတော့ တော်တော်ခက်ခဲတဲ့အတွက် ကျန်းမာရေးစောင့်ရှောက်မှု ပေးဖို့အတွက်ကို ကျွန်တော်တို့ ဒါကိုလုပ်ပေးပါမယ်။ အဲဒီတော့ ဒီ ၂၀၁၈-၂၀၁၉ ခုနှစ်မှာ ကျွန်တော်တို့က ဒီမှာပါသွားအောင် ပထမဦးစားပေးလုပ်ပေးပါမယ်။ ခွင့်ပြုမိန့်ရရှိဖို့အတွက်ကို ၂၀၁၈-၂၀၁၉ ခုနှစ်မှာ အမျိုးသားကျန်းမာရေးစီမံကိန်းနှင့်ညှိနှိုင်းပြီးတော့ စီမံကိန်းနှင့် ဖွဲ့စည်းပုံစိစစ်

ရေးအဖွဲ့နှင့်သော်လည်းကောင်း၊ ရသုံးမှန်းခြေဦးစီးများနှင့်လည်းကောင်း၊ ပြီးရင် ကျွန်တော်တို့ ပြည်ထောင်စုအစိုးရရုံးနှင့် ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးကို တင်ပြပြီးတော့ ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း လေးစားစွာ ဖြေကြားအပ်ပါတယ်ခင်ဗျား။

**ငါန်းဇွန်မြို့နယ်၊ သားကျောင်အုပ်စု၊ သားကျောင်ရွာတွင် တိုက်နယ်ဆေးရုံတစ်ရုံဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ငါန်းဇွန်မဲဆန္ဒနယ်မှ ဦးမင်းသိန်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးမင်းသိန်း(ငါန်းဇွန်မဲဆန္ဒနယ်)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအဆင့်ဝန်ကြီးများနှင့် ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ဦးစွာ နှုတ်ခွန်းဆက်သပါတယ်။ ကျွန်တော်မေးမြန်းမယ့်မေးခွန်းကတော့ ကျွန်တော်တို့ မြို့နယ်ကျေးရွာတစ်ရွာမှာ တိုက်နယ်ဆေးရုံတစ်ရုံ အမှန်တကယ်လိုအပ်နေတဲ့အတွက် ဆောက်လုပ်ပေးဖို့အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းပြီး မေးမြန်းသွားမှာဖြစ်ပါတယ်။ ကျွန်တော်တို့မြို့နယ်က ထူးခြားတဲ့ မြို့နယ်တစ်ခုပါ။ ၁၉၉၉ ခုနှစ်မှာ စစ်ကိုင်းတိုင်းဒေသကြီးထဲမှာရှိခဲ့ပြီးတော့ ၂၀၀၀ ခုနှစ်မှာ မန္တလေးတိုင်းဒေသကြီးကို ပြောင်းရွှေ့တာဖြစ်တဲ့အတွက် မှတ်ပုံတင်မှာလည်း (၅/)နဲ့ (၉/) နှစ်ခုခွဲပြီးတော့ အမြဲတမ်းဖြေရှင်းနေရတဲ့မြို့နယ်ဖြစ်ပါတယ်။ နောက်တစ်ခါ အဆင်းရဲဆုံးမြို့နယ်လည်းဖြစ်တဲ့အတွက် ကမ္ဘာ့ဘဏ်ကချေးငွေနဲ့ကျွန်တော်တို့ လူထုဗဟိုပြု UCDDP စီမံကိန်း ပထမဦးစွာရခဲ့တဲ့မြို့နယ်လည်း ဖြစ်ပါတယ်။ မြို့နယ်ရဲ့တည်နေရာလေးကလည်း ထူးခြားပါတယ်။ မြင်းနှစ်ကောင်ကြား နွားမြောက်နား တံတားအနောက်မှာ ငါန်းဇွန်ပါလို့ စာချိုးရလောက်အောင် မြင်းခြံ၊ မြင်းမူနှစ်မြို့နယ်ကြား နွားထိုးကြီးရဲ့မြောက်ဘက် တံတားဦးရဲ့အနောက်ဘက်မှာ ကျွန်တော်တို့မြို့နယ်တည်ရှိပါတယ်။ သွားရေးလာရေးလည်း အင်မတန်ခက်ခဲပါတယ်။ ရေဝင်ဒေသတွေလည်းများတဲ့အတွက် အခုတောင်းတဲ့ သားကျောင်အုပ်စု၊ တိုက်နယ်ဆေးရုံ စတင်ဖြစ်ပေါ်လာပုံကတော့ ၆-၅-၂၀၁၇ မှာ ကျွန်တော်တို့ လူထုတွေ့ဆုံပွဲလုပ်ပါတယ်။ လူထုက ဆေးရုံတစ်ရုံတောင်းပေးဖို့တင်ပြတဲ့အခါမှာ နိုင်ငံတော်အနေနဲ့မြေယာပြဿနာ အခက်အခဲရှိနိုင်တဲ့အတွက် လူကြီးမင်းတို့အနေနဲ့ အလှူခံလို့ပဲဖြစ်စေ၊ ဝယ်လို့ပဲဖြစ်စေ မြေနေရာရရင်တော့ ဆက်ပြီးဆောင်ရွက်ပေးပါမယ်လို့ အဲကတည်းက ကျွန်တော်ဖြေကြားခဲ့ပါတယ်။ အဲဒီမှာ တိုင်းဒေသကြီးကိုယ်စားလှယ်နဲ့ ရပ်ကွက်နှင့် ကျေးရွာအုပ်ချုပ်ရေးမှူးနဲ့ ရွာမိရွာဖတွေနဲ့ပေါင်းပြီးတော့ အလှူခံ ဆောင်ရွက်လိုက်တဲ့အခါမှာ မြေဧက ၅ ဧကကျော် လှူတဲ့ပုဂ္ဂိုလ်တစ်ဦးပေါ်ထွက်လာခဲ့တဲ့အတွက် အဲဒီမှာ ပုံစံ(၇)ရရှိရေး၊ နောက်တစ်ခါ အခြားနည်းသုံးစွဲဖို့၊ နောက်တစ်ခါ မြေဂရန်ရရှိဖို့တွေ အဆင့်ဆင့်ဆောင်ရွက်ထားပြီးဖြစ်ပါတယ်။ သားကျောင်ရွာရဲ့မြောက်ဘက်ခြမ်းဟာ ရေဝင်ဒေသဖြစ်တဲ့အတွက် အနည်းဆုံးငါးလလောက် ရေထဲမှာနေရတာဖြစ်ပါတယ်။ လွှမ်းခြုံဧရိယာနဲ့ လူဦးရေလည်း ထူထပ်တဲ့ စိုက်ပျိုးမြေဧရိယာတွေ ကျယ်ဝန်းတဲ့ဒေသဖြစ်တဲ့အတွက် အဲဒီမှာရှိတဲ့ဒေသခံပြည်သူပြည်သားများက၊ မဲဆန္ဒရှင်များက တိုက်နယ်ဆေးရုံတစ်ရုံဆောက်လုပ်ပေးဖို့ တောင်းဆိုချက်နှင့်ပတ်သက်ပြီး မြို့နယ်ဆရာဝန်တွေနဲ့ညှိနှိုင်းပြီးတော့ အမှုတွဲတည်ဆောက်ခိုင်းပါတယ်။ ခရိုင်တို့၊ တိုင်းဒေသကြီးတို့တင်တဲ့ အမှုတွဲကို ကျွန်တော့်ဆီကို မိတ္တူတစ်စုံပို့ခိုင်းပြီးတော့ အပေါ်စာနဲ့ ကြယ်ပွင့်ပြမေးခွန်းမေးလိုက်တာဖြစ်တဲ့အတွက် မဲဆန္ဒရှင်ပြည်သူများနှင့်အတူ အဖြေကောင်းကိုစောင့်မျှော်ရင်းနဲ့

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာမေးမြန်းလိုက်ရပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာမြင့်ထွေး(ပြည်ထောင်စုဝန်ကြီး၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော့်အနေနဲ့ မန္တလေးတိုင်းဒေသကြီး၊ ငါန်းဇွန်မဲဆန္ဒနယ်မှ ဦးမင်းသိန်း၏မေးခွန်းဖြစ်သော မန္တလေးတိုင်းဒေသကြီး၊ ငါန်းဇွန်မြို့နယ်၊ သားကျင်အုပ်စု၊ သားကျင်ရွာတွင် အမှန်တကယ်လိုအပ်လျက်ရှိသော တိုက်နယ်ဆေးရုံတစ်ရုံဖွင့်မယ့်ကိစ္စနှင့်ပတ်သက်ပြီး ဖြေကြားမှာဖြစ်ပါတယ်။ မန္တလေးတိုင်းဒေသကြီး၊ ငါန်းဇွန်မြို့နယ်ကိုကြည့်လိုက်တဲ့အခါမှာ ခုတင် ၅ဝ ဆံ့ပြည်သူ့ဆေးရုံတစ်ရုံနဲ့ မြို့သာတိုက်နယ်ဆေးရုံတစ်ရုံနှင့် ငါးမျှားကြီးတိုက်နယ်ဆေးရုံ စုစုပေါင်းဆေးရုံသုံးရုံရှိတာကို တွေ့ရပါတယ်။ သားကျင် ကျေးလက်ကျန်းမာရေးဌာနကိုနေရာကိုကြည့်တဲ့အခါမှာ ကျွန်တော့်အနေနဲ့ တိုတိုနဲ့ပြောမယ်ဆိုရင် တိုက်နယ်ဆေးရုံနှစ်ရုံသည် တစ်ရုံနဲ့တစ်ရုံက အနည်းဆုံး ၁ဝ မိုင်အထက် ၁ဝ မိုင်/၁၅ မိုင်ရှိရမယ်။ သားကျင်မှာ တိုက်နယ်ဆေးရုံဆောက်မယ်ဆိုရင် သူနဲ့အနီးဆုံးဖြစ်တဲ့ ငါးမျှားကြီးတိုက်နယ်ဆေးရုံနဲ့ ခြောက်မိုင်ပဲဝေးပါတယ်။ ပြဿနာကဘာလည်းဆိုရင် ကျွန်တော်တို့ ပြဿနာမဟုတ်ပါဘူး။ ပြဿနာက လမ်းပန်းဆက်သွယ်ရေးမကောင်းတာပါ။ ဝန်ကြီးဌာနက ဒီလမ်းကိုပြင်ပေးလိုက်ရင် ခြောက်မိုင်ပဲဝေးပါတယ်။ ၁၅ မိနစ်နဲ့သွားလို့ရပါတယ်။ ဒီကိစ္စမှာ ဆေးရုံတစ်ရုံဆောက်မယ့်အစား လမ်းကိုသေချာလုပ်ပေးလို့ရှိရင် ငါးမျှားကြီးတိုက်နယ်ဆေးရုံကို သူတို့သွားလို့ရပါတယ်။ အဓိက အဲဒါပါပဲ။ တိုက်နယ်ဆေးရုံ နှစ်ရုံကတော့ ခြောက်မိုင်အတွင်းမှာ ဘယ်လိုနည်းနဲ့မှ ဆောက်ပေးလို့မရပါဘူး။ အဲဒါကို ကျွန်တော် လေးစားစွာဖြေကြားအပ်ပါတယ်။ သူ့ရဲ့ Criteria တွေကိုကြည့်တဲ့အခါမှာ နှစ်ချက်ကမမိဘူး ဖြစ်နေပါတယ်။ အဲဒါကိုတော့ နည်းနည်းသည်းခံပေးစေချင်ပါတယ်။ ခြောက်မိုင်လောက်ဝေးတာတော့ ဆေးရုံနှစ်ရုံဆောက်လို့မရပါဘူး။ အဲဒီတော့ သားကျင်တိုက်နယ်ဆေးရုံမှာရှိတဲ့ Rural Health Center တို့ဘာတို့ရှိရင်တော့ ကျွန်တော်တို့ လုံးဝအားဖြည့်မယ်။ ပစ္စည်းအင်အား၊ လူအင်အားနဲ့ အကုန်လုံးအားဖြည့်ပေးမယ်ဖြစ်ကြောင်း လေးစားစွာဖြေကြားအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီနေ့အတွက် မေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်းအစီအစဉ်ပြီးပါပြီ။

## ကျန်းမာရေးနှင့် အားကစားဖွံ့ဖြိုးတိုးတက်ရေးကော်မတီက တင်သွင်းသည့် မြန်မာနိုင်ငံ သွားနှင့်ခံတွင်းဆိုင်ရာဆေးကောင်စီဥပဒေကြမ်းနှင့်စပ်လျဉ်း၍ တင်သွင်းထားသည့် ပြင်ဆင်ချက်အဆိုအား ဆွေးနွေးခြင်းနှင့် လွှတ်တော်၏အဆုံးအဖြတ်ရယူခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျန်းမာရေးနှင့်အားကစားဖွံ့ဖြိုးတိုးတက်ရေးကော်မတီကတင်သွင်းတဲ့ မြန်မာနိုင်ငံသွားနှင့်ခံတွင်းဆိုင်ရာဆေးကောင်စီဥပဒေကြမ်းကို ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၁၃)ရက်မြောက်နေ့ (၆-၂-၂၀၁၈ ရက်နေ့)မှာ

ဥပဒေကြမ်းကော်မတီက အစီရင်ခံစာဖတ်ကြားရှင်းလင်းခြင်း ပြုလုပ်ခဲ့ပါတယ်။ ဒီဥပဒေကြမ်းနှင့် စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆိုတင်သွင်းဆွေးနွေးလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ မိမိ ပြင်ဆင်လိုသည့်အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာ၊ အချက်အလက်များကို တိကျစွာရေးသားဖော်ပြ၍ ၈-၂-၂၀၁၈ ရက်နေ့နောက်ဆုံးထားပြီး အမည်စာရင်းတင်သွင်းရန်တောင်းခံခဲ့ရာ ကိုယ်စားလှယ် သုံးဦးတို့က အမည်စာရင်းတင်သွင်းလာပါတယ်။ ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ဆွေးနွေးအတည်ပြု ခြင်းများ ဆောင်ရွက်ပါမယ်။ ဒီလိုဆွေးနွေးရာမှာ ဥပဒေကြမ်း၏ခေါင်းစဉ်၊ နိဒါန်းမှအစ အပိုဒ်၊ အပိုဒ်ခွဲ များနှင့် ဥပဒေကြမ်းတစ်ခုလုံးပါဝင်မှာဖြစ်ပါတယ်။ အပိုဒ်၊ အပိုဒ်ခွဲအစဉ်လိုက် အတည်ပြုနိုင်ရေး ဆောင်ရွက်ရာမှာ ပြင်ဆင်ချက်မရှိပါက မူလအဆိုပြုပြဋ္ဌာန်းချက်အတိုင်း အတည်ပြုပြဋ္ဌာန်းနိုင်ရေး တင်ပြဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ပြင်ဆင်ချက်ရှိတဲ့အပိုဒ်၊ အပိုဒ်ခွဲများအတွက် ပြင်ဆင်ချက်အဆို တင်သွင်းထားတဲ့ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာအပိုဒ်၊ အပိုဒ်ခွဲအလိုက် ဆွေးနွေးခြင်း များပြုလုပ်ပြီး လွှတ်တော်ရဲ့ဆန္ဒ၊ သဘောထားရယူ၍ ဆုံးဖြတ်အတည်ပြုသွားမှာဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၉၀ နည်းဥပဒေခွဲ(ဃ)အရ မြန်မာနိုင်ငံသွားနှင့်ခံတွင်းဆိုင်ရာဆေးကောင်စီဥပဒေကြမ်း နှင့်စပ်လျဉ်းပြီး ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက်(၆၈)ချက်ကို တင်သွင်းဖို့ဖြစ်ပါတယ်။ ဥပဒေကြမ်းကော်မတီအား ဖိတ်ခေါ်ပါတယ်။

**ဒေါက်တာဝေဖြိုးအောင်(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးနှင့် ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ ဦးစွာပဏာမနှုတ်ခွန်းဆက်ပါတယ်။ ကျွန်တော်ကတော့ သာကေတမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဝေဖြိုးအောင်ဖြစ်ပါတယ်။ ဥပဒေကြမ်းကော်မတီရဲ့ အဖွဲ့ဝင်တစ်ဦးဖြစ်ပါတယ်။ မြန်မာနိုင်ငံသွားနှင့်ခံတွင်းဆိုင်ရာဆေးကောင်စီ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၉၀ အရ လွှတ်တော် မှ အတည်ပြုပေးနိုင်ပါရန် အဆိုတင်သွင်းသွားမှာဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော် ကျန်းမာရေးနှင့် အားကစားဖွံ့ဖြိုးတိုးတက်ရေးကော်မတီက တင်သွင်းသော မြန်မာနိုင်ငံ သွားနှင့်ခံတွင်းဆိုင်ရာ ဆေးကောင်စီဥပဒေကြမ်းကို ပြည်ထောင်စုလွှတ်တော်ရုံးက ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၈၀ နည်းဥပဒေခွဲ(က)အရ ပြည်သူ့လွှတ်တော်တွင် ဆွေးနွေးနိုင်ရန် ပေးပို့လာပါတယ်။ ယင်းဥပဒေကြမ်းကို ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၁၃)ရက်မြောက် နေ့ ၆-၂-၂၀၁၈ ရက်(အင်္ဂါနေ့)တွင် လွှတ်တော်သို့ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၏ စိစစ်လေ့လာချက်အစီရင်ခံစာကို တင်ပြခဲ့ပြီးဖြစ်ပါတယ်။ ပြင်ဆင်ချက်အဆိုများကို ၈-၂-၂၀၁၈ ရက် (ကြာသပတေးနေ့)နောက်ဆုံးထား၍ တင်သွင်းနိုင်ကြောင်း ကြေညာခဲ့ပါတယ်။ တင်သွင်းနိုင်ကြောင်း ကြေညာခဲ့တဲ့အတွက်ကြောင့်မို့လို့ အောက်တွင်ဖော်ပြထားသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် များက ဆွေးနွေးရန်ပြင်ဆင်ချက်အဆိုများ တင်သွင်းလာပါတယ်။ တောင်ဥက္ကလာပမဲဆန္ဒနယ်မှ ဒေါက်တာစောနိုင်၊ တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးထင်လင်းဦး၊ တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးမိုးမြင့်အောင်တို့က ပြင်ဆင်ချက်အဆို

တင်သွင်းလာပါတယ်။ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီသည် ဆွေးနွေးရန်နှင့် ပြင်ဆင်ချက် အဆိုတင်သွင်းသူ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်သူ့လွှတ်တော် ကျန်းမာရေးနှင့် အားကစားဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ ပြည်ထောင်စု ရှေ့နေချုပ်ရုံးနှင့် ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့်အထူးကိစ္စရပ်များလေ့လာဆန်းစစ် သုံးသပ်ရေးကော်မရှင်တို့မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့်အတူ ၁၆-၂-၂၀၁၈ ရက်(သောကြာနေ့)တွင် ညှိနှိုင်းအစည်းအဝေးပွဲကျင်းပပြုလုပ်ခဲ့ပါတယ်။ ယင်းညှိနှိုင်းအစည်းအဝေးပွဲရဲ့ သဘောတူဆုံးဖြတ် ချက်များအရ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ရန်တင်ပြချက် ၆၈ ချက်ဖြစ်ပါ တယ်။ ပြင်ဆင်ရန်တင်ပြချက်များကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များထံ ဖြန့်ဝေထားပြီးဖြစ်ပါ တယ်။ သို့ဖြစ်ပါ၍ အထက်ဖော်ပြပါ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ရန်တင်ပြ ချက် ၆၈ ချက်ကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် လေးစားစွာတင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနရဲ့ သဘောထားပြောပါ။

**ဒေါက်တာမြင့်ထွေး(ပြည်ထောင်စုဝန်ကြီး၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော့်တို့ ဒီမှာသဘောထားကွဲလွဲတဲ့ အချက်နှစ်နေရာရှိပါတယ်။ ပထမတစ်ချက်ကတော့ စာမျက်နှာ ၄ အမှတ်စဉ်(၁၃)မှာဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ကတော့ ဒီဥပဒေကြမ်းကော်မတီက ပြင်ဆင်ချက်တင်ပြထားတဲ့ သွားဘက်ဆိုင်ရာအထောက်အကူပြုသူဆိုသည်မှာကောင်စီက ဤဥပဒေ အရ သွားဘက်ဆိုင်ရာအထောက်အကူပြုသူအဖြစ် အသိအမှတ်လက်မှတ်ထုတ်ပေးခြင်းခံရသည် ဆိုသည်ကို ကျွန်တော့်အနေနဲ့ ထောက်ခံပါတယ်။ ဘာ့ကြောင့်လဲဆိုတော့ ကျွန်တော့်အနေနဲ့က သွားဘက်ဆိုင်ရာအထောက်အကူပြု General Assistance ဆိုသည်မှာ နိုင်ငံတကာမှာကျင့်သုံး လျက်ရှိသော သွားဘက်ဆိုင်ရာဆေးကုသမှုလုပ်ငန်းများမှာ လူနာအား ကုသခွင့်မရှိသောသူဖြစ်ပြီး လူနာအားကုသပေးနေသော သွားနှင့်ခံတွင်းဆိုင်ရာဆရာဝန်ကို လုပ်ငန်းအဆင်ပြေချောမွေ့အောင် အထောက်အကူပြုတဲ့လူတစ်ယောက်ပဲဖြစ်ပါတယ်။ ဒီအဆိုပါ သွားဘက်ဆိုင်ရာအထောက်အကူပြုသူ အနေနဲ့တော့ သွားဘက်ဆိုင်ရာဆေးကုသမှုလုပ်ငန်းနဲ့ နှီးနွှယ်သူဖြစ်ရမည့်အပြင် သွားဘက်ဆိုင်ရာ ဆေးပညာနှင့်ပတ်သက်သော အထောက်အထားတစ်ခုခု ကိုင်ထားသူဖြစ်ရမှာဖြစ်ပါတယ်။ ဥပမာ ဆိုလို့ရှိရင် အမေရိကန်နိုင်ငံပဲဖြစ်ဖြစ်၊ Europe မှာပဲဖြစ်ဖြစ် နိုင်ငံခြားတွင် မြန်မာပြည်ကဆရာဝန် ဖြစ်ဖြစ် နိုင်ငံခြားတွင်ရောက်ရှိနေသော သွားဘက်ဆိုင်ရာဆရာဝန်တစ်ဦးသည် အဆိုပါနိုင်ငံမှာ ဆေးကုသခွင့်လိုင်စင်မရဘူးဆိုရင် ကျွန်တော်တို့မှာရှိထားတဲ့ B.D.S ဘွဲ့ကို အသုံးပြုပြီးတော့ နောက်ခံ ထားပြီးတော့ သွားဘက်ဆိုင်ရာအထောက်အကူပြုသူ General Assistance တွေအရင် လုပ်ရပါ တယ်ခင်ဗျား။ လုပ်ပြီးမှ သူကစာမေးပွဲတွေဖြေပြီး လုပ်ရတဲ့သဘောရှိပါတယ်။ နောက်တစ်ချက်က မြန်မာနိုင်ငံမှာ လက်ရှိမှာ သွားအတုပညာကျွမ်းကျင်အကူ သို့မဟုတ် သွားဘက်ဆိုင်ရာသူနာပြုအကူ မွေးထုတ်နိုင်တဲ့အခြေအနေမရှိပါဘူး။ ကျွန်တော့်ဆီမှာ အသိအမှတ်ပြုထားခြင်းလည်း ကျွန်တော်တို့ မရှိပါဘူး။ အဲဒါကြောင့် အဲဒီဟာကို ကျွန်တော်တို့ ဒီမှာ လောလောဆယ်ထည့်သွင်းပြီးတော့ မဖော်ပြသင့်ဘူးလို့ထင်ပါတယ်။ လက်ရှိမှာကတော့ ကျွန်တော်တို့ ထုတ်နေတာကတော့ သွားအတု

ပညာကျွမ်းကျင်သူ သို့မဟုတ် သွားဘက်ဆိုင်ရာသူနာပြုများကို သီးခြားမွေးထုတ်လျက်ရှိပြီး အသိအမှတ်ပြုလက်မှတ်ထုတ်ပေးတာဖြစ်ပါတယ်။ ဒီမှာ သဘောထားကွဲလွဲချက် နောက်တစ်ချက် ရှိပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဝန်ကြီး။ ကျွန်တော်တို့ သဘောထားကွဲလွဲချက်က ပြင်တဲ့အဆိုရှင်နဲ့ မဲခွဲမယ်။ မဲမခွဲခင်မှာ ဝန်ကြီးဌာနရဲ့သဘောထားပြောမယ်။ ပြောတဲ့ ၆၈ ချက်က ဝန်ကြီးဌာနရဲ့အဆိုပြုတဲ့အတိုင်း ကို ဥပဒေကြမ်းကော်မတီက သဘောတူပြီးသားဟာကို ပြောတာ။ အခုန ကွဲလွဲတဲ့ ဒေါက်တာစောနိုင် တင်ထားတဲ့ ကွဲလွဲတဲ့နှစ်ချက်နှင့်မဆိုင်သေးဘူး။ အဲဒီဟာက နောက်ပြီးလာမယ်။ အဲဒီတော့လည်း ဝန်ကြီး ဌာနရဲ့သဘောထားသက်သက်ပြောရမယ်။ အခုဟာကတော့ ဥပဒေကြမ်းကော်မတီက ဝန်ကြီးဌာနရဲ့ အဆိုပြုချက်အတိုင်းမှာပါတဲ့ အားလုံး ၆၈ ချက်ပေါ်မှာ သဘောတူ/မတူကိုမေးတာ။ မေးတော့ ဒီနေရာမှာ တစ်ခုပဲ။ ဝန်ကြီးဌာနအနေနဲ့ ပြောစေချင်တာက ဝန်ကြီးဌာနကပြောထားတာက သွားဘက်ဆိုင်ရာအထောက်အကူပြုသူဆိုသည်မှာ ကောင်စီက ဤဥပဒေအရ သွားဘက်ဆိုင်ရာ အထောက်အကူပြုသူလက်မှတ်ထုတ်ပေးခြင်းခံရသူကိုဆိုသည်။ ဝန်ကြီးဌာနဘက်က မူလအဆိုပြုထား တာ ဒါပဲ။ အဲဒီဟာကိုက အဲဒီဟာကိုပဲ ဝန်ကြီးဌာနက လိုချင်သလား။ ဒါမှမဟုတ်လို့ရှိရင် ဥပဒေကြမ်း ကော်မတီက ခုန ဝန်ကြီးပြောတဲ့အထဲမှာ ဒီ ၆၈ ချက်ထဲမှာ မတူနိုင်ဘူးဆိုတာ ကျွန်တော် နားလည် တယ်။ ဥပဒေကြမ်းကော်မတီက အဲဒီစာသားကိုပဲ ဝန်ကြီးဌာနအဆိုပြုတဲ့အထဲမှာ ကျစ်လျစ်တယ်။ သွားဘက်ဆိုင်ရာအထောက်အကူပြု သူဆိုသည်မှာ ကောင်စီက ဤဥပဒေအရ သွားဘက်ဆိုင်ရာ အထောက်အကူပြုသူ လက်မှတ်ထုတ်ပေးခြင်းခံရသူကိုဆိုသည်။ ဥပဒေဆိုတာ ကျစ်လျစ်ရတယ်။ တိကျရတယ်။ ရှင်းလင်းရတယ်။ ဥပဒေကြမ်း ကော်မတီက အဲဒီ ဝန်ကြီးပြောတဲ့ အပိုဒ်ကိုပဲ အပိုဒ်ခွဲ(တ) အနေနဲ့ သွားဘက်ဆိုင်ရာအထောက်အကူပြုသူဆိုသည်မှာ ကောင်စီက ဤဥပဒေအရ သွားဘက် ဆိုင်ရာအထောက်အကူပြုသူအဖြစ် အသိအမှတ်ပြုလက်မှတ်ထုတ်ပေးခြင်းခံရသူကို ဆိုသည်။ အဓိပ္ပာယ်က အတူတူပဲ။ ဟိုဘက်မှာ စာဖောင်းပွသွားတယ်။ သို့သော် ဒီအချက်ကိုတော့ ဝန်ကြီးဌာနက မတူဘူးဆိုရင် ဆွေးနွေးနိုင်တယ်။ ဒါကျွန်တော်တို့ မဲခွဲပေးမယ်။ ဒီဒေါက်တာစောနိုင်ပြောတဲ့အချက် ကတော့ အနောက်ဘက်မှာပါလိမ့်မယ်။ အခုဟာက တူတာတွေကိုပဲ ရွေးထုတ်ပြီးတော့ ဥပဒေကြမ်း ကော်မတီက ပြောထားတာပါ။

**ဒေါက်တာမြင့်ထွေး(ပြည်ထောင်စုဝန်ကြီး၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန)**။ ။ ကော်မတီက ပြောထားတာကို သဘောတူပါတယ်။ ပိုပြီးပြတ်သားပါတယ်။ ရှင်းပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မြန်မာနိုင်ငံ သွားနှင့်ခံတွင်းဆိုင်ရာ ဆေးကောင်စီဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက် ၆၈ ချက်အား အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် မြန်မာနိုင်ငံ သွားနှင့်ခံတွင်းဆိုင်ရာဆေးကောင်စီဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက် ၆၈ ချက်ကို

ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက်များအတိုင်း ဤဥပဒေကြမ်း၏အစိတ်အပိုင်းဖြစ်ကြောင်း အတည်ပြုကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မြန်မာနိုင်ငံသွားနှင့်ခံတွင်းဆိုင်ရာ ဆေးကောင်စီ ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆို တင်သွင်းထားတဲ့ ဥပဒေကြမ်းကော်မတီနဲ့ ဒေါက်တာစောနိုင်၊ တောင်ဥက္ကလာပမဲဆန္ဒနယ်တို့က ပြင်ဆင်ချက်နှစ်ချက်ကို တင်သွင်းဆွေးနွေးသွားမှာဖြစ်ပါတယ်။ ယင်း ပြင်ဆင်ချက်နဲ့စပ်လျဉ်းပြီး ယခုစတင်ဆောင်ရွက်ပါမယ်။ အပိုဒ် ၂ အပိုဒ်ခွဲ (တ)နှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆိုတင်သွင်းဖို့ ဥပဒေကြမ်းကော်မတီအား ဖိတ်ခေါ်ပါတယ်။

**ဒေါက်တာဝေဖြိုးအောင်(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကန့်လန့်ဖြတ်ဇယားရဲ့ စာမျက်နှာ ၄၊ အမှတ်စဉ် ၁၃၊ အခန်း(၁)၊ အပိုဒ် ၂ အပိုဒ်ခွဲ(တ)ဖြစ်ပါတယ်။ ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ရန်တင်ပြချက်ကတော့ သွားဘက်ဆိုင်ရာအထောက်အကူပြုသူဆိုသည်မှာ ကောင်စီက ဤဥပဒေအရ သွားဘက်ဆိုင်ရာ အထောက်အကူပြုသူအဖြစ် အသိအမှတ်ပြုလက်မှတ်ထုတ်ပေးခြင်းခံရသူကိုဆိုသည်လို့ ပြင်ဆင်ရန် တင်ပြထားတာဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဥပဒေတစ်ခုကိုပြုတဲ့အခါမှာ အသေးစိတ်ပြဋ္ဌာန်းပြီးတော့ ပြုရတဲ့ဥပဒေတွေရှိသလို အားလုံးအကျုံးဝင်စေဖို့ ခြုံငုံသုံးသပ်ပြီးတော့ ရေးရတဲ့ဥပဒေတွေရှိပါတယ်။ ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ရန် တင်ပြထားတဲ့တင်ပြချက်ဟာ အသိအမှတ်ပြုလက်မှတ်ထုတ်ပေးခြင်းခံထားရသူအားလုံး အကျုံးဝင်ပါဝင်စေရန်နှင့် စကားလုံးကျစ်လျစ်မှုရှိစေရန် ရည်ရွယ်ပြီးတော့ တင်ပြရေးသားထားတာဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ ဥပဒေကြမ်းနဲ့စပ်လျဉ်း၍ အထက်ဖော်ပြပါ ပြင်ဆင်ရန်တင်ပြချက်ကို လွှတ်တော်၏ အဆုံးအဖြတ်ရယူပေးနိုင်ပါရန် အဆိုတင်သွင်းအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ အပိုဒ် ၂ အပိုဒ်ခွဲ(တ)နှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆိုတင်သွင်းဖို့ တောင်ဥက္ကလာပမဲဆန္ဒနယ်မှ ဒေါက်တာစောနိုင်ကို ဖိတ်ခေါ်ပါတယ်။

**ဒေါက်တာစောနိုင်(တောင်ဥက္ကလာပမဲဆန္ဒနယ်)**။ ။ ဥက္ကဋ္ဌကြီးနှင့် ကြွရောက်လာသူများအားလုံး ဂါရဝပြုနှုတ်ဆက်ပါတယ်ခင်ဗျား။ ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point သုံးစွဲခွင့်ပြုပါခင်ဗျား။ မြန်မာနိုင်ငံသွားနှင့်ခံတွင်းဆိုင်ရာ ဆေးကောင်စီဥပဒေကြမ်း စာမျက်နှာ ၄၊ အခန်း(၁)၊ အပိုဒ် ၂ အပိုဒ်ခွဲ(တ)မှာပါရှိတဲ့ သွားဘက်ဆိုင်ရာအထောက်အကူပြုသူဆိုသည်မှာ ဘာကိုရည်ညွှန်းထားလဲ တိတိကျကျဖော်ပြထားခြင်းမရှိပါဘူး။ နိုင်ငံတကာမှာသုံးစွဲနေတဲ့ Dental Assistant ကို ရည်ညွှန်းခြင်းဖြစ်တယ်လို့တော့ ယူဆရပါတယ်။ Dental Assistant လို့ဆိုရာမှာ နိုင်ငံတကာမှာတော့ Dental ant Assistant တို့ Dental Technician Assistant တို့သုံးစွဲထားတာကို လေ့လာတွေ့ရှိရပါတယ်။ အဲဒီလိုသုံးစွဲမှုတွေရှိတယ်ဆိုတာကိုလည်း Power Point မှာ တင်ပြထားပါတယ်ခင်ဗျား။ အထွေထွေရောဂါကုဆေးပညာမှာလည်း သူနာပြုအကူ Nurse H ဆိုတာရှိပြီး ပုဂ္ဂလိကသင်တန်းကျောင်းတွေ

ဖွင့်လှစ်ထားတာကို တွေ့ရှိရပါတယ်။ ပုဂ္ဂလိကဆေးရုံတွေမှာလည်း ကျယ်ကျယ်ပြန့်ပြန့်လုပ်ကိုင်နေတာကို တွေ့ရှိရမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာနိုင်ငံမှာရှိတဲ့ သွားနှင့်ခံတွင်းဆေးပညာဟာ နိုင်ငံတကာနဲ့နှိုင်းယှဉ်ရင် တော်တော်လေးနိမ့်ကျနေတာကို တွေ့ရှိရပါတယ်။ သွားနှင့်ခံတွင်းဆေးကောင်စီဥပဒေဟာ သွားနှင့်ခံတွင်းဆေးပညာကို အထိုက်အလျောက် မြှင့်တင်ပေးဖို့လည်းလိုအပ်မှာဖြစ်ပါတယ်။ ဥပဒေတစ်ရပ်ကို ပြဋ္ဌာန်းတဲ့အခါမှာ ယေဘုယျဆန်တဲ့စကားလုံးတွေ၊ မရှင်းလင်းတဲ့စကားလုံးတွေကို အတတ်နိုင်ဆုံးသုံးစွဲခြင်းမပြုဘဲ တိတိကျကျစကားလုံးတွေကို အတတ်နိုင်ဆုံးသုံးစွဲရမယ်လို့ ဥပဒေပညာရှင်များရဲ့ ပြောကြားချက်ကိုလည်း မှတ်သားရဘူးပါတယ်။ နောက်ပြီးတော့ ကျွန်တော်တို့ သွားဘက်ဆိုင်ရာအထောက်အကူပြုဆိုသည်မှာ ကောင်စီက ဤဥပဒေအရ သွားဘက်ဆိုင်ရာအထောက်အကူပြုသူအဖြစ် အသိအမှတ်ပြုလက်မှတ်ထုတ်ပေးခြင်းခံရသူလို့ ဆိုလိုတယ်လို့ ဒီထဲမှာရေးထားပါတယ်။ တကယ်ဆိုလို့ရှိရင်လည်း ဒီကောင်စီကနေပြီးတော့ ကျွန်တော်ခုနတင်ပြတဲ့ Dental Assistant သွားဘက်ဆိုင်ရာအထောက်အကူပြုသူများကို လက်မှတ်ထုတ်ပေးထားတာ တစ်ဦးမှမရှိဘူးဆိုတာလည်း သိရှိရပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ ဥပဒေအရ တိတိကျကျဖြစ်စေဖို့ သွားနှင့်ခံတွင်းဆေးပညာကို အထိုက်အလျောက်မြှင့်တင်ပေးနိုင်ဖို့အတွက် ကျွန်တော်ရဲ့ပြင်ဆင်ချက်အား အတည်ပြုပေးနိုင်ပါရန် လေးစားစွာဖြင့် မေတ္တာရပ်ခံတင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနရဲ့ သဘောထားပြောပါ။ ပြောတဲ့အခါမှာ ဝန်ကြီးဌာနအနေနဲ့ ဥပဒေကြမ်းကော်မတီရဲ့ဟာကို ထောက်ခံမလား၊ ဒေါက်တာစောနိုင်ရဲ့ဟာကို ထောက်ခံမလားဆိုတာ အဲဒီသဘောထားပြောပါ။ ရှင်းလင်းစရာရှိရင်လည်း ခုနတော့ရှင်းလင်းပြီး ဝန်ကြီးဌာနက ထပ်ရှင်းချင်ရင်လည်း ဒီအချက်ကိုပဲ ထပ်ရှင်းလင်းနိုင်ပါတယ်။ ပြောပါ။ သဘောထား။

**ဒေါက်တာမြင့်ထွေး(ပြည်ထောင်စုဝန်ကြီး၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန)။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော့်အနေနဲ့တော့ ဥပဒေကြမ်းကော်မတီက တင်ပြထားတဲ့ အမှတ်စဉ် ၁၃ အပိုဒ်ခွဲ(တ)ကို ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနက သဘောတူပါတယ်။

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုဆွေးနွေးတဲ့ အပိုဒ် ၂ အပိုဒ်ခွဲ(တ) နှင့်စပ်လျဉ်းပြီး ဥပဒေကြမ်းကော်မတီနဲ့ ဒေါက်တာစောနိုင်တို့က ပြင်ဆင်ချက်အဆိုများ တင်သွင်းထားပါတယ်။ ဒါ့ကြောင့် ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက်ကိုမူတည်၍ မဲခွဲဆုံးဖြတ်ပါမယ်။ ထောက်ခံမဲများလျှင် ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက်က အတည်ဖြစ်ပါမယ်။ ကန့်ကွက်မဲများလျှင် ဒေါက်တာစောနိုင်ရဲ့ ပြင်ဆင်ချက်က အတည်ဖြစ်ပါမယ်။ ယခုဆွေးနွေးတဲ့အချက်နဲ့စပ်လျဉ်းပြီး

စက်ခလုပ်အသုံးပြုတဲ့နည်း၊ ဆန္ဒမဲပေးတဲ့နည်းလမ်းနဲ့ မဲခွဲဆုံးဖြတ်သွားမှာဖြစ်ပါတယ်။ ဆန္ဒမဲပေးဖို့ အသင့်ဖြစ်စေလိုပါတယ်။ ဆန္ဒမဲပေးနိုင်ကြပါပြီ။

**ဥက္ကဋ္ဌ**။ ။ ယခု ဆန္ဒမဲပေးလို့ပြီးပါပြီ။ ရရှိတဲ့ဆန္ဒမဲစာရင်းကို ကြေညာပါမယ်။ ထောက်ခံဆန္ဒမဲပေါင်း ၃၃၈ မဲ၊ ကန့်ကွက်ဆန္ဒမဲပေါင်း ၃၁ မဲ၊ ကြားနေဆန္ဒမဲ ၃ မဲဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ထောက်ခံဆန္ဒမဲကများတဲ့အတွက် အပိုဒ် ၂ အပိုဒ်ခွဲ(တ)သည် ဥပဒေကြမ်းကော်မတီရဲ့ပြင်ဆင်ချက်အတိုင်း ဤဥပဒေကြမ်း၏အစိတ်အပိုင်းဖြစ်ကြောင်း အတည်ပြုကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အသစ်ဖြည့်စွက်ချက် အပိုဒ် ၂၆ အပိုဒ်ခွဲ(ဂ)နဲ့စပ်လျဉ်းပြီး အဆိုတင်သွင်းဖို့ တောင်ဥက္ကလာပမဲဆန္ဒနယ်မှ ဒေါက်တာဦးစောနိုင်အား ဖိတ်ခေါ်ပါတယ်။

**ဦးစောနိုင်(တောင်ဥက္ကလာပမဲဆန္ဒနယ်)**။ ။ အခန်း(၁၀) ပုဒ်မ ၂၆ ကို အသစ်ထပ်မံဖြည့်စွက်ချင်ပါတယ်ခင်ဗျား။ Power Point သုံးစွဲခွင့်ပြုပါ ဥက္ကဋ္ဌကြီးခင်ဗျား။ အခန်း(၁၀) ပုဒ်မ ၂၆ မှာ သွားတုပညာကျွမ်းကျင်သူ သွားဘက်ဆိုင်ရာသူနာပြု၊ သွားဘက်ဆိုင်ရာအထောက်အကူပြုသူများ အသိအမှတ်ပြုလက်မှတ်များအနက် သွားတုပညာကျွမ်းကျင်သူနှင့် သွားဘက်ဆိုင်ရာသူနာပြု အသိအမှတ်ပြုလက်မှတ်ရလိုသူများအတွက် လျှောက်ထားရမယ့်လမ်းညွှန်ချက်များပါရှိသော်လည်း သွားဘက်ဆိုင်ရာအထောက်အကူပြုသူများ အသိအမှတ်ပြုလက်မှတ်ကို မည်ကဲ့သို့သောနည်းဖြင့် ရရှိနိုင်မလဲဆိုတာ မပါရှိတဲ့အတွက် ထပ်မံဖြည့်စွက်လိုခြင်းဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ပိုမိုရှင်းလင်းစေရန်အတွက် အခန်း(၁၄) အပိုဒ် ၄၀ နှင့် အခန်း(၁၅) ပုဒ်မ ၄၄ တို့ကို ဆက်စပ်ဖော်ပြအပ်ပါတယ်ခင်ဗျား။ အခန်း(၁၄) အပိုဒ် ၄၀ မှာ မည်သည့်ဆေးကုသခွင့်လိုင်စင်ရ သွားနဲ့ခံတွင်းဆိုင်ရာဆရာဝန်များ ဆေးကုသသည့်လုပ်ငန်းဆောင်ရွက်ရာတွင် သက်ဆိုင်ရာဆေးကုသည့်လုပ်ငန်းအလိုက် ကျွမ်းကျင်မှုရှိကြောင်း သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းကထုတ်ပေးသည့် လိုင်စင်၊ မှတ်ပုံတင်လက်မှတ်၊ အသိအမှတ်ပြုလက်မှတ်၊ ခွင့်ပြုချက် သင်တန်းဆင်းလက်မှတ် သို့မဟုတ် အထောက်အထားရရှိသူမှအပ တခြားသူကို တာဝန်ပေးဆောင်ရခြင်းမပြုရလို့ ပါရှိပါတယ်။ အခန်း(၁၅) ပုဒ်မ ၄၄ မှာတော့ မည်သည့်ဆေးကုသခွင့်လိုင်စင်ရ သွားနဲ့ ခံတွင်းဆိုင်ရာဆရာဝန်မဆို ပုဒ်မ ၄၀ ပါ တားမြစ်ချက်များကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကိုအနည်းဆုံးငါးသိန်းမှ အများဆုံး ၁၀ သိန်းအထိ ဒဏ်ငွေချမှတ်ရမယ်လို့ ပါရှိပါတယ်ခင်ဗျား။

ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာနိုင်ငံမှာ လက်ရှိဖွင့်လှစ်နေတဲ့၊ ဖွင့်လှစ်ထားတဲ့ သွားနဲ့ခံတွင်းဆိုင်ရာဆေးခန်းများမှာ အလုပ်လုပ်နေကြတဲ့ သွားဘက်ဆိုင်ရာအထောက်အကူပြုသူများ၏ ၉၈ ရာခိုင်နှုန်းကျော်ဟာ မည်သည့်လက်မှတ်မှရရှိထားခြင်းမရှိပါဘူး။ မည်သည့်လက်မှတ်မှမရရှိတဲ့ သွားဘက်ဆိုင်ရာအထောက်အကူပြုသူများကို တာဝန်ပေးအပ်မယ်ဆိုရင် အရေးယူခံရမယ်လို့ပါရှိပါတယ်။ သက်ဆိုင်ရာဌာနများအနေနဲ့ သွားဘက်ဆိုင်ရာအထောက်အကူပြုသူများအတွက် အသိအမှတ်ပြု

လက်မှတ် တစ်ဦးမှထုတ်ပေးထားခြင်းမရှိဘူးလို့လည်း သိရှိရပါတယ်ခင်ဗျား။ ယခုဥပဒေကို ပြဋ္ဌာန်းလိုက်ပြီဆိုရင် သွားဘက်ဆိုင်ရာဆရာဝန်များဟာ ဥပဒေကျူးလွန်သူများဖြစ်ပြီး ဥပဒေအရအရေးယူခြင်းခံရမည့်အခြေအနေဖြစ်နေပါပြီ။ ဥပဒေ၏ပြဋ္ဌာန်းခြင်း၏ ရည်ရွယ်ချက်မပြည့်ဝတာလည်း ဖြစ်နေပါတယ်ခင်ဗျား။ လက်တွေ့မြေပြင်အခြေအနေနဲ့လည်း ကိုက်ညီမှုမရှိတဲ့အတွက် ဥပဒေပုဒ်မတချို့ကို ဖယ်ရှားပေးစေချင်ပါတယ်။ ဖယ်ရှားဖို့အဆင်မပြေဘူးဆိုရင်လည်း လက်တွေ့မြေပြင်အခြေအနေနဲ့ ကိုက်ညီမှုရှိအောင် အခန်း(၁၀) အပိုဒ် ၂၆ ပါအသစ်ဖြည့်စွက်လိုခြင်းဖြစ်ပါတယ်ခင်ဗျား။ ပိုမိုရှင်းလင်းစေရန်အတွက် Power Point မှာလည်းဖော်ပြထားပါတယ်ခင်ဗျား။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ လက်တွေ့မြေပြင်အခြေအနေနဲ့ကိုက်ညီမှုရှိဖို့အတွက် ကျွန်တော်၏ အသစ်ဖြည့်စွက်ချက်အား အတည်ပြုပေးနိုင်ပါရန် လေးစားစွာဖြင့်တင်ပြအပ်ပါသည်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဥပဒေကြမ်းကော်မတီရဲ့သဘောထားပြောပါ။

**ဒေါက်တာဝေဖြိုးအောင်(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီအသစ်ဖြည့်စွက်ချက်မှာတော့ ခေါင်းစဉ်မှာကိုက အခန်း(၁၀)ရဲ့ခေါင်းစဉ်မှာကိုက သွားဘက်ဆိုင်ရာသူနာပြု၊ သွားတုပညာကျွမ်းကျင်သူ၊ သွားဘက်ဆိုင်ရာအထောက်အကူပြုသူများ အသိအမှတ်ပြုလက်မှတ်လို့ ပါပါတယ်။ ဒီအခန်း အတွက် ဒီသုံးမျိုးလုံးကို အသိအမှတ်ပြုလက်မှတ်ထုတ်ပေးမယ့်အခန်းမှာ အဲဒီမှာ ပုဒ်မ ၂၆ ပုဒ်မခွဲ(က)နဲ့(ခ)မှာ အတိအလင်းပြဋ္ဌာန်းထားတာက အသိအမှတ်ပြုလက်မှတ်ရရှိလိုတဲ့ ဘွဲ့၊ ဒီပလိုမာ သို့တည်းမဟုတ် လက်မှတ်တစ်ခုခုရှိတဲ့ နိုင်ငံသားတစ်ယောက်ယောက်ဟာ မြန်မာနိုင်ငံက သင်တန်းကျောင်းလျှောက်ထားလွှာကို အသိအမှတ်ပြုလက်မှတ် မြန်မာနိုင်ငံကသော်လည်းကောင်း၊ ပုဒ်မခွဲ(က)မှာကကျတော့ ပြည်တွင်းတက္ကသိုလ်တစ်ခုခုကသော်လည်းကောင်း၊ ပုဒ်မခွဲ(ခ)မှာက ပြည်ပတက္ကသိုလ် တစ်ခုခုကသော်လည်းကောင်း ဘွဲ့၊ ဒီပလိုမာ၊ သင်တန်းဆင်းလက်မှတ်ရရှိထားတဲ့သူမှန်သမျှဟာ လျှောက်ထားဖို့အတွက် အခွင့်အရေးပေးထားတာဖြစ်ပါတယ်။ အဲဒီတော့ ခုနက ဒေါက်တာစောနိုင် တင်ပြသွားတဲ့ သွားဘက်ဆိုင်ရာအထောက်အကူပြုသူများအတွက် အသိအမှတ်ပြုလက်မှတ်မထုတ်ပေးဘူးလို့ ဆိုလိုတာမဟုတ်ပါဘူး။ မည်သူမဆိုလွတ်လပ်စွာ သင်တန်းကျောင်းတစ်ခုခုမှာ ဘွဲ့ သို့မဟုတ် ဒီပလိုမာ သို့မဟုတ် သင်တန်းဆင်းလက်မှတ်ရရှိထားသူမှန်သမျှဟာ ကောင်စီကို လျှောက်ထားလို့ရတယ်ဆိုတာကို ပုဒ်မ ၂၆ ရဲ့ခြေဆင်းနဲ့ (က)နဲ့ (ခ)မှာ ပါထားပြီးသားဖြစ်ပါတယ်။ တကယ်လို့ ပုဒ်မအသစ်ဖြစ်တဲ့ (ဂ)ကိုသာ ပြဋ္ဌာန်းလိုက်မယ်ဆိုရင် သွားနှင့် ခံတွင်းဆိုင်ရာဆရာဝန်တစ်ဦးဦးက တာဝန်ခံသည့်ထောက်ခံချက်ဖြင့် အသုံးအနှုန်းပါတဲ့အတွက်ကြောင့်မို့လို့ ဒီအသိအမှတ်ပြုလက်မှတ်ရရှိချင်တဲ့ပုဂ္ဂိုလ်ဟာ သွားနှင့် ခံတွင်းဆိုင်ရာဆရာဝန်တစ်ဦးဦးရဲ့ ထောက်ခံချက်ကို တောင်းရမယ့်သဘောတရားသက်ရောက်နေပါတယ်။ ဒါကြောင့်မို့လို့ ဒီပုဒ်မကို ဥပဒေကြမ်းကော်မတီအနေနဲ့ လက်မခံနိုင်တဲ့အတွက်ကြောင့်မို့လို့ လွှတ်တော်ကြီးရဲ့ အဆုံးအဖြတ်ရယူပေးနိုင်ပါရန် အဆိုတင်သွင်းအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနရဲ့ သဘောထားပြောပါ။

**ဒေါက်တာမြင့်ထွေး(ပြည်ထောင်စုဝန်ကြီး၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့တော့ ဥပဒေကြမ်းကော်မတီရဲ့တင်ပြချက်ကို သဘောတူပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု ဆွေးနွေးတဲ့ အသစ်ဖြည့်စွက်ချက် အပိုဒ် ၂၆ အပိုဒ်ခွဲ(ဂ)နှင့်စပ်လျဉ်းပြီး ဒေါက်တာစောနိုင်က အသစ်ဖြည့်စွက်ရန် အဆိုတင်သွင်းထားပါတယ်။ ဥပဒေကြမ်းကော်မတီက အသစ်ဖြည့်စွက်ချက်ကို သဘောမတူကြောင်း ဆွေးနွေးခဲ့ပါတယ်။ ဒါကြောင့် ဥပဒေကြမ်းကော်မတီရဲ့တင်ပြချက်ကိုမူတည်၍ မဲခွဲဆုံးဖြတ်ပါမယ်။ ထောက်ခံမဲများလျှင် ဥပဒေကြမ်းကော်မတီရဲ့ တင်ပြချက်က အတည်ဖြစ်ပါမယ်။ ကန့်ကွက်မဲများလျှင် ဒေါက်တာစောနိုင်ရဲ့ အသစ်ဖြည့်စွက်ချက်က အတည်ဖြစ်ပါမယ်။ ယခုဆွေးနွေးတဲ့အချက်နှင့်စပ်လျဉ်းပြီး စက်ခလုတ်အသုံးပြုတဲ့ ဆန္ဒမဲပေးတဲ့နည်းလမ်းနဲ့ မဲခွဲဆုံးဖြတ်သွားမှာဖြစ်ပါတယ်။ ဆန္ဒမဲပေးဖို့ အသင့်ဖြစ်စေလိုပါတယ်။ ဆန္ဒမဲပေးနိုင်ကြပါပြီ။

**ဥက္ကဋ္ဌ**။ ။ ယခု ဆန္ဒမဲပေးလို့ပြီးပါပြီ။ ရရှိတဲ့ဆန္ဒမဲစာရင်းကို ကြေညာပါ့မယ်။ ထောက်ခံဆန္ဒမဲပေါင်း ၃၄၇ မဲ၊ ကန့်ကွက်ဆန္ဒမဲပေါင်း ၁၉ မဲ၊ ကြားနေဆန္ဒမဲမရှိပါ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ထောက်ခံဆန္ဒမဲက များတဲ့အတွက် အပိုဒ်၂၆ အပိုဒ်ခွဲ(ဂ)ကို ဥပဒေကြမ်းကော်မတီ၏ တင်ပြချက်အတိုင်း ဤဥပဒေကြမ်း၏အစိတ်အပိုင်းအဖြစ် အတည်ပြုကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျန်းမာရေးနှင့် အားကစားဖွံ့ဖြိုးတိုးတက်ရေးကော်မတီက တင်သွင်းတဲ့ မြန်မာနိုင်ငံ သွားနှင့်ခံတွင်းဆိုင်ရာဆေးကောင်စီဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆိုတင်သွင်းခြင်း၊ ဆွေးနွေးဆုံးဖြတ်ခြင်းများ ပြုလုပ်ခဲ့ပြီးဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်ရာမှာ လွှတ်တော်ရဲ့ပြင်ဆင်အတည်ပြုချက်များကြောင့် ပြောင်းလဲသွားတဲ့ အပိုဒ်၊ အပိုဒ်ခွဲ၊ အမှတ်စဉ်များကိုလည်း တစ်ပါတည်းအတည်ပြုချက်ရယူမှာဖြစ်ပါတယ်။ ဒါ့ကြောင့် မြန်မာနိုင်ငံ သွားနှင့် ခံတွင်းဆိုင်ရာဆေးကောင်စီဥပဒေကြမ်းတစ်ရပ်လုံးကို ပြင်ဆင်ထားတဲ့ အပိုဒ်၊ အပိုဒ်ခွဲအတိုင်း အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် ကျန်းမာရေးနှင့် အားကစားဖွံ့ဖြိုးတိုးတက်ရေးကော်မတီက တင်သွင်းသော မြန်မာနိုင်ငံ သွားနှင့် ခံတွင်းဆိုင်ရာဆေးကောင်စီဥပဒေကြမ်းတစ်ရပ်လုံးကို ပြင်ဆင်ထားတဲ့အပိုဒ်၊ အပိုဒ်ခွဲများအတိုင်း အတည်ပြုကြောင်းနှင့် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၉၁ အရ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

# သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနက တင်သွင်းသည့် မြန်မာသမိုင်းအဖွဲ့ဥပဒေကြမ်း နှင့်စပ်လျဉ်း၍ တင်သွင်းထားသည့်ပြင်ဆင်ချက်အဆိုအား ဆွေးနွေးခြင်းနှင့် လွှတ်တော်၏အဆုံးအဖြတ်ရယူခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနက တင်သွင်းတဲ့ မြန်မာသမိုင်းအဖွဲ့ဥပဒေကြမ်းကို ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၁၅)ရက်မြောက်နေ့ (၈-၂-၂၀၁၈ ရက်နေ့)မှာ ဥပဒေကြမ်းကော်မတီက အစီရင်ခံစာဖတ်ကြားရှင်းလင်းခြင်း ပြုလုပ်ခဲ့ပါတယ်။ ဒီဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆိုတင်သွင်းဆွေးနွေးလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ မိမိပြင်ဆင်လိုတဲ့ အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာ၊ အချက်အလက်များကို တိကျစွာရေးသားဖော်ပြ၍ ၁၃-၂-၂၀၁၈ ရက်နေ့ နောက်ဆုံးထားပြီး အမည်စာရင်းတင်သွင်းရန်တောင်းခံခဲ့ရာ ကိုယ်စားလှယ်လေးဦးတို့က အမည်စာရင်းတင်သွင်းလာပါတယ်။ ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ဆွေးနွေးအတည်ပြုခြင်းများ ဆောင်ရွက်ပါ့မယ်။ ဒီလိုဆွေးနွေးရာမှာ ဥပဒေကြမ်း၏ခေါင်းစဉ်၊ နိဒါန်းမှအစ အပိုဒ်၊ အပိုဒ်ခွဲများနှင့် ဥပဒေကြမ်းတစ်ခုလုံးပါဝင်မှာဖြစ်ပါတယ်။ အပိုဒ်၊ အပိုဒ်ခွဲ အစဉ်လိုက်အတည်ပြုနိုင်ရေးဆောင်ရွက်ရာမှာ ပြင်ဆင်ချက်မရှိပါက မူလအဆိုပြုပြဋ္ဌာန်းချက်အတိုင်း အတည်ပြုနိုင်ရေး တင်ပြဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ပြင်ဆင်ချက်ရှိတဲ့အပိုဒ်၊ အပိုဒ်ခွဲများအတွက် ပြင်ဆင်ချက်အဆိုတင်သွင်းထားတဲ့ ဥပဒေကြမ်းကော်မတီက သက်ဆိုင်ရာအပိုဒ်၊ အပိုဒ်ခွဲအလိုက် ဆွေးနွေးခြင်းများပြုလုပ်ပြီး လွှတ်တော်ရဲ့ဆန္ဒသဘောထားရယူ၍ ဆုံးဖြတ်အတည်ပြုသွားမှာဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ် ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၉၀ နည်းဥပဒေခွဲ(ဃ)အရ မြန်မာသမိုင်းအဖွဲ့ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက်ကိုးချက်ကို တင်သွင်းဖို့ဖြစ်ပါတယ်။ ဥပဒေကြမ်းကော်မတီအား ဖိတ်ခေါ်ပါတယ်။

**ဦးနေမျိုးထွန်း(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံးမင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး၊ ထန်းတပင်မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီဝင် ဦးနေမျိုးထွန်း ဖြစ်ပါတယ်။ မြန်မာသမိုင်းအဖွဲ့ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၉၀ အရ လွှတ်တော်မှ အတည်ပြုပေးနိုင်ပါရန် လွှတ်တော်သို့ အဆိုတင်သွင်းသွားမှာဖြစ်ပါတယ်။ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးကပေးပို့လာသော မြန်မာသမိုင်းအဖွဲ့ဥပဒေကြမ်းကို ပြည်ထောင်စုလွှတ်တော်ရုံးက ပြည်ထောင်စုလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၈၀ နည်းဥပဒေခွဲ(က)အရ ပြည်သူ့လွှတ်တော်တွင်ဆွေးနွေးရန် ပေးပို့လာပါတယ်။ ယင်းဥပဒေကြမ်းကို ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၁၅)ရက်မြောက်နေ့ဖြစ်သည့် ၈-၂-၂၀၁၈ ရက်နေ့ (ကြာသပတေးနေ့)တွင် လွှတ်တော်သို့ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၏ စိစစ်လေ့လာတွေ့ရှိချက်အစီရင်ခံစာကို တင်ပြခဲ့ပြီးဖြစ်ပါတယ်။ ပြင်ဆင်ချက်အဆိုများကို ၁၃-၂-၂၀၁၈ ရက်နေ့

(အင်္ဂါနေ့)နောက်ဆုံးထား၍ တင်သွင်းနိုင်ကြောင်းကြေညာခဲ့သဖြင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များဖြစ်သည့် ဦးရည်မွန်(ခ)မောင်တင်သစ်(ပုဗ္ဗသီရိမဲဆန္ဒနယ်)၊ ဦးဉာဏ်လင်း(ရွှေပြည်သာမဲဆန္ဒနယ်)၊ ဦးမြင့်ထွန်း(တန့်ဆည်မဲဆန္ဒနယ်)၊ ဦးဖေသန်း(မြေပုံမဲဆန္ဒနယ်)တို့က ဆွေးနွေးရန်နှင့် ပြင်ဆင်ချက်အဆိုများ တင်သွင်းလာပါတယ်။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီသည် ဆွေးနွေးရန်နှင့် ပြင်ဆင်ချက်အဆိုတင်သွင်းသည့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်သူ့လွှတ်တော် ပညာရေးမြှင့်တင်မှုကော်မတီ၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်တို့မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့်အတူ ၁၉-၂-၂၀၁၈ ရက်(တနင်္လာနေ့)တွင် ညှိနှိုင်းအစည်းအဝေးပြုလုပ်ခဲ့ပါတယ်။ ယင်းညှိနှိုင်းအစည်းအဝေး၏ သဘောတူဆုံးဖြတ်ချက်အရ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ရန်တင်ပြချက်(၉)ချက်ရှိပါတယ်။ ပြင်ဆင်ရန်တင်ပြချက်ဇယားကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများထံ ဖြန့်ဝေထားပြီးဖြစ်ပါတယ်။

[ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ရန် တင်ပြချက်(၉)ချက်မှာ အောက်ပါအတိုင်းဖြစ်ပါသည်။]

| စဉ် | စာမျက်နှာ | အမှတ်စဉ် | အပိုဒ်နှင့်အပိုဒ်ခွဲ |
|---|---|---|---|
| (က) | ၁ | ၁ | ဥပဒေခေါင်းစီး |
| (ခ) | ၁ | ၃၊ ၅ | အပိုဒ် ၁၊ အသစ်ဖြည့်စွက်ချက်အပိုဒ် ၂ အပိုဒ်ခွဲ(င) |
| (ဂ) | ၂ | ၈ | အပိုဒ် ၃ အပိုဒ်ခွဲ(စ) |
| (ဃ) | ၃ | ၁၁ | အပိုဒ် ၄ အပိုဒ်ခွဲ(က)နှင့် (ခ) |
| (င) | ၃ မှ ၄ | ၁၅၊ ၁၇၊ ၂၀ | အပိုဒ် ၅ အပိုဒ်ခွဲ(ဂ)၊ အသစ်ဖြည့်စွက်ချက် အပိုဒ် ၅ အပိုဒ်ခွဲ(ဆ)၊ အပိုဒ် ၆ အပိုဒ်ခွဲ(ခ) |
| (စ) | ၅ မှ ၆ | ၂၈ | အပိုဒ် ၁၂ |

သို့ဖြစ်ပါ၍ အထက်ဖော်ပြပါ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ရန်တင်ပြချက်(၉)ချက်ကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် လေးစားစွာတင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနရဲ့ သဘောထားပြောပါ။

**သူရဦးအောင်ကို(ပြည်ထောင်စုဝန်ကြီး၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီကနေပြီးမှ ပြင်ဆင်တင်ပြချက်(၉)ချက်ကို သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနအနေနဲ့ သဘောတူညီပါကြောင်း တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မြန်မာသမိုင်းအဖွဲ့ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ဥပဒေကြမ်းကော်မတီရဲ့ပြင်ဆင်ချက်(၉)ချက်အား အတည်ပြုရန် လွှတ်တော်ကသဘောတူပါသလား ခင်ဗျား။

မူကြမ်း

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် မြန်မာသမိုင်းအဖွဲ့ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်(၉)ချက်ကို ဥပဒေကြမ်းကော်မတီရဲ့ပြင်ဆင်ချက်များအတိုင်း ဤဥပဒေကြမ်း၏အစိတ်အပိုင်းဖြစ်ကြောင်း အတည်ပြုကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနက တင်သွင်းသော မြန်မာသမိုင်းအဖွဲ့ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆိုတင်သွင်းခြင်း၊ ဆွေးနွေးခြင်း၊ ဆုံးဖြတ်ခြင်းများပြုလုပ်ခဲ့ပြီးဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်ရာမှာ လွှတ်တော်ရဲ့ပြင်ဆင်အတည်ပြုချက်များကြောင့် ပြောင်းလဲသွားတဲ့အပိုဒ်၊ အပိုဒ်ခွဲ၊ အမှတ်စဉ်များကိုလည်း တစ်ပါတည်းအတည်ပြုချက်ရယူမှာဖြစ်ပါတယ်။ ဒါကြောင့် မြန်မာသမိုင်းအဖွဲ့ဥပဒေကြမ်းတစ်ရပ်လုံးကို ပြင်ဆင်ထားတဲ့အပိုဒ်၊ အပိုဒ်ခွဲများအတိုင်းအတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနကတင်သွင်းသော မြန်မာသမိုင်းအဖွဲ့ဥပဒေကြမ်းတစ်ရပ်လုံးကို ပြင်ဆင်ထားတဲ့အပိုဒ်၊ အပိုဒ်ခွဲများအတိုင်း အတည်ပြုကြောင်းနှင့် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၉၁ အရ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ နေ့လယ်စာစားသုံးရန်အတွက် အစည်းအဝေးကို တစ်နာရီ ၁၅ မိနစ်ခန့်ရပ်နားပါမယ်။ အစည်းအဝေးကို နေ့လယ် ၁ နာရီမှာ ပြန်လည်ကျင်းပမှာ ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၄၅။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[အစည်းအဝေးကို တစ်နာရီခန့် ခေတ္တရပ်နားပါသည်။]

**အချိန်၊ ၁၃း၀၀။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ အစည်းအဝေးပြန်လည်စတင်တော့မှာဖြစ်ပါတယ်။

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြွရောက်လာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

**ဒေါက်တာဒေါ်အေဇင်လတ်၊ ရွှေဘိုမဲဆန္ဒနယ်ကတင်သွင်းသည့် ကျန်းမာသန်စွမ်းသော အနာဂတ်လူငယ်များဖြစ်ထွန်းပေါ်ပေါက်လာစေရေးအတွက် ကျောင်းကျန်းမာရေးလုပ်ငန်းများကို နိုင်ငံတော်အဆင့် မူဝါဒချမှတ်ကာ သင့်လျော်သောဘဏ္ဍာငွေကို နှစ်စဉ်ထည့်သွင်းသတ်မှတ်ပြီး နိုင်ငံတော်နှင့် ဆီလျော်ကိုက်ညီသော နည်းလမ်းကောင်းများကိုအသုံးပြု၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့်အတူ ဆက်စပ်နိုးနွယ်သည့် ဝန်ကြီးဌာနများပေါင်းစပ်ညှိနှိုင်း၍ ရေရှည်စီမံချက်တစ်ရပ်ရေးဆွဲဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒေါက်တာဒေါ်အေဇင်လတ်၊ ရွှေဘိုမဲဆန္ဒနယ်က ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၂၂)ရက်မြောက်နေ့ (၂၃-၂-၂၀၁၈ ရက်နေ့)မှာတင်သွင်းတဲ့ ကျန်းမာသန်စွမ်းသော အနာဂတ်လူငယ်များ ဖြစ်ထွန်းပေါ်ပေါက်လာစေရေးအတွက် ကျောင်းကျန်းမာရေးလုပ်ငန်းများကို နိုင်ငံတော်အဆင့် မူဝါဒချမှတ်ကာ သင့်လျော်သော ဘဏ္ဍာငွေကို နှစ်စဉ်ထည့်သွင်းသတ်မှတ်ပြီး နိုင်ငံတော်နှင့် ဆီလျော်ကိုက်ညီသော နည်းလမ်းကောင်းများကို အသုံးပြု၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့်အတူ ဆက်စပ်နိုးနွယ်သည့် ဝန်ကြီးဌာနများပေါင်းစပ်ညှိနှိုင်း၍ ရေရှည်စီမံချက်တစ်ရပ် ရေးဆွဲဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၇၀ အရ ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ယင်းအဆိုနှင့်စပ်လျဉ်းပြီး ဆွေးနွေးမယ့် ကိုယ်စားလှယ် ၁၅ ဦးရှိပါတယ်။ ပထမဦးစွာ ဓနုဖြူမဲဆန္ဒနယ်မှ ဦးတင်လှ ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးတင်လှ(ဓနုဖြူမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနှင့် အားလုံး မင်္ဂလာပါလို့ ဂုဏ်ပြုနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ဧရာဝတီတိုင်းဒေသကြီး၊ ဓနုဖြူမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်လှ ဖြစ်ပါတယ်။ ဒေါက်တာဒေါ်အေဇင်လတ်ရဲ့ ကျောင်းကျန်းမာရေးဆိုင်ရာအဆိုနှင့်ပတ်သက်ပြီးတော့ ဖြည့်စွက်အကြံပြုရင်း ထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်။ ဒေါက်တာဒေါ်အေဇင်လတ်ရဲ့အဆိုကို ခွဲခြမ်းစိတ်ဖြာလိုက်ရင် ရည်ရွယ်ချက်နှစ်ခုတွေ့ရပါတယ်။ ကျန်းမာသန်စွမ်းသော အနာဂတ်လူငယ်များ ဖြစ်ထွန်းပေါ်ပေါက်လာစေရေးအတွက် ကျောင်းကျန်းမာရေးလုပ်ငန်းများကို နိုင်ငံတော်အဆင့် မူဝါဒချမှတ်ကာ သင့်လျော်သောဘဏ္ဍာငွေကို နှစ်စဉ်ထည့်သွင်း သတ်မှတ်ဖို့ရယ်၊ နိုင်ငံတော်နှင့်ဆီလျော်သော နည်းလမ်းကောင်းများကို အသုံးပြု၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့်အတူ ဆက်စပ်နိုးနွယ်နေသည့် ဝန်ကြီးဌာနများပေါင်းစပ်ညှိနှိုင်း၍ ရေရှည်စီမံချက်တစ်ရပ်ရေးဆွဲဆောင်ရွက်ပေးရန်ဆိုတဲ့ ရည်ရွယ်ချက်နှစ်ချက်ကို တွေ့ရပါတယ်။ ယနေ့ခေတ်သည် Knowledge Age ပေါ့။ ယနေ့ နိုင်ငံတော်တော်များများမှာ Knowledge Age မှာ စိန်ခေါ်မှုတွေနဲ့ ရင်ဆိုင်နေရတယ်။ အဲဒီတော့ နိုင်ငံတစ်နိုင်ငံရဲ့တိုးတက်မှု၊ လူ့အဖွဲ့အစည်းရဲ့တိုးတက်မှုဟာ လူသားအရင်းအမြစ်ပေါ်မှာ အခြေခံပါတယ်။ နှစ်အဆက်ဆက်၊ ခေတ်အဆက်ဆက် အစိုးရတွေမှာလည်း ကျန်းမာရေးဆိုင်ရာကျောင်း၊ ပညာရေးတိုးတက်မှုဆိုင်ရာနှင့် ပတ်သက်၍ ဥပဒေတွေ၊ ရည်မှန်းချက်တွေ၊ မူဝါဒတွေချမှတ်ပြီး ဆောင်ရွက်ခဲ့ပါတယ်။ ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေမှာလည်းပဲ နိုင်ငံတော်ရဲ့ အခြေခံမူမှာ ပုဒ်မ ၂၈ ပုဒ်မခွဲ(က)မှာ နိုင်ငံတော်သည်

ပြည်သူများရဲ့ ပညာရေးနှင့် ကျန်းမာရေးတိုးတက်ရေးတို့အတွက် အားပေးအလေးမူရမယ်လို့ဆိုပါတယ်။ ၁၉၇၄ ခုနှစ်၊ အခြေခံဥပဒေမှာလည်း နိုင်ငံတော်သည် လူငယ်များရဲ့ ကာယ၊ ဉာဏ၊ စာရိတ္တနှင့် ဘက်စုံဖွံ့ဖြိုးရေးတွေကို ပြုစုပျိုးထောင်ပေးရမယ်လို့ဆိုပါတယ်။ နဝတခေတ်၊ နယကခေတ်၊ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီခေတ်မှာလည်းပဲ ပညာရေးရဲ့မူဝါဒမှာ နိုင်ငံသားတိုင်းသည် ကျန်းမာသန်စွမ်းပြီးတော့ ကာယ၊ ဉာဏ၊ စာရိတ္တနှင့်ပြည့်စုံတဲ့ နိုင်ငံ့သားကောင်းဖြစ်စေရန်ဆိုတော့ ပါပါတယ်။ ဒါကြောင့် ယနေ့ ပစ္စုပ္ပန်အစိုးရဟာ အတိတ်ရဲ့ကောင်းမွေ၊ ဆိုးမွေတွေကို ခံစားစံစားရမှာသည် သမိုင်းပေးတာဝန်အရဖြစ်ပါတယ်။ အတိတ်ကိုသုံးသပ် ပစ္စုပ္ပန်ကိုတည်ဆောက် အနာဂတ်ကို ပျိုးထောင်ပေးရမှာသည် ယနေ့ခေတ်အစိုးရနှင့် ပြည်သူတွေရဲ့တာဝန်ဖြစ်ပါတယ်။

ယနေ့ နိုင်ငံတော်ဟာ ကောင်းသောလက်ဆင့်တွေကမ်းနိုင်ဖို့အတွက် ယနေ့ ကျောင်းသားလူငယ် နောင်ဝယ် လူကြီး၊ ယနေ့ ကျောင်းသား နောင်ဝယ် နိုင်ငံ့ခေါင်းဆောင်ဖြစ်တာမို့ ကျောင်းသားတွေ ယနေ့ အနာဂတ်လူငယ်တွေပျိုးထောင်ပေးမယ့် လူသားအရင်းအမြစ်၊ နိုင်ငံ့ရင်နှစ်သည်းခြာသားကောင်းရတနာတွေကို ပိုမိုကောင်းမွန်သော၊ လူမှုဘဝပြည့်စုံသော နိုင်ငံတော်သစ်ကို ထူထောင်ရေးအတွက် ပျိုးထောင်ပေးရမှာသည် လက်ရှိအစိုးရနှင့် ဌာနတို့ရဲ့တာဝန်ပဲဖြစ်ပါတယ်။ ယနေ့ ကျွန်တော်တို့သည် ပိုမိုကောင်းမွန်သောနိုင်ငံ၊ အေးချမ်းသာယာသောနိုင်ငံတည်ဆောက်ဖို့ဆိုရင်တော့ ကျန်းမာသန်စွမ်းတဲ့ အနာဂတ်လူငယ်တွေကို ကျောင်းကျန်းမာရေးကနေပြီးတော့ ပျိုးထောင်ပေးဖို့လည်းလိုအပ်ပါတယ်။ ကျောင်းကျန်းမာရေးလုပ်ငန်းတွေကို နှစ်အဆက်ဆက် ခေတ်အဆက်ဆက်တွေမှာ အစိုးရတွေဟာ မူဝါဒတွေ၊ ရည်မှန်းချက်တွေချပြီးလုပ်ခဲ့တာတွေရှိပါတယ်။ ဥပမာပြောရရင် ဂျပန်နိုင်ငံတကာပူးပေါင်းရေးအဖွဲ့(JICA)၊ UNICEF တို့နှင့် မြန်မာအစိုးရတွေ ပူးပေါင်းပြီးတော့ AFT( Area Focus Township) အစီအမံတွေဆောင်ရွက်ခဲ့ပါတယ်။ UNICEF တို့၊ JICA တို့နှင့် ပူးပေါင်းပြီးတော့ ကျွန်တော်တို့ HIV, AIDS ကာကွယ်ရေးပညာပေးတွေလည်း ဆောင်ရွက်ခဲ့ပါတယ်။ ရှေ့က ဆရာ၊ ဆရာကြီးတွေဟာလည်းပဲ အင်မတန်ရည်ရွယ်ချက်တွေကြီးမားပြီးတော့ မူလတန်းကျောင်းဟာ ငါးဧကရှိရမယ်။ အလယ်တန်းကျောင်းဟာ ၁၀ ဧက ရှိရမယ်။ အထက်တန်းကျောင်းဟာ ၁၅ ဧကရှိရမယ်။ စသည် စသည်ဖြင့် ကျောင်းတွေဟာ အလင်းရောင်တွေရရပါမယ်။ မြေဧရိယာကျယ်ဝန်းရပါမယ်။ ကျောင်းကစားကွင်း တွေဖော်ထုတ်ရပါမယ်။ ကျောင်းနဲ့ Recreation အပန်းဖြေစခန်းတွေရှိရပါ့မယ်။ ကျောင်းရဲ့ Class Management ဆိုတဲ့ စာသင်ခန်းတွေထဲမှာလည်းပဲ ကျောင်းသားတွေစိတ်ဝင်စားအောင် Teaching Aid တွေ၊ လှပတဲ့ ပန်းချီကားတွေ၊ ကျောင်းသားရဲ့လက်ရာလေးတွေချိတ်ဆွဲထားရမယ်။ စသည်ဖြင့် Class Management ကလည်း သိပ်အင်မတန်အရေးကြီးပါတယ်။ ယနေ့ ကျွန်တော်တို့ တော်တော်များများကြည့်နေတာက ကျောင်းကျန်းမာရေးဆိုသည်မှာ ကျောင်းရဲ့မှန့်စျေးတန်းတွေ စစ်ဆေးပေးခြင်း၊ တစ်ကိုယ်ရည်သန့်ရှင်းရေးတွေကို စစ်ဆေးပေးခြင်း၊ ကျောင်းရဲ့အိမ်သာတွေကို စစ်ဆေးပေးခြင်း၊ ရာသီအလိုက်ဖြစ်ပေါ်တတ်တဲ့ရောဂါတွေကို ကုသပေးခြင်း၊ ကျောင်းကျန်းမာရေးအဖွဲ့တွေကနေပြီးတော့ စစ်ဆေးခြင်း၊ ကျောင်းရဲ့သန့်ရှင်းရေးသီတင်းပတ်တွေမှာ သန့်ရှင်းရေးစုပေါင်းလုပ်ခြင်း၊ ကိုယ်လက်ကြံ့ခိုင်ရေးလုပ်ခြင်းဆိုတဲ့လုပ်ငန်းတွေနဲ့ပဲ ပိနေပါတယ်။ ဒါပေမဲ့ တကယ်တမ်းကျတော့

ကျောင်းကျန်းမာရေးဆိုသည်မှာ ရုပ်ပိုင်းဆိုင်ရာတွေထက် စိတ်ပိုင်းဆိုင်ရာ။ တချို့ကလေးတွေက မိဘရဲ့အလုပ်ကိုကူညီပြီး ကျောင်းကို ကတိုက်ကရိုက်ပြေးလွှားလာရတဲ့ စိတ်မသက်မသာဖြစ်စေမယ့် ကလေးများ Guide ပြီး Guide၊ ကျောင်းပြီးကျောင်း၊ ကျူရှင်ပြီးကျူရှင်တက်ပြီးတော့ Tension ဖြစ်နေတဲ့စိတ်တွေ ပင်ပန်းနေတဲ့ကလေးများ၊ နောက်ပြီးတော့ မိဘအလုပ်ကိုကူညီ၍ ကျောင်းကို အပြေးအလွှားလာရတဲ့ ကလေးများ၊ ကိုယ်အင်္ဂါချို့ယွင်း၍ အားငယ်နေရတဲ့ကလေးများ အဲဒီလို ကလေးတွေအသီးသီး Broken Home ကလာပြီးတော့ စိတ်အားငယ်ပြီးတော့ မိဘမေတ္တာအေးရိပ်ကို မခိုလှုံရဘဲ စိတ်ထွက်ပေါက်မရှိပြီးတော့ ကျောင်းတွေမှာလာပြီးတော့ စိတ်ထွက်ပေါက်ရှာပြီးတော့။

**ဥက္ကဋ္ဌ**။ ။ နိဂုံးချုပ်ပါ။

**ဥက္ကဋ္ဌ**။ ။ ရွှေပြည်သာမဲဆန္ဒနယ်မှ ဦးဉာဏ်လင်း ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးဉာဏ်လင်း(ရွှေပြည်သာမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အားလုံးကို ကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာကြပါစေလို့ ဆုတောင်းမေတ္တာပို့သရင်း ဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ရွှေပြည်သာမဲဆန္ဒနယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးဉာဏ်လင်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဒေါက်တာဒေါ်အေဇင်လတ်၊ ရွှေဘို မဲဆန္ဒနယ်က တင်သွင်းတဲ့အဆိုနှင့်စပ်လျဉ်း၍ ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေမှာ ပြဋ္ဌာန်းချက် တွေနဲ့ ညီညွတ်တဲ့အတွက်ကြောင့်မို့လို့ အကြံပြုထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်။ ဖွဲ့စည်းပုံ အခြေခံဥပဒေ(၂၀၀၈ ခုနှစ်) အခန်း(၁) နိုင်ငံတော်အခြေခံမူများကဏ္ဍမှာ အခြေခံမူများအပိုင်း ပုဒ်မ ၂၈ ၌ နိုင်ငံတော်သည် (က) ပြည်သူများ၏ပညာရေးနှင့် ကျန်းမာရေးတိုးတက်စေရေးတို့အတွက် အလေးထားဆောင်ရွက်ရမည်။ (ခ) ပြည်သူများ၏ပညာရေးနှင့် ကျန်းမာရေးတို့တွင် တိုင်းရင်းသား ပြည်သူများက ပါဝင်ဆောင်ရွက်နိုင်ရန် လိုအပ်သည့် ဥပဒေပြဋ္ဌာန်းဆောင်ရွက်ရမည်။ (ဂ) အခမဲ့ မသင်မနေရ မူလတန်းပညာရေးစနစ်ဖော်ဆောင်ရမည်။ (ဃ) ဘက်စုံအတွေးအခေါ်အယူအဆ မှန်ကန်၍ အကျင့်စာရိတ္တကောင်းမွန်ပြီး နိုင်ငံတော်တည်ဆောက်ရေးအတွက် အကျိုးပြုမည့် ခေတ်မီ ပညာရေးစနစ်ဖော်ဆောင်ရမည် ဟူသောပြဋ္ဌာန်းချက်အရလည်းကောင်း၊ ယင်းဥပဒေ ပုဒ်မ ၃၃ မှာ နိုင်ငံတော်သည် လူငယ်များ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး၊ အတွေးအခေါ်မှန်ကန်ရေးနှင့် တိုးတက်ဖွံ့ဖြိုးရေးတို့အတွက် ဆောင်ရွက်ရမည်ဟူသော ပြဋ္ဌာန်းချက်အရလည်းကောင်း၊ ယင်းဥပဒေ ပုဒ်မ ၃၆၆ ပုဒ်မခွဲ(ခ)မှာ ဥပဒေဖြင့်ပြဋ္ဌာန်းသည့် မသင်မနေရ အခြေခံပညာများကို သင်ကြားရမည်ဟု ပြဋ္ဌာန်းချက်များအရလည်းကောင်း၊ ကျန်းမာသန်စွမ်းပြီးတော့ ဘက်စုံထူးချွန်တဲ့လူငယ်များ ပေါ်ထွန်း ရေးအတွက်ကို နိုင်ငံတော်မှ အလေးထားအကောင်အထည်ဖော်ဆောင်ရွက်ရန် အခြေခံဥပဒေမှာ အတိအကျပြဋ္ဌာန်းထားပါတယ်။ ထိုပြဋ္ဌာန်းချက်များအရ မြန်မာ့ကလေးလူငယ်တိုင်းသည် မူလတန်း ပညာကို မသင်မနေရ သင်ကြားရမည်ဖြစ်ပါတယ်။ ထို့ကြောင့် အမျိုးသားလူငယ်ပညာရေးအစ မူလတန်းကျောင်းကလို့ ဆိုနိုင်ပါတယ်။ အဆိုရှင်၏ ကျန်းမာသန်းစွမ်းသော အနာဂတ်လူငယ်များ ဖြစ်ထွန်းပေါ်ပေါက်ရေးအတွက် ရေရှည်စီမံချက်ရေးဆွဲ၍ အ.မ.က၊ အ.လ.က၊ အ.ထ.က ကျောင်းများ မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း မီးမောင်းထိုး၍ အကြံပြုတင်ပြအပ်ပါ တယ်။

ယနေ့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် ကျန်းမာသန်စွမ်းသောလူငယ်များ ဖြစ်ထွန်းပေါ်ပေါက်စေရေးအတွက် ကာယပညာအားကစားနှင့်ပတ်သက်၍ နိုင်ငံတော်က အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် မည်ကာမတ္တအဆင့်မျှသာ ရှိသေး၍ လက်တွေ့အောင်မြင်အောင် အားကြိုးမာန်တက်ဆောင်ရွက်ခြင်းမရှိသေးသည်ကို အခြေခံပညာကျောင်းများမှာ မျက်မြင်ဒိဋ္ဌ တွေ့မြင်နေရပါတယ်။ ဒါကြောင့်မို့လို့ ဒေါက်တာဒေါ်အေဇင်လတ်ရဲ့အဆိုသည် အခြေခံဥပဒေ၏ပြဋ္ဌာန်းချက်များအတိုင်း လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ယနေ့အချိန်အခါနှင့်လျော်ညီစွာ တွန်းအားပေးသည့်အဆိုတစ်ရပ်ဖြစ်သောကြောင့် ယခုကဲ့သို့ အကြံပြုထောက်ခံဆွေးနွေးရခြင်းလည်း ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ တိုးတက်ဖွံ့ဖြိုးပြီးသောနိုင်ငံများမှာ ကျန်းမာသန်စွမ်း၍ ဘက်စုံထူးချွန်သောအနာဂတ်လူကြီးများပေါ်ထွန်းရေးအတွက် လက်ရှိလူငယ်များကိုပြုစုပျိုးထောင်ပေးရာတွင် ဉာဏပညာရပ်များကိုသာမက ကာယပညာရပ်များကိုပါ အလေ့အကျင့်ဖြစ်အောင် Practice Make Perfect ဆိုတဲ့အတိုင်းပဲ နေ့စဉ် အ.မ.က၊ အ.လ.က၊ အ.ထ.က ကျောင်းများရဲ့ ပညာရေးအချိန်ဇယားတွေမှာ ကိုယ်ကာယအချိန်ကို ထည့်သွင်းရေးဆွဲ၍ ကာယပညာကိုပါ သင်ကြားလေ့ကျင့်ပေးလျက်ရှိသည်ကို တွေ့ရှိနိုင်ပါတယ်။ နေ့စဉ်အစားအသောက်သည် လူတိုင်းအတွက်လိုအပ်သလို ပြေး၊ ခုန်၊ ပစ် ကစားနည်းတစ်ခုခုကိုဖြစ်စေ၊ ဘောလုံး၊ ဘောလီဘော၊ ဘတ်စကတ်ဘော၊ ရေကူး၊ အလေးမ စသည့် ကစားနည်းတစ်ခုခုကိုဖြစ်စေ၊ အနည်းဆုံး ပုံမှန်ကိုယ်ကာယလေ့ကျင့်ခန်း(Physical Exercise) တစ်ခုခုကိုဖြစ်စေ နေ့စဉ် မဖြစ်မနေလေ့ကျင့်ရန် အခြေခံပညာကျောင်းများတွင် လေ့ကျင့်သင်ကြားပေးဖို့ လိုအပ်လျက်ရှိပါတယ်။ လေ့ကျင့်သင်ကြားပေးရာတွင်လည်း မည်ကာမတ္တမဟုတ်ဘဲနဲ့ လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်ဖို့ ကာယပညာဆရာများကို စနစ်တကျ ဆရာအတတ်သင်ကျောင်းများမှာ မွေးထုတ်သင်ကြားလေ့ကျင့်ပေးဖို့လည်း လိုအပ်ပါတယ်။ ဒီနေရာမှာ သိုးဆောင်းစကားပုံတစ်ခုဖြစ်တဲ့ All work and no play makes jack a dull boy ဆိုတဲ့ စကားပုံလေးကို ကိုးကား တင်ပြချင်ပါတယ်။ ကလေးတွေဟာ စာချည်းပဲသင်နေတယ်။ ကျောင်းပြီးကျူရှင်၊ ကျူရှင်ပြီးကျောင်း ဒီလိုပဲသွားနေမယ်ဆိုလို့ရှိရင် ကာယပညာကိုလျစ်လျူရှုထားပြီးတော့ ဒီကလေးလေးဟာကြာရင် Dull boy (ထိုင်းမှိုင်းတဲ့လူကလေး)တစ်ယောက်ဖြစ်သွားမယ်ဆိုတဲ့ သိုးဆောင်းစကားပုံရှိပါတယ်။ ဒါကြောင့် ဒီနေ့ မြန်မာ့လူငယ်များဟာ ထိုင်းထိုင်းမှိုင်းမှိုင်းမဖြစ်ဘဲနဲ့ ဖျတ်လတ်ကျန်းမာသန်စွမ်းတဲ့ လူငယ်လေးများဖြစ်အောင် ကာယပညာကိုပါ ထည့်သွင်းရေးဆွဲပြီးတော့ လက်တွေ့ကျကျအကောင်အထည်ဖော်ဖို့။ အဲဒီလိုဖော်တဲ့အခါမှာလည်းပဲ ကျွန်တော်တို့ မြို့နယ်တွေမှာ လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်နေတဲ့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာနတွေကပေါင်းစပ်ပြီးတော့ တကယ်လက်တွေ့ကျကျအားကြိုးမာန်တက်နဲ့ လုပ်မှသာလျှင် ဖြစ်မှာပါ။ အဲဒီအခါမှာလည်း ကျောင်းအုပ်ကြီးပဲဖြစ်ဖြစ်၊ သက်ဆိုင်ရာဌာနတစ်ခုခုကို အုပ်ချုပ်တဲ့ပုဂ္ဂိုလ်ပဲဖြစ်ဖြစ် နိုင်ငံတော်က အခြေခံဥပဒေပြဋ္ဌာန်းပြီးတော့ အလေးအနက်ထားတဲ့ ကာယပညာကို၊ အားကစားကို သေသေချာချာလုပ်တယ်/မလုပ်ဘူးဆိုတာကြည့်ပြီးတော့ သူရဲ့ Promotion ကအစ အတိတ်မှာတော့ ရှိခဲ့တာတွေကို တွေ့ရပါတယ်။ အဲဒီလောက်

အလေးအနက်ထားပြီးတော့ လုပ်မှသာလျှင် နိုင်ငံရဲ့လူငယ်တွေဟာ ကျွန်တော်တို့ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံရဲ့ လူငယ်တွေဟာ ဉာဏပညာရော၊ ကာယပညာရော တိုးတက်ထွန်းကားပြီးတော့ တိုင်းပြည်ကြီးက စည်ပင်ဝပြောလာလိမ့်မယ်လို့ ပြောကြားရင်းနဲ့ ဒေါက်တာဒေါ်အေဇင်လတ်ရဲ့ အဆိုကို အကြံပြု ထောက်ခံဆွေးနွေးရင်း နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ကျောက်တန်းမဲဆန္ဒနယ်မှ ဒေါ်အေးမြမြမျိုး ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဒေါ်အေးမြမြမျိုး(ကျောက်တန်းမဲဆန္ဒနယ်)**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အားလုံးမင်္ဂလာပါရှင်။ ကျွန်မကတော့ ရွှေဘိုမဲဆန္ဒနယ်က ဒေါက်တာဒေါ်အေဇင်လတ် တင်သွင်းသွားတဲ့ ကျန်းမာသန်စွမ်းသောအနာဂတ်လူငယ်များဖြစ်ပေါ်ရေးအတွက် ကျောင်းကျန်းမာရေးလုပ်ငန်းများကို နိုင်ငံတော်အဆင့်မူဝါဒများ ဆောင်ရွက်ပေးဖို့နဲ့စပ်လျဉ်းတဲ့အဆိုကို အကြံပြုချက်များနဲ့ ထောက်ခံဆွေးနွေးသွားမယ့် ကျောက်တန်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်အေးမြမြမျိုး ဖြစ်ပါတယ်ရှင်။ ကျွန်မက ဒီအဆိုကို အပိုင်းသုံးပိုင်းနဲ့ ဆွေးနွေးချင်ပါတယ်။ နံပါတ်(၁)အနေနဲ့ ကျန်းမာသန်စွမ်းသောအနာဂတ်လူငယ်များဖြစ်ပေါ်နိုင်စေရေးအတွက်ကို အကြံပြုချင်ပါတယ်။ ကျောင်းကျန်းမာရေးမူဝါဒအောင်မြင်ဖို့ဆိုတာက အမျိုးသားကျန်းမာရေးမူဝါဒ အောင်မြင်မှသာ ဖြစ်နိုင်မှာဖြစ်ပါတယ်။ အားလုံးကျန်းမာ သဏ္ဍာရာဇ် ၂၀၀၀ မှာဆိုတဲ့ ရည်မှန်းချက်နဲ့ ဆောင်ရွက်ခဲ့တဲ့အခြေအနေတွေပဲရှိနေပါသေးတယ်။ ၂၀၁၇ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့ကနေ ၂၀၂၁ ခုနှစ် မတ် ၃၁ ရက်နေ့အထိ လေးနှစ်တာအကောင်အထည်ဖော်မယ့် အမျိုးသားကျန်းမာရေးစီမံကိန်းဟာ မြေပြင်မှာ သက်ဝင်လှုပ်ရှားမှု နည်းနေပါသေးတယ်။ ဒီစီမံချက်ရှိတယ်ဆိုတာနဲ့ ဘယ်လိုအကောင်အထည်ဖော်မယ်။ ဘယ်သူတွေတာဝန်ရှိတယ်ဆိုတာတောင် ကျွန်မတို့ပြည်သူတွေ သိတဲ့အပိုင်းမှာ အားနည်းချက်တွေရှိနေပါသေးတယ်။

၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန စာရင်းဇယားများအရ လူဦးရေ ၁၀၀၀ မှာ ကျန်းမာရေးလုပ်သား ၁.၃၃ ဦးသာရှိနေသေးပါတယ်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ သတ်မှတ်ချက်ဖြစ်တဲ့ လူ ၁၀၀၀ မှာ ၂.၃ ဦးသတ်မှတ်ချက်ထက် များစွာနိမ့်ကျနေတာလည်း အမျိုးသားကျန်းမာရေးမူဝါဒအောင်မြင်ဖို့အတွက် စိန်ခေါ်မှုတစ်ရပ်ဖြစ်ပါတယ်။ ယခုအခါ လူ့စွမ်းအားအရင်းအမြစ်တွေအတွက် အရည်အသွေးပြည့်ဝသော ကျန်းမာရေးဝန်ထမ်းများဖြည့်တင်းနိုင်ရေးအတွက် စနစ်တကျအကောင်အထည်ဖော်ဆောင်ရွက်နေတဲ့အတွက်လည်း ကျေးဇူးတင်စကားပြောကြားလိုပါတယ်။ ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ်မှာ ကျန်းမာရေးဘတ်ဂျက်အတွက် အမေရိကန်ဒေါ်လာ ၉၃ သန်းရှိခဲ့ရာမှ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်မှာ အမေရိကန်ဒေါ်လာ ၈၅၀ ခန့် အသုံးပြုလာနိုင်တဲ့အတွက် ငါးနှစ်အတွင်းမှာ ကိုးဆကျော်တိုးတက်လာတာလည်း အမျိုးသားကျန်းမာရေးအတွက် ကောင်းမွန်တဲ့အလားအလာတွေဖြစ်ပါတယ်။

ဆေးရုံ၊ ဆေးခန်းသွားရသက်သာဖို့ ကြိုတင်ကာကွယ်ခြင်း၊ နေထိုင်စားသောက်မှုပုံစံပြောင်းလဲခြင်း၊ အလေ့အကျင့်ကောင်းတွေပျိုးထောင်မယ့်အစား တာဝန်ရှိသူများက ဆေးရုံ၊ ဆေးခန်းအပြိုင်အဆိုင်ဆောက်လုပ်ဖို့၊ ပြည်သူများကလည်း ဆေးရုံ၊ ဆေးခန်းရရှိဖို့ အလုအယက်ကြိုးစားနေတဲ့ အလေ့အကျင့်တွေကိုလည်း ပြုပြင်ပြောင်းလဲသင့်နေပါပြီ။ ကျောင်းတွေမှာ ခန္ဓာကိုယ်ကြံ့ခိုင်ရေး

အတွက် အားကစားချိန်ထည့်သွင်းခြင်း၊ ကျောင်းသူကျောင်းသားများ စိတ်ပျော်ရွှင်မှုအတွက် ဝါသနာပါရာ အတတ်ပညာသင်ကြားရန် အချိန်သတ်မှတ်ပေးခြင်းဖြင့် ကျောင်းသူကျောင်းသားများရဲ့ ခန္ဓာကိုယ်ကျန်းမာရေး၊ စိတ်ပျော်ရွှင်မှုရှိရေးတွေဟာ အမှတ်များများရရှိရေး၊ သင်သမျှအလွတ်ရရေး ထက်ကို များစွာအရေးကြီးနေပြီဖြစ်ကြောင်းလည်း နားလည်သဘောပေါက်လာမှာ စိတ်ရောကိုယ်ပါ ကျန်းမာသန်စွမ်းတဲ့ ကျောင်းသားလူငယ်တွေကို ပြုစုပျိုးထောင်ပေးမှာဖြစ်ပြီး ကျောင်းကျန်းမာရေး စီမံကိန်းတွေအောင်မြင်ဖို့ မျှော်လင့်နိုင်မှာဖြစ်ပါတယ်။

နံပါတ်(၂)အနေနဲ့ ကျောင်းကျန်းမာရေးလုပ်ငန်းအတွက် နိုင်ငံတော်အဆင့်မူဝါဒချမှတ်ရေး အပိုင်းကို ဆွေးနွေးအကြံပြုလိုပါတယ်။ ဘယ်လောက်ကောင်းတဲ့မူဝါဒဖြစ်ပါစေ။ အကောင်အထည် ဖော်ဖို့ အသေးစိတ်အစီအစဉ်တွေမပါရင် မအောင်မြင်နိုင်ပါဘူး။ ကျောင်းကျန်းမာရေးမူဝါဒက ဘာတွေလဲ။ ဘာကြောင့် အကောင်အထည်ဖော်တာလဲ။ ဘယ်လိုအကောင်အထည်ဖော်မှာလဲ။ ဘယ်သူတွေက တာဝန်ယူအကောင်အထည်ဖော်ရမှာလဲ။ ကျောင်းသားကျောင်းသူတွေအတွက် ဘယ်လောက်အထိအကျိုးကျေးဇူးဖြစ်မလဲဆိုတာကို သေချာနားလည်သဘောပေါက်ပြီး ကျောင်းသား၊ ဆရာ၊ မိဘ၊ ရပ်ရွာလူထု၊ လူမှုအဖွဲ့အစည်းတွေနဲ့ သက်ဆိုင်ရာတာဝန်ရှိသူများ ပူးပေါင်းအကောင် အထည်ဖော်ဆောင်ရွက်မှသာ ချမှတ်ထားတဲ့မူဝါဒတွေလည်း အောင်မြင်လာမှာဖြစ်ပါတယ်။

နံပါတ်(၃)အနေနဲ့ ဘေးကင်းလုံခြုံသော ကျန်းမာရေးနှင့်ညီညွတ်တဲ့ ကျောင်းပတ်ဝန်းကျင် ရှိရေးကို ဆွေးနွေးလိုပါတယ်။ ကျောင်းမုန့်ဈေးတန်းတွေမှာ အန္တရာယ်ကင်းတဲ့စားသောက်ကုန်တွေ ရောင်းချဖို့ဆိုတာ ဈေးကွက်အတွင်းမှာ ကျန်းမာရေးနှင့်မညီညွတ်တဲ့၊ အန္တရာယ်ရှိတဲ့စားသောက် ကုန်တွေ မရောက်ရှိရေးကို ကြိုးပမ်းနိုင်မှ အောင်မြင်မှာဖြစ်ပါတယ်။ ဒါ့အပြင် ကျောင်းသူကျောင်းသား အရေအတွက်နဲ့ လုံလောက်တဲ့သန့်ရှင်းသောရေရရှိမှု၊ အိမ်သာလုံလောက်မှု၊ လက်ဆေးရန် ရေ၊ ဆပ်ပြာလုံလောက်စွာထားရှိနိုင်ရေး၊ ကျောင်းသန့်ရှင်းရေးအတွက် စနစ်တကျပြင်ဆင်ရေးတွေဟာ အရေးကြီးလှပါတယ်။ သန့်စင်ခန်းသုံးပြီးတိုင်း လက်ဆေးရမယ်။ လက်ဆေးခြင်းက ရောဂါဘယတွေ ကို ဘယ်လောက်တောင်ကာကွယ်နိုင်တယ်ဆိုတာကို ဘယ်လိုပဲအသိပေးနေပါစေ။ သန့်စင်ခန်းရှေ့မှာ လက်ဆေးဖို့ ဘေစင်မရှိဘူး။ ရေမရှိဘူး။ ဆပ်ပြာမရှိဘူး။ အခြေအနေတွေဟာ ကျွန်မရဲ့မဲဆန္ဒနယ် အပါအဝင် မြန်မာနိုင်ငံရဲ့ နေရာတော်တော်များများရဲ့ကျောင်းတွေမှာ အခုအထိကို မြင်တွေ့နေရပါ သေးတယ်။ ကျောင်းဆောင်တွေဆောက်လုပ်စဉ်ကတည်းက ကျောင်းသားအရေအတွက်နဲ့ လုံလောက် တဲ့သန့်စင်ခန်းတွေပါဖို့၊ လက်ဆေးဘေစင်တွေ၊ ရေရရှိရေးတွေအတွက်ပါ။ ထည့်သွင်းစီစဉ်ထားဖို့ လိုအပ်နေပါတယ်။ ကျောင်းသားကျောင်းသူများကို မူးယစ်ဆေးဝါးအန္တရာယ်အသိပညာပေးရေး၊ ကျောင်းအနီးပတ်ဝန်းကျင်မှာ အရက်၊ ဘီယာ၊ မူးယစ်ဆေးဝါး လွယ်လင့်တကူရရှိနိုင်တဲ့နေရာ မဖြစ်ရေး၊ ဘေးကင်းလုံခြုံသောကျန်းမာရေးနှင့်ညီညွတ်တဲ့ ကျောင်းပတ်ဝန်းကျင်ဖြစ်ရေးအတွက်ပါ ထည့်သွင်းစီစဉ်ကြပ်မတ်ဖို့လည်း လိုအပ်နေပါတယ်။

လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးရှင့်။ ကျန်းမာသန်စွမ်းသော အနာဂတ်လူငယ် များဖြစ်ပေါ်ရေးအတွက် ကျောင်းကျန်းမာရေးလုပ်ငန်းများကို အမျိုးသားရေးတာဝန်တစ်ရပ်အနေနဲ့ ဆောင်ရွက်ဖို့ရန်အတွက် အရေးတကြီးလိုအပ်နေပြီဖြစ်တဲ့အတွက် ရွှေဘိုမဲဆန္ဒနယ်မှ ဒေါက်တာ

ဒေါ်အေဇင်လတ် တင်သွင်းတဲ့အဆိုကို လေးလေးနက်နက်ထောက်ခံဆွေးနွေးရင်း နိဂုံးချုပ်အပ်ပါတယ် ရှင့်။

**ဥက္ကဋ္ဌ**။ ။ တောင်ကုတ်မဲဆန္ဒနယ်မှ ဒေါ်နီနီမေမြင့် ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဒေါ်နီနီမေမြင့်(တောင်ကုတ်မဲဆန္ဒနယ်)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အားလုံးပဲ မင်္ဂလာပါရှင်။ ကျွန်မကတော့ ရခိုင်ပြည်နယ်၊ တောင်ကုတ်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဒေါ်နီနီမေမြင့်ဖြစ်ပါတယ်ရှင်။ ကျွန်မအနေနဲ့ ရွှေဘိုမဲဆန္ဒနယ်မှ ဒေါက်တာ ဒေါ်အေဇင်လတ်တင်သွင်းသော ကျန်းမာသန်စွမ်းသောအနာဂတ်လူငယ်များ ဖြစ်ထွန်းပေါ်ပေါက်လာ စေရေးအတွက် ကျောင်းကျန်းမာရေးလုပ်ငန်းများကို နိုင်ငံတော်အဆင့်မူဝါဒများချမှတ်ကာ သင့်လျော် သောဘဏ္ဍာငွေကို နှစ်စဉ်ထည့်သွင်းသတ်မှတ်ပြီး နိုင်ငံတော်နှင့်ဆီလျော်ကိုက်ညီသော နည်းလမ်း ကောင်းများကိုအသုံးပြုလျက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့်အတူ ဆက်စပ်နှီးနွယ်သည့် ဝန်ကြီးဌာနများပေါင်းစပ်ညှိနှိုင်း၍ ရေရှည်စီမံချက်တစ်ရပ်ရေးဆွဲဆောင်ရွက်ပေးပါရန် ပြည်ထောင်စု အစိုးရအား တိုက်တွန်းကြောင်းအဆိုကို ထောက်ခံအကြံပြုဆွေးနွေးသွားမှာဖြစ်ပါတယ်ရှင်။

ဥက္ကဋ္ဌကြီးရှင့်။ ကျွန်မက အဆိုရှင်တင်သွင်းထားတဲ့ထဲကမှ ကျန်းမာသန်စွမ်းသောအနာဂတ် လူငယ်များဖြစ်ထွန်းပေါ်ပေါက်လာစေရေးဆိုတဲ့အချက်နဲ့ နှစ်စဉ်ဘဏ္ဍာငွေတိုးမြှင့်ထည့်သွင်းပေးရန် ဆိုတဲ့အချက်ကို ဆွေးနွေးသွားမှာဖြစ်ပါတယ်ရှင်။ ဒီနေရာမှာ အဆိုရှင်က ကျောင်းကျန်းမာရေးလုပ်ငန်း များကို နိုင်ငံတော်အဆင့်မူဝါဒချမှတ်ပေးဖို့အတွက် တိုက်တွန်းထားတာကိုလည်း တွေ့ရပါတယ်။ တကယ်တော့ ယခုအစိုးရလက်ထက်မှာပဲ ကျောင်းကျန်းမာရေးမဟာဗျူဟာစီမံချက် (၂၀၁၇ ခုနှစ်-၂၀၂၁ ခုနှစ်)ကိုလည်း ချမှတ်ထားပြီးဖြစ်ကြောင်းကို လေ့လာသိရှိရပါတယ်။ ဒါပေမဲ့ ယခုစတင်ခဲ့တဲ့ စီမံချက်ဟာ နောင်လာမည့်နှစ်များမှာ ထိထိမိမိဆောင်ရွက်နိုင်ဖို့လည်း အင်မတန်မှအရေးကြီးပါတယ်။

ဥက္ကဋ္ဌကြီးရှင့်။ ကျန်းမာသန်စွမ်းသောအနာဂတ်လူငယ်များ ဖြစ်ထွန်းပေါ်ပေါက်လာစေရေး အတွက် ကျောင်းကျန်းမာရေးဌာနဟာ အင်မတန်အရေးကြီးပါတယ်။ ယခုဆိုရင် မြို့နယ်ပေါင်း ၃၃၀ မှာ မြို့နယ် ၈၀ မှာသာ ကျောင်းကျန်းမာရေးဌာနရှိကြောင်းကို သိရှိရပါတယ်။ တကယ်ဆိုရင် မြို့နယ် တိုင်းမှာကျောင်းကျန်းမာရေးဌာနတွေ ရှိရမှာဖြစ်တဲ့အတွက် ဘတ်ဂျက်တိုးမြှင့်သုံးစွဲပြီး အလေးပေး ဆောင်ရွက်သင့်ပါကြောင်း အကြံပြုအပ်ပါတယ်ရှင်။ ဒါမှသာ အနာဂတ်ကလေးများအတွက် ကျောင်း ကျန်းမာရေးလုပ်ငန်းများကို ထိထိရောက်ရောက်အောင်အောင်မြင်မြင် အကောင်အထည်ဖော်နိုင်မှာ ဖြစ်ပါတယ်။ ကျောင်းကျန်းမာရေးဌာနများ တစ်နိုင်ငံလုံးလွှမ်းခြုံနိုင်ပြီဆိုပါက ကလေးတွေကို ကျန်းမာ ရေးစစ်ဆေးခြင်း၊ ကုသခြင်းများ ပြုလုပ်ဆောင်ရွက်ပေးနိုင်မည့်အပြင် ကျန်းမာရေးအသိပညာများကို လည်း ငယ်စဉ်ကတည်းက သိရှိနားလည်ပြီး အလေ့အကျင့်ကောင်းတစ်ခုဖြင့် ဆောင်ရွက်တတ်စေရန် ဟောပြောသင်ကြားနိုင်မှာဖြစ်ပါတယ်။ ဒါမှသာ ကျွန်မတို့နိုင်ငံအနာဂတ်အတွက် တန်ဖိုးမဖြတ်နိုင်တဲ့ လူသားသယံဇာတများ မွေးထုတ်နိုင်မှာဖြစ်ပါတယ်။ ကျောင်းသားကလေးငယ်များကို ကိုယ်တိုင်လည်း အန္တရာယ်ကင်းပြီး အာဟာရဖြစ်မယ့်အစားအသောက်များကို ရွေးချယ်စားသောက်တတ်မယ်။ မိဘ တွေကလည်း အာဟာရဖြစ်မယ့်အစားအသောက်များကို စီစဉ်ကျွေးမွေးနိုင်မှာဖြစ်ပါတယ်။ ဒါ့အပြင်

နိုင်ငံတော်အနေဖြင့်လည်း ဖြည့်စွက်အာဟာရကျွေးခြင်းလုပ်ငန်းများကို စနစ်တကျဆောင်ရွက်ပေးသင့်ပါတယ်ရှင်။

ဥက္ကဋ္ဌကြီးရှင့်။ ဒီနေရာမှာ အာဟာရအပြင် အလေးထားသင့်တဲ့အချက်တွေထဲမှာ ခန္ဓာကိုယ်ကျန်းမာသန်စွမ်းဖို့ကလည်း အင်မတန်အရေးကြီးတဲ့အချက်ပဲဖြစ်ပါတယ်ရှင်။ ကျွန်မလေ့လာမိသလောက်တော့ ကျန်းမာရေးဝန်ကြီးဌာနရဲ့ဖြည့်စွက်ဆောင်ရွက်မယ့်မဟာဗျူဟာစီမံချက်တွေထဲမှာ ကျောင်းသားလူငယ်များနှင့်ပတ်သက်ပြီး အာဟာရဖွံ့ဖြိုးရေး၊ ကျောင်းကျန်းမာရေးနှင့် ဆယ်ကျော်သက်လူငယ်ကျန်းမာဖွံ့ဖြိုးရေးဆိုပြီး ခေါင်းစဉ်သုံးခုနဲ့အသေးစိတ်ရေးဆွဲထားတာလည်း တွေ့ရပါတယ်။ ဒါတွေဟာ အင်မတန်ကောင်းတဲ့အစီအစဉ်တွေပဲဖြစ်ပါတယ်ရှင်။ ဒါပေမဲ့လည်း အခြားလိုအပ်ချက်တွေရှိနေပါသေးတယ်။ အဲဒါတွေကတော့ ကလေးများကိုယ်လက်လှုပ်ရှားကစားနိုင်ရန်အတွက် ကျယ်ဝန်းပြီးလုံလောက်သောမြေနေရာတွေလည်း ဖန်တီးပေးဖို့လိုအပ်ပါတယ်။ ဒါကြောင့် မြေယာစီမံခန့်ခွဲတဲ့နေရာမှာလည်း အစိုးရအနေနဲ့ ဒီအချက်ကို လေးလေးနက်နက်ထည့်သွင်းစဉ်းစားရန် အဓိကကျတဲ့ကဏ္ဍမှာ ပါဝင်နေပါတယ်။

ဥက္ကဋ္ဌကြီးရှင့်။ ဒါကြောင့်မို့လို့ မြို့နယ်တွေမှာ Town Plan တိုးချဲ့မယ်ဆိုရင် စနစ်တကျအကောင်အထည်ဖော်သင့်ပါတယ်။ ယခုအခါမှာတော့ မြေကြီးတွေကို လက်ဝါးကြီးအုပ်ပြီး ထင်သလိုအကွက်ဖော်ရောင်းချနေတာဟာ Public Area တွေ ပျောက်ဆုံးနေရတဲ့အချက်ပဲဖြစ်ပါတယ်ရှင်။ စနစ်တကျမြို့ကွက်ဖော်မှသာ ကလေးများအတွက် ကျောင်း၊ ပန်းခြံ၊ ကစားကွင်းပါဝင်လာမှာဖြစ်သလို အစိုးရအတွက်လည်း အခွန်ဝင်ငွေများ တိုးလာမှာဖြစ်ပါကြောင်းအကြံပြုအပ်ပါတယ်။

သို့ဖြစ်၍ နိဂုံးချုပ်အနေဖြင့် ကျန်းမာသန်စွမ်းသောအနာဂတ်လူငယ်များပေါ်ပေါက်လာရေးအတွက် ကျောင်းကျန်းမာရေးလုပ်ငန်းများကို အင်တိုက်အားတိုက်တိုးမြှင့်လုပ်ဆောင်ရမည့်အပြင် အားကစားကဏ္ဍကိုလည်း မြှင့်တင်ရမှာဖြစ်တဲ့အတွက် အဆိုရှင်တင်ပြသလို ဘဏ္ဍာငွေကိုတော့ နိုင်ငံတော်ရဲ့သုံးစွဲနိုင်တဲ့ဘတ်ဂျက်အတိုင်းအတာထဲမှ ယခုထက်ပို၍ ခွဲဝေသုံးစွဲသင့်ပါကြောင်း အကြံပြုတိုက်တွန်းရင်း ထောက်ခံဆွေးနွေးလိုက်ရပါတယ်ရှင်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးထင်လင်းဦး ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဗိုလ်မှူးထင်လင်းဦး(တပ်မတော်သားကိုယ်စားလှယ်)**။ ။ အားလုံးမင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးထင်လင်းဦး ဖြစ်ပါတယ်။ ဒေါက်တာဒေါ်အေဇင်လတ် တင်သွင်းတဲ့အဆိုနှင့်ပတ်သက်ပြီး အကြံပြုဆွေးနွေးမှာဖြစ်ပါတယ်။ Power Point သုံးစွဲခွင့်ပြုနိုင်ပါရန် တင်ပြအပ်ပါတယ်။ လေးစားအပ်တဲ့ဥက္ကဋ္ဌကြီးခင်ဗျား။ ကျောင်းကျန်းမာရေးနှင့်ပတ်သက်လို့ ကျွန်တော်တို့ မြန်မာနိုင်ငံကိုလေ့လာကြည့်ရာမှာ လွတ်လပ်ရေးမရမီကာလက ကျောင်းသား ၃၀၀၀၀ ဦးလောက်မှာမှ ဆေးကုသမှုဆရာဝန်တစ်ဦး၊ သွားနှင့်ခံတွင်းဆိုင်ရာဆရာဝန်တစ်ဦးနှုန်းနဲ့သာ ဆောင်ရွက်နိုင်ခဲ့ပြီး လွတ်လပ်ရေးရပြီးနောက် ၁၉၅၃ ခုနှစ်မှာတော့ မိခင်နှင့်ကလေး ကျောင်းကျန်းမာရေးဌာနတစ်ခုကို ကျန်းမာရေးညွှန်ကြားမှုလက်အောက်မှာ

ထည့်သွင်းဖွဲ့စည်းပြီး ကျောင်းကျန်းမာရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ခဲ့ပါတယ်။ ၁၉၇၇-၁၉၇၈ ခုနှစ်မှာတော့ UNICEF ရဲ့ အကူအညီနဲ့ကျောင်းကျန်းမာရေးဟာ နိုင်ငံအတွင်း ပထမဆုံးလူထု ကျန်းမာရေးစီမံချက်ရဲ့ Community Health Project တစ်ခုအနေနဲ့ပါဝင်လာခဲ့ပါတယ်။ ၁၉၉၅ ခုနှစ်မှာ WHO ဟာ ကျန်းမာရေးနဲ့ပတ်သက်လို့ Global School Health Initiative အစီအစဉ်ကို ချမှတ်ခဲ့ပြီး Ottawa Charter for Health Promotion 1986, The Jakarta Declaration of the Fourth International Conference on Health Promotion 1997, The WHO's Expert Committee Recommendation on Comprehensive School Health Education and Promotion 1995 တို့နှင့်အညီ GSHI ကိုဆောင်ရွက်ရန်တိုက်တွန်းခဲ့ပါတယ်။ GSHI ရဲ့ရည်ရွယ်ချက် ကတော့ ကျောင်းကျန်းမာရေးကို အမှန်တကယ်မြှင့်တင်ပြီး ကျန်းမာသောနေထိုင်မှု၊ စာပေသင်ကြားမှု နဲ့ အလုပ်လုပ်နိုင်စွမ်းရှိတဲ့ဝန်းကျင်ကောင်းများ ပေါ်ထွက်လာစေရေးဖြစ်ပါတယ်။ မိမိတို့မြန်မာနိုင်ငံ အနေနဲ့လည်း ကမ္ဘာ့ကုလသမဂ္ဂနိုင်ငံဖြစ်တာနှင့်အညီ ကျောင်းကျန်းမာရေးနှင့်ပတ်သက်လို့ ဆောင်ရွက်ရာမှာ GSHI ရဲ့ Concepts များအတိုင်း ၁၉၉၆ ခုနှစ်ကစလို့ လိုက်ပါပြောင်းလဲ ဆောင်ရွက်ခဲ့ကြောင်း လေ့လာတွေ့ရှိရပါတယ်။ GSHI အရ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများ Global School Based Student Health Survey(GSHS)ကိုဆောင်ရွက်လာကြပြီးတော့ Power Point မှာတင်ပြထားတဲ့ ကျောင်းကျန်းမာရေးဆိုင်ရာလုပ်ငန်းများကို ပြုစုထုတ်ပြန်ခဲ့ကြပါတယ်။ မြန်မာ နိုင်ငံအနေနဲ့ ၂၀၀၇ ခုနှစ်နှင့် ၂၀၁၆ ခုနှစ်တို့မှာ GSHS Fact Sheets Reports များထွက်ရှိပြီး ဖြစ်သော်လည်း Questionnaires, Fact Sheets, Data and Documentations တို့အပြင် GSHS Full Report တစ်ခု ထွက်ရှိနိုင်အောင်လည်း လိုက်နာဆောင်ရွက်သင့်ကြောင်း အကြံပြုအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျောင်းကျန်းမာရေးနှင့်ပတ်သက်လို့ တင်ပြပါအတိုင်း ၁၉၈၀ ခုနှစ်မတိုင်မီ နှစ်များက The Three-Component Model ကိုဆောင်ရွက်ခဲ့ကြပြီးတော့ နောက်ပိုင်းမှာတော့ The Eight-Component Model ဖြစ်တဲ့ Comprehensive School Health Program ကို နိုင်ငံ အများစုက ကျင့်သုံးခဲ့ကြပါတယ်။ ကျောင်းကျန်းမာရေးလုပ်ငန်းများကို ဆောင်ရွက်ခြင်းအားဖြင့် ကျောင်းသားကျောင်းသူတွေရဲ့ ကျန်းမာရေး၊ လူမှုရေးဆိုင်ရာများ တိုးတက်ကောင်းမွန်လာပြီး ကျောင်းတက်နှုန်းနှင့် ကျောင်းပြီးဆုံးနှုန်းများ သိသာစွာမြင့်တက်လာကြောင်း သုတေသနစာတမ်းများ မှာ ဖော်ပြတာကို လေ့လာတွေ့ရှိရပါတယ်။ ကျောင်းကျန်းမာရေးလုပ်ငန်းများဆောင်ရွက်ရာမှာ ပိုမို အောင်မြင်စေရန်အတွက် WHO, UNICEF, UNESCO နဲ့ World Bank တို့က ပူးပေါင်းကူညီ ဆောင်ရွက်လျက်ရှိတဲ့ Focusing Resources on Effective School Health ကိုဆောင်ရွက်ရမှာ ဖြစ်ကြောင်း ၂၀၀၀ ခုနှစ် အတွင်း Darker မှာကျင်းပခဲ့တဲ့ Education for all Conference က ထုတ်ပြန်ခဲ့ပါတယ်။ ကျောင်းကျန်းမာရေးလုပ်ငန်းစဉ်များဟာ ကျယ်ပြန့်လှပြီးတော့ အားလုံးကို လွှမ်းခြုံမိစေရန်လည်း လိုအပ်မှာဖြစ်ပါတယ်။ ဥပမာအားဖြင့်တင်ပြရရင် မိမိတို့နိုင်ငံမှာ အခြေခံ ပညာကျောင်းပေါင်း ၄၆၀၀၀ ကျော်ရှိတဲ့အနက် ကျောင်းတွေမှာသန့်စင်ခန်းပေါင်း ၄၈၀၀၀ ကျော် လိုအပ်နေတယ်လို့ Sixth WASH in School International Learning Exchanges Workshop အခမ်းအနားမှာ ပညာရေးဝန်ကြီးရဲ့ပြောကြားချက်အရ သိရှိရပါတယ်။ Healthy School Environment

အပေါ်မှာ သက်ရောက်မှုရှိစေတဲ့ထိုလိုအပ်ချက်ကို ဖြည့်ဆည်းဆောင်ရွက်ရာမှာ ကုန်ကျစရိတ်များကို မှန်းဆတွက်ချက်နိုင်မှာဖြစ်ပါတယ်။ ဒါအပြင် ကမ္ဘာတစ်ဝန်းမှာရှိတဲ့ ကျောင်းသားကျောင်းသူ ၃၆၈ သန်းခန့်အတွက် Nutrition Program ဆောင်ရွက်ရာမှာ WFP ကထုတ်ပြန်ချက်အရ အမေရိကန်ဒေါ်လာ ၇၅ ဘီလီယံခန့် နှစ်စဉ်ကုန်ကျနေကြောင်း သိရှိရတဲ့အတွက် ကျောင်းကျန်းမာရေးလုပ်ငန်းတစ်ခုချင်းစီကို အောင်မြင်အောင်ဆောင်ရွက်နိုင်ရန် ဘယ်လောက်ကျယ်ပြန့်သလဲဆိုတာကို မှန်းဆတွက်ချက်နိုင်မှာဖြစ်ပါတယ်။ ဒါကြောင့် ထိရောက်တဲ့ကျောင်းကျန်းမာရေးလုပ်ငန်းများရဲ့ဘဏ္ဍာရန်ပုံငွေအတွက် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနဘတ်ဂျက်၊ ပညာရေးဝန်ကြီးဌာနဘတ်ဂျက်များကို သတ်သတ်မှတ်မှတ်လျာထားရန်လိုအပ်မှာဖြစ်သလို School Health Funds, School Health Grants, Physical Activity Grants, Nutrition Grants များတည်ထောင်ရရှိနိုင်ရေးအတွက် အလှူရှင်များ၊ Foundations များရဲ့ကူညီထောက်ပံ့မှုများ လိုအပ်မှာဖြစ်ပြီး မိဘ၊ ဆရာ၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့များနှင့် လူမှုရေးအသင်းအဖွဲ့များ၊ အစိုးရဌာနများက ကျယ်ကျယ်ပြန့်ပြန့်စနစ်တကျပူးပေါင်းဆောင်ရွက်ရမှာဖြစ်ကြောင်း အကြံပြုတင်ပြအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ၂၀၁၆ ခုနှစ်၊ SEAMEO INNOTECH ကထုတ်ဝေခဲ့တဲ့ ကျောင်းကျန်းမာရေးဆိုင်ရာစာတမ်းတစ်ခုရဲ့ Case Study အပိုင်းမှာ အမှတ်(၃)အခြေခံပညာမူလတန်းလွန်ကျောင်း(ဗဟန်း)နဲ့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း(ဒဂုံ)တို့ကို ကျောင်းကျန်းမာရေးဆိုင်ရာဆောင်ရွက်ချက်များအတွက် အသိအမှတ်ပြုခဲ့ကြောင်း ဖော်ပြထားပါတယ်။ ဒီလိုအသိအမှတ်ပြုရခြင်းဟာ ကျောင်းကျန်းမာရေးဆိုင်ရာမူဝါဒများ ခိုင်မာအားကောင်းခြင်း၊ မိဘများ၊ မြို့တော်စည်ပင်သာယာရေးအဖွဲ့များ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်မှုအားကောင်းခြင်း၊ မြို့နယ်အဆင့်ပညာရေးဌာနများ၊ ကျန်းမာရေးဌာနများနှင့် ပူးပေါင်းဆောင်ရွက်မှုအားကောင်းခြင်းတို့ကြောင့်ဖြစ်ကြောင်း ဖော်ပြထားပါတယ်။ ဒါကြောင့် ကျောင်းကျန်းမာရေးနှင့်ပတ်သက်လို့ အသိအမှတ်ပြုခံရတဲ့ဒီကျောင်းတွေကို နမူနာယူပြီးတော့ တစ်နိုင်ငံလုံးကကျောင်းတွေကိုလည်း ကျောင်းကျန်းမာရေးဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်စေသင့်ကြောင်း အကြံပြုလိုပါတယ်။ ဒီလိုဆောင်ရွက်ရာမှာ Nation-wide, Sector-wide Approach သို့မဟုတ် Pilot Project များနှင့် စီမံချက်ရေးဆွဲဆောင်ရွက်သင့်ကြောင်း အကြံပြုတင်ပြအပ်ပါတယ်။ ကျန်းမာရေးဝန်ကြီးဌာနကထုတ်ပြန်ထားတဲ့ Health Statistics 2014, 2016 အရ ၂၀၁၄၊ ၂၀၁၅ နဲ့ ၂၀၁၆ ခုနှစ်များအတွက် တိုင်းဒေသကြီး/ပြည်နယ်အသီးသီးရှိကျောင်းများရဲ့ကျောင်းကျန်းမာရေးဆိုင်ရာဆောင်ရွက်ချက်အညွှန်းကိန်းများကို Power Point မှာတင်ပြထားပါတယ်။ ဒီနေရာမှာ Equality-Equity သဘောတရားကိုထည့်သွင်းစဉ်းစားရန်ဖြစ်ပြီးတော့ ဖွံ့ဖြိုးတိုးတက်မှုအားနည်းတဲ့တိုင်းရင်းသားဒေသများနဲ့ ဝေးလံခေါင်ဖျားအရပ်ဒေသများကို ဦးစားပေးပြီး ကျောင်းကျန်းမာရေးဆိုင်ရာလုပ်ငန်းများကို ပိုမိုအလေးထားဆောင်ရွက်ပေးသင့်ပါကြောင်း အကြံပြုတင်ပြအပ်ပါတယ်။

လေးစားအပ်တဲ့ဥက္ကဋ္ဌကြီးခင်ဗျား။ မိမိတို့နိုင်ငံရဲ့အခြေခံပညာကျောင်းသားဦးရေဟာ ကိုးသန်းကျော်ခန့်ရှိကြောင်း သိရှိရပြီးတော့ ဒီပမာဏအတွက် ကျောင်းကျန်းမာရေးလုပ်ငန်းစဉ်များကို ထိရောက်စွာဆောင်ရွက်ပေးခြင်းအားဖြင့် အမျိုးသားကျန်းမာရေးစီမံကိန်းကိုပါ ထိရောက်အောင်မြင်

စေမှာဖြစ်ပါတယ်။ ဒါအပြင် ကျောင်းကျန်းမာရေးကနေတစ်ဆင့် ဘဝတစ်သက်တာလုံး ကျန်းမာကြံ့ခိုင်ရေးအတွက် အရေးကြီးတဲ့တစ်ကိုယ်ရည်သန့်ရှင်းရေးနဲ့ ကျန်းမာရေးအလေ့အကျင့်ကောင်းများကို ဆက်လက်တည်ဆောက်သွားနိုင်မှာဖြစ်ကြောင်း အကြံပြုဆွေးနွေးရင်း နိဂုံးချုပ်အပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ သထုံမဲဆန္ဒနယ်မှ ဒေါ်မာမာခိုင် ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဒေါ်မာမာခိုင်(သထုံမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အားလုံးမင်္ဂလာပါရှင်။ ကျွန်မကတော့ ရွှေဘိုမဲဆန္ဒနယ်က ဒေါက်တာဒေါ်အေဇင်လတ်ရဲ့အဆိုကို ထောက်ခံအကြံပြုဆွေးနွေးမယ့် သထုံမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်မာမာခိုင်ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးရှင်။ စောစောက တပ်မတော်သားကိုယ်စားလှယ်တင်ပြသွားသလိုပါပဲ။ ကျောင်းကျန်းမာရေးလုပ်ငန်းလို့ ပြောလိုက်တာနဲ့ ဒီလုပ်ငန်းစဉ်မှာ အစိုးရ၊ ဆရာဆရာမနှင့် ကျောင်းသားမိဘဆိုတဲ့ ထောက်တိုင်သုံးခုက ဟန်ချက်ညီညီဆောင်ရွက်သွားရမယ့်လုပ်ငန်းစဉ်ဆိုတာ ကျွန်မတို့အားလုံးသိထားရပါမယ်။ အစိုးရအဖွဲ့ဆိုတဲ့နေရာမှာ အဓိကအားဖြင့် ပညာရေးဝန်ကြီးဌာနနှင့် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနတို့အပေါ်မှာ တည်မှီနေတာမို့ ဒီဝန်ကြီးဌာနတွေရဲ့ခိုင်မာတဲ့ Decision တွေချပြီး ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်မှုကလည်း အရေးကြီးလှပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ ကျောင်းစနေတဲ့အချိန်ကစပြီး ကလေးသူငယ်တွေက တစ်နေ့ကို ရှစ်နာရီလောက် ကျောင်းမှာရှိနေတဲ့အတွက် အိမ်မှာနေရတဲ့အချိန်ကနဲ့စာရင် ကျောင်းမှာနေတဲ့အချိန်က ပိုများတာမို့ ဒီကလေးအတွက် ကျန်းမာရေး၊ လုံခြုံရေးစတာတွေကို အဓိကထိန်းကျောင်းပေးရမှာက ဆရာတွေရဲ့တာဝန်ဖြစ်လာပါတယ်။ ဒါကြောင့် ကလေးများရဲ့ကျန်းမာရေးအတွက် လိုအပ်ချက်ဖြစ်တဲ့ အစားအစာနှင့်ကိုယ်လက်ကြံ့ခိုင်ရေးအားကစားလှုပ်ရှားမှုတွေက မရှိမဖြစ် လိုအပ်လာပါတယ်။ တချို့ကျောင်းတွေမှာ ကာယဆရာများ ထားရှိပေးတာဖြစ်ပေမဲ့ ဆရာလိုအပ်ချက်အရ စာဝင်ပြီးသင်နေရတာမို့ ကလေးတွေအတွက် အားကစားလေ့ကျင့်သင်ကြားလေ့မရှိတော့ပါဘူး။ ကျောင်းတွေမှာလုံလောက်တဲ့ အားကစားလုပ်စရာ ကွင်းနေရာတွေကလည်း မရှိသလောက်ဖြစ်နေပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ် ကျောင်းတွေမှာကတော့ သက်ဆိုင်ရာအားကစားနည်းတစ်ခုခုကို ကျွမ်းကျင်တဲ့ဆရာတွေက ကာယဆရာအဖြစ်ထားသင့်ပါတယ်။ ဒါ့အပြင် ပညာရေးဌာနအနေနဲ့လည်း ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနနှင့်ပေါင်းစပ်မှုအားကောင်းဖို့လည်း အများကြီးလိုအပ်ပါတယ်ရှင်။ ကျန်းမာရေးအတွက် လိုအပ်ချက်နောက်တစ်ခုကတော့ အစားအသောက်ပါပဲ။ ဒီကိစ္စမှာတော့ မိဘနှင့်ဆရာ အဓိကကျပြီးတော့ အစိုးရရဲ့ပံ့ပိုးကူညီမှုကလည်း လိုအပ်ပါတယ်။ မိဘတွေက ကျောင်းသွားတဲ့ကလေးတွေအတွက် မုန့်ဖိုးတွေပေးလိုက်ရုံနဲ့ တာဝန်မကျေပါဘူးရှင်။ ကလေးတွေအတွက် ကောင်းမွန်သန့်ရှင်း၊ အာဟာရပြည့်စုံတဲ့အစားအစာတွေကို ဖန်တီးပေးဖို့ လိုပါတယ်။ မိမိပေးလိုက်တဲ့မုန့်ဖိုးနဲ့ သန့်ရှင်းလတ်ဆတ်မှုမရှိတာတွေကို ကလေးတွေစားမိရင် ကိုယ်ပေးတဲ့ငွေနဲ့ ကိုယ့်သားသမီးကို ပြန်သတ်နေသလိုဖြစ်နေမှာလည်း သတိထားသင့်ပါတယ်။ အထူးသဖြင့် ကျောင်းမုန့်ဈေးတန်းတွေမှာရောင်းချနေတဲ့ဆိုင်တွေမှာ အဆိုရှင်ဆွေးနွေးခဲ့သလိုပါပဲ။ အရောင်ဆိုးထားတဲ့မုန့်တွေ၊ မသန့်ရှင်းတဲ့ငရုပ်ဆီနဲ့အသုံးပြုပြီးတော့ တုတ်ထိုး၊ အသုပ်စုံတွေ ပြုလုပ်ရောင်းချတာတွေ၊ တာရှည်ခံဓာတုဗေဒပစ္စည်းတွေအသုံးပြုထားတဲ့

အသားလုံးတို့ အမျိုးမျိုးလည်းရှိနေဆဲပါပဲ။ ဒီလိုရောင်းချတာတွေကို ဆရာဆရာမတွေ၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့တွေက သက်ဆိုင်ရာကျောင်းကျန်းမာရေးဌာနနဲ့ပူးပေါင်းပြီးတော့ စစ်ဆေးခြင်းဖြင့် မိမိတို့ရဲ့ကလေးတွေ ကျန်းမာရေးကို စောင့်ရှောက်သင့်ပါတယ်။ ကျန်းမာရေးဌာနအနေနဲ့လည်း ကျောင်းကျန်းမာရေးရက်သတ္တပတ်စီမံချက်နေ့တွေမှာသာ ဆောင်ရွက်တာမဟုတ်ဘဲနဲ့ အခါအားလျော်စွာ ကျောင်းတွေမှာ ပညာရေး၊ စည်ပင်သာယာရေး၊ FDA အဖွဲ့၊ အထွေထွေအုပ်ချုပ်ရေးအဖွဲ့ စတဲ့အဖွဲ့တွေနဲ့ပူးပေါင်းပြီးတော့ စစ်ဆေးသင့်ပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ သူတစ်ပါးနိုင်ငံတွေလို ဘဏ္ဍာငွေအများအပြားအကုန်မခံနိုင်ခင်မှာ နိုင်ငံတော်အနေနဲ့ ကလေးတွေကြံ့ခိုင်ကျန်းမာရေးအတွက် အထောက်အကူပြုနိုင်မယ့်အစီအစဉ်တစ်ခုကို အကြံပြုလိုပါတယ်။ Power Point အသုံးပြုခွင့်ပြုပါရှင်။ ဒါကတော့ ကျွန်မတို့မြို့နယ်မှာ ဆရာတော်ရှင်ဆန္ဒာဓိကရဲ့ကူညီချိတ်ဆက်ပေးမှုနဲ့ ပြီးခဲ့တဲ့ ပညာသင်နှစ်မှာ Pilot Project ဖြင့် ကျောင်းနှစ်ကျောင်းမှာ ကျောင်းသားပေါင်း ၇၀၀ ကို နွားနို့တိုက်ကျွေးတဲ့ School Milk Programme ဖြစ်ပါတယ်။ ဒီစီမံကိန်းရဲ့ပင်မအလှူရှင်ကတော့ ဆွီဒင်နိုင်ငံသားဖြစ်ပါတယ်။ ဆရာတော်ရဲ့ကူညီထောက်ပံ့ပေးမှုနဲ့လည်း ပဲနို့တိုက်ကျွေးတဲ့ ကျောင်းနှစ်ကျောင်းရှိပါတယ်။ ဒီကလေးတွေကို စတင်တိုက်ကျွေးတဲ့အခါမှာ သူတို့ရဲ့ Length နဲ့ Weight ကို ပုံမှာပြထားသလို မှတ်တမ်းတင်ထားပြီး နောက်ထပ်လတွေမှာလည်း အဆင့်ဆင့်မှတ်တမ်းတွေ ပြုစုထားရပါတယ်။ ဝိုင်းဝန်းကူညီကြတာကတော့ သက်ဆိုင်ရာကျောင်းဆရာဆရာမတွေ၊ ကျောင်းအကျိုးတော်ဆောင်တွေနဲ့ ကျွန်မတို့ သထုံ NLD အလုပ်အမှုဆောင်အဖွဲ့နဲ့ လူငယ်အဖွဲ့တွေပါပဲ။ တစ်ပတ်ကို သုံးရက်တိုက်ကျွေးပါတယ်။ ထူးခြားတာကတော့ ဒီကလေးတွေ ကျောင်းတက်မှန်လာတယ်။ သွက်လက်ဖျတ်လတ်ပြီး ကျန်းမာရေးကောင်းမွန်လာကြတာပါပဲရှင်။ ဒီ Programme ကို ၂၀၁၃-၂၀၁၄ ခုနှစ်မှ၊ ၂၀၁၆-၂၀၁၇ ခုနှစ်အထိ ထားရှိကြောင်း သိရပါတယ်။ ဒီအကောင်အထည်ဖော်ဆောင်ရွက်တဲ့နေရာမှာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနက ဦးဆောင်ပြီး ပညာရေးဝန်ကြီးဌာနနဲ့ ကျန်းမာရေးဝန်ကြီးဌာနတို့နှင့်အလှူရှင်အဖွဲ့တွေက ပူးပေါင်းဆောင်ရွက်ခဲ့တာဖြစ်ပြီး ပုံမှာဖော်ပြထားတဲ့အတိုင်း ဆောင်ရွက်ခဲ့တယ်လို့လည်း သိရပါတယ်။ ပုံမှာပါတဲ့အတိုင်းလည်း အကျိုးရလဒ်တွေ ရှိခဲ့ပါတယ်။ ဒီစီမံကိန်းကာလပြီးဆုံးတော့မှာဖြစ်လို့ နောက်ထပ် ထပ်တိုးမယ်ဆိုရင် တစ်ပတ်ကို သုံးရက်နှုန်းနဲ့ တိုက်ကျွေးဖို့အတွက်ကုန်ကျစရိတ်ကို အလှူရှင်အဖွဲ့က နှစ်ပုံစိုက်ပြီး အစိုးရဘက်က တစ်ပုံစိုက်ပေးခြင်းအားဖြင့်ဆက်လက်ဆောင်ရွက်ပေးသွားနိုင်မယ်ဖြစ်တယ်လို့လည်း သိရှိရပါတယ်။ ကရင်ပြည်နယ်အစိုးရအနေနဲ့ လာမယ့်ပညာသင်နှစ်အတွက် ကျောင်းသား ၃၀၀၀ စာအတွက် ချိတ်ဆက်ဆောင်ရွက်ထားသလို မွန်ပြည်နယ်အစိုးရကလည်း ၃၀၀၀ စာအတွက် စီစဉ်ပေးဖို့ ဆွေးနွေးနေတယ်လို့ သိရှိရပါတယ်။ ဆိုလိုတာက ဒီကိစ္စက လတ်တလောအခြေအနေမှာ ကလေးတွေရဲ့ကျန်းမာရေးအတွက်ကောင်းမွန်တဲ့ရလဒ်တွေရှိနေလို့ အစိုးရအနေနဲ့ဆက်လက်လုပ်ဆောင်သင့်သလို ကျောင်းသားမိဘတွေကလည်း ပူးပေါင်းပါဝင်သင့်ပါတယ်။ ပူးပေါင်းပါဝင်မှုမရှိရင်လည်း အစိုးရက ဘဏ္ဍာငွေချပေးလည်း ထိထိရောက်ရောက်လုပ်နိုင်မှာမဟုတ်တဲ့အတွက် ခိုင်မာတိကျတဲ့မူဝါဒတွေ ချမှတ်ပြီးတော့ ဆောင်ရွက်ဖို့ လိုပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ ကျွန်မတို့နိုင်ငံရဲ့အနာဂတ်ကလေးတွေကို ကြံ့ခိုင်ကျန်းမာစွာ ပညာသင်ကြားနိုင်ဖို့ အထူးလိုအပ်လှတဲ့ကျောင်းကျန်းမာရေးအစီအစဉ်ကို နိုင်ငံတော်ဘဏ္ဍာထဲက ထည့်သွင်းသုံးစွဲခြင်းက တိုင်းပြည်အတွက် အဖိုးမဖြတ်နိုင်တဲ့ လူသားအရင်းအမြစ်တွေရရှိနိုင်မှာဖြစ်တဲ့ ရင်းနှီးမြှုပ်နှံမှုတွေသာဖြစ်ပြီး ပြန်မရနိုင်တဲ့ရင်းနှီးမြှုပ်နှံမှုမဟုတ်တာကြောင့် အဆိုရှင်ရဲ့အဆိုကို ကျွန်မအနေနဲ့ လေးလေးနက်နက်ထောက်ခံအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ရှင်။

**ဥက္ကဋ္ဌ**။ ။ညောင်လေးပင်မဲဆန္ဒနယ်မှ ဒေါက်တာမြင့်သိန်း ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဒေါက်တာမြင့်သိန်း(ညောင်လေးပင်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဧည့်သည်တော်များအားလုံးမင်္ဂလာပါခင်ဗျား။ ကျွန်တော်က ပဲခူးတိုင်းဒေသကြီး၊ ညောင်လေးပင်မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာမြင့်သိန်းဖြစ်ပြီး ရွှေဘိုမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဒေါ်အေးဇင်လတ်ရဲ့အဆိုကို ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ Power Point သုံးခွင့်ပြုပါခင်ဗျား။ ဥက္ကဋ္ဌကြီးခင်ဗျား။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရဲ့ရွေးကောက်ပွဲကြေညာစာတမ်း ကျန်းမာရေးကဏ္ဍအမှတ်စဉ်(၃)ဖြစ်ပါတယ်။ ဒီမှာကလေးသူငယ်များကို ကျန်းမာရေးဆိုင်ရာ အလေ့အကျင့်ကောင်းတွေရရှိဖို့အတွက် ကျောင်းကျန်းမာရေးလုပ်ငန်းတွေကို တိုးမြှင့်ဆောင်ရွက်သွားမယ်လို့ ဖော်ပြထားရှိပါတယ်။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနရဲ့အန္တိမရည်မှန်းချက်ဖြစ်ပါတယ်။ အခုလိုပြည်သူတစ်ရပ်လုံးရဲ့ကျန်းမာရေးအဆင့်အတန်း ရေရှည်ဖွံ့ဖြိုးတိုးတက်စေဖို့အတွက် အရည်အသွေးပြည့်ဝပြီးတော့ လူတိုင်းလက်လှမ်းမီတဲ့ ကျန်းမာရေးလွှမ်းခြုံစောင့်ရှောက်မှုရရှိစေရန် ကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်ရေးအတွက် အမျိုးသားကျန်းမာရေးစီမံကိန်း(၂၀၁၇-၂၀၂၁)ကိုလည်း ရေးဆွဲဆောင်ရွက်နေပြီ ဖြစ်ပါကြောင်းကို သိရှိရပါတယ်။ ကျောင်းကျန်းမာရေးလုပ်ငန်းရဲ့ရည်ရွယ်ချက်(၆)ချက် ဖြစ်ပါတယ်။ ဒီရည်ရွယ်ချက်များကို ရရှိရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်ရမယ့် ကျောင်းကျန်းမာရေးလုပ်ငန်းစဉ်များဖြစ်ပါတယ်။ ဒီလုပ်ငန်းစဉ်များထဲမှ ကျောင်းကျန်းမာရေးပညာပေးလုပ်ငန်းနှင့် ကာယနှင့်အားကစားလုပ်ငန်းများကို ဆွေးနွေးလိုပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ အခုလို ရည်ရွယ်ချက်များ၊ လုပ်ငန်းစဉ်များ ချမှတ်ထားပါသော်လည်း အကောင်အထည်ဖော်ဆောင်ရွက်ရာမှာတော့ အများစုမှာ လိုအပ်ချက်များ၊ အားနည်းချက်များရှိနေတာကို သိရှိရပါတယ်။ ကျွန်တော်ရဲ့မဲဆန္ဒနယ်ကို သာဓကပြုပြီး ပြောပါရစေခင်ဗျား။ ကျောင်းကျန်းမာရေးဌာနစိတ်မှာ ခွင့်ပြုအင်အားအတိုင်းဝန်ထမ်းများလစ်လပ်ခြင်းမရှိဘဲ ခန့်ထားပါတယ်။ သို့သော်လည်း မြို့နယ်အတွင်းမှာ ကျောင်းပေါင်း ၁၇၉ ကျောင်း၊ ကျောင်းသားဦးရေ ၄၃၃၀၀ ကျော်ရှိတဲ့အထဲမှာ ခန့်ထားတဲ့ဝန်ထမ်းဦးရေက နည်းပါးတာကို တွေ့မြင်နိုင်ပါတယ်ခင်ဗျား။ ဥက္ကဋ္ဌကြီးခင်ဗျား။ ၂၀၁၇-၂၀၁၈ ပညာသင်နှစ် ကျောင်းကျန်းမာရေးစစ်ဆေးပြီးစီးမှုအခြေပြဇယားအရ ကျောင်းသားပေါင်း ၄၃၀၀၀ ကျော်ရှိတဲ့အထဲမှာ ၂၃၀၀၀ ကျော်လောက်ကိုသာ စစ်ဆေးနိုင်တာကို တွေ့ရှိရပါတယ်။ အခုလိုဖြစ်ရခြင်းဟာလည်းပဲ ကျောင်းကျန်းမာရေးဆရာဝန်၊ ဆရာမများ၊ ဝန်ထမ်းများ ပြည့်စုံလုံလောက်မှုမရှိခြင်း၊ ဆိုင်ရာကျောင်းများ တစ်နည်းအားဖြင့်ဆိုသော် သက်ဆိုင်ရာ

ပတ်သက်ရာဌာနများကနေပြီးတော့ ပူးပေါင်းပါဝင်မှု၊ အားပေးမှုနည်းပါးခြင်းတို့ကြောင့်ဆိုတာကို တွေ့ရှိရပါတယ်ခင်ဗျား။ ကျောင်းကျန်းမာရေးပညာပေးလုပ်ငန်းရဲ့အဓိပ္ပာယ်ဖွင့်ဆိုချက်ဖြစ်ပါတယ် ခင်ဗျား။ ကျောင်းကျန်းမာရေးပညာပေးဟောပြောပွဲတစ်ခုဖြစ်ပါတယ်။ အခုလိုပညာပေးလုပ်ငန်းဟာ ကလေးငယ်ဘဝကစပြီးတော့ လူတစ်ယောက်ရဲ့တစ်သက်တာလုံး ကျန်းမာရေးနဲ့ညီညွတ်တဲ့နေထိုင်မှု ပုံစံများ အလေ့အကျင့်ဖြစ်ရေး အခြေခံအုတ်မြစ်ပဲ ဖြစ်ပါတယ်ခင်ဗျား။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျောင်းသားလူငယ်ဘဝကတည်းက လက်ဆေးခြင်း စတဲ့ တစ်ကိုယ်ရည်သန့်ရှင်းစွာနေထိုင်တတ်ဖို့၊ ကျန်းမာရေးကို ထိခိုက်ပျက်ပြားစေတတ်တဲ့ အနေ အထိုင်၊ အမူအကျင့်တွေကို သိရှိနားလည်ပြီး ရှောင်ရှားနိုင်တဲ့သတ္တိ၊ အလေ့အကျင့်တွေ ဖြစ်ထွန်း ပေါ်ပေါက်ဖို့ လေ့ကျင့်ပညာပေးခြင်းဟာ အရေးကြီးပါတယ်။ အသိရှိသလိုပဲ အကျင့်ရှိဖို့လည်း လိုအပ် ပါတယ်။ ဒါ့အပြင် ပညာပေးလုပ်ဆောင်ရာမှာ ပညာပေးသူများကိုယ်တိုင် မှန်ကန်တဲ့နေထိုင်မှုပုံစံများ ကို နေထိုင်ပြသဖို့ကိုလည်း လိုအပ်ပါတယ်။ ဥပမာအားဖြင့် ဆေးလိပ်သောက်၊ ကွမ်းစားတတ်တဲ့ ဆရာ ဆရာမများ များတဲ့ကျောင်းက ကျောင်းသားကျောင်းသူများဟာ ဆေးလိပ်သောက်၊ ကွမ်းစားတတ်တဲ့ အကျင့်များရှိတာကို လေ့လာတွေ့ရှိရလို့ပဲ ဖြစ်ပါတယ်ခင်ဗျား။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ရေရှည်အကျိုးသက်ရောက်မှုအနေနဲ့ ကျောင်းသား လူငယ်များ ကျန်းမာကြံ့ခိုင်စေဖို့ အားကစားနှင့်ကာယလှုပ်ရှားမှုကို မြှင့်တင်နိုင်ဖို့ အခြေခံပညာဦးစီး ဌာနက ကာယပညာသင်ရိုးညွှန်းတမ်းများကိုလည်း လက်တွေ့သင်ကြားပေးလျက်ရှိပါတယ်။ အခြေခံ ပညာအလယ်တန်း၊ အထက်တန်းကျောင်းများမှာ ကာယပညာဆရာများကို ခန့်ထားပါတယ်။ သို့သော် လည်း လုံလောက်မှုမရှိပါဘူးခင်ဗျား။ ညောင်လေးပင်မြို့နယ်အတွင်းမှာ အလယ်တန်းနှင့်အထက်တန်း ကျောင်းပေါင်း ၂၀၊ ကျောင်းသားပေါင်း ၁၉၇၀၀ ကျော်ရှိတဲ့အထဲမှာ ကာယဆရာခုနစ်ဦးပဲ ရှိပါတယ်။ အခုလိုကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနရဲ့ ကျောင်းကျန်းမာရေးလုပ်ငန်းစဉ်တစ်ခုဖြစ်တဲ့ ကာယ နှင့်အားကစား လုပ်ငန်းလုပ်ဆောင်ရာမှာ ဝန်ကြီးဌာနချင်းအတူတူဖြစ်တဲ့ အားကစားနှင့်ကာယပညာ ဦးစီးဌာနမှလည်း ပူးပေါင်းဆောင်ရွက်ပေးဖို့ အကြံပြုလိုပါတယ်ခင်ဗျား။ ဒါ့အပြင် ဒီကာယလေ့ကျင့် ခန်းတွေဟာ ကျောင်းသားတွေကစပြီးတော့ တစ်သက်တာလုံးစွဲမြဲမှန်ကန်စွာကျင့်သုံးလုပ်ဆောင်သွား ရမယ့် ကျန်းမာရေးအတွက် ငွေကုန်ကြေးကျနည်းနည်းနဲ့လုပ်ဆောင်နိုင်တဲ့ လေ့ကျင့်ခန်းများပဲ ဖြစ်ပါ တယ်။ သို့သော်လည်း အချိန်ပေးလုပ်ဆောင်ဖို့ လိုပါတယ်။ သို့သော်လည်း ယနေ့ကျောင်းသား အများစုက ကာယလေ့ကျင့်ခန်းတွေပြုလုပ်ဖို့ ဒီပုံမှာပါရှိတဲ့ ကလေးငယ်များလို ပျော်ရွှင်မြူးတူးစွာ ကစားခုန်ကစားနိုင်ကြဖို့ကို အချိန်များရှားပါးကြတာကို တွေ့မြင်နေရပါတယ်။ သို့ဖြစ်ပါ၍ ကျောင်း စာသင်ချိန်ဇယားများမှာ သင့်တော်တဲ့ကျောင်းချိန်များမှာ စီစဉ်ထည့်သွင်းပေးဖို့ကိုလည်း အကြံပြုလိုပါ တယ်ခင်ဗျား။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ၂၀၁၇ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့က ကျင်းပပြုလုပ်တဲ့ အမျိုးသားကျန်းမာရေးစီမံကိန်း(၂၀၁၇-၂၀၂၁) စတင်ဆောင်ရွက်မှု အသိပေးခြင်းအခမ်းအနားမှာ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်မှ ပညာတတ်သည့်၊ ကျန်းမာသည့် ပြည်သူ ပြည်သားများသည် နိုင်ငံတစ်နိုင်ငံ၏အနာဂတ်အတွက် အကောင်းဆုံးအာမခံချက်ပင်ဖြစ်သည်လို့

ထည့်သွင်းမိန့်ကြားခဲ့ပါတယ်။ အခုလို တိုင်းသူပြည်သားတွေ ဖြစ်ထွန်းပေါ်ပေါက်ရေးအတွက် ကျောင်းကျန်းမာရေးလုပ်ငန်းဟာ အခြေခံကျပြီးတော့ အရေးပါတဲ့လုပ်ငန်းပဲ ဖြစ်ပါတယ်။ ဟန်ပြပွဲပြီးမီးသေလုပ်ရမယ့်အလုပ်မျိုး မဟုတ်ပါဘူး။ ရေရှည်စဉ်ဆက်မပြတ်ခေတ်အဆက်ဆက် ဆက်လက်လုပ်ဆောင်နေရမယ့် လုပ်ငန်းမျိုး ဖြစ်ပါတယ်။ ဒီလိုလုပ်ဆောင်နိုင်ဖို့ကို တိကျမှန်ကန်တဲ့မူဝါဒ ပြည့်စုံလုံလောက်တဲ့ ဘဏ္ဍာရန်ပုံငွေနှင့် ဒေသနှင့်ကိုက်ညီဆီလျော်တဲ့လုပ်နည်းလုပ်ဟန်တွေပါဝင်ပတ်သက်နေသူတွေရဲ့တာဝန်ကျေရုံမဟုတ်တဲ့ ပူးပေါင်းဆောင်ရွက်မှုတွေ များစွာလိုအပ်ပါတယ်။ သို့ဖြစ်ပါ၍ ရွှေဘိုမဲဆန္ဒနယ်က ဒေါက်တာဒေါ်အေဇင်လတ်ရဲ့အဆိုကို ထောက်ခံရပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ မင်းလှမဲဆန္ဒနယ်မှ ဒေါက်တာသန်းအောင်စိုး ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဒေါက်တာသန်းအောင်စိုး(မင်းလှမဲဆန္ဒနယ်)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအဆင့်ဝန်ကြီးများ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာပါ။ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီး၊ မင်းလှမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာသန်းအောင်စိုး ဖြစ်ပါတယ်။ ရွှေဘိုမဲဆန္ဒနယ်က ဒေါက်တာဒေါ်အေဇင်လတ်ရဲ့အဆိုကို ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ ဒီအဆိုရဲ့ အဓိကရည်ရွယ်ချက်က ကျန်းမာသန်စွမ်းတဲ့ အနာဂတ်လူငယ်များပေါ်ပေါက်ရေးဖြစ်ပါတယ်။ ဆောင်ရွက်ရမယ့်လုပ်ငန်းက ကျောင်းကျန်းမာရေးပါ။ မူလတန်းပညာ မသင်မနေရစနစ်ကို အကောင်အထည်ဖော်နေတာမို့ လူငယ်တိုင်း အနည်းဆုံးမူလတန်းကျောင်းသားဘဝကို ဖြတ်သန်းရမှာပါ။ ဒါကြောင့် ကျောင်းကျန်းမာရေးက လူငယ်အားလုံးကို ပျိုးထောင်ပေးချင်တာပါ။ ရေရှည် Sustainable ဖြစ်ဖို့ဆိုတာ ဘဏ္ဍာငွေမပြတ် ရရှိဖို့လိုပါတယ်။ ဆေးလိပ်၊ ဆေးရွက်ကြီး၊ အရက်၊ ဘီယာတို့အပေါ်မှာ အခွန်တိုးကောက်ပြီး ရာခိုင်နှုန်းတချို့ကို ဒီလုပ်ငန်းမှာသုံးဖို့ တစ်ဖက်ကလည်း ကျန်းမာရေးကိုထိခိုက်စေတဲ့ပစ္စည်းတွေ သုံးစွဲမှုလျော့ကျစေသလို တစ်ဖက်ကလည်း နိုင်ငံတော်အခွန်ရပြီး ကောင်းမွန်တဲ့အလုပ်တွေကို ဘဏ္ဍာငွေမပြတ်ရရှိအောင် ဆောင်ရွက်နိုင်မှာပါ။ အရက်၊ ဆေးလိပ်၊ ဘီယာ ကြိုက်တဲ့သူတွေကတော့ နည်းနည်းလေးဈေးကြီးသွားနိုင်ပါတယ်။ နိုင်ငံတော်နှင့် ဆီလျော်ကိုက်ညီတဲ့ နည်းလမ်းကောင်းတွေကို အသုံးပြုဆောင်ရွက်ရမယ်ဆိုတာ လူတိုင်းလက်ခံနိုင်တဲ့ Diplomacy အပြည့်အဝရှိတဲ့ နည်းလမ်းပါ။ ဆက်စပ်ဝန်ကြီးဌာနတွေလည်း ပါဝင်ရမယ်ဆိုတော့ အတိုင်းထက်အလွန်ကောင်းတဲ့ အဆိုလို့ပဲဆိုပါရစေ။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ School Health ဆိုတာ ကျောင်းကျန်းမာရေးလုပ်ငန်း၊ ကျောင်းကျန်းမာရေးလုပ်ငန်းလို့ပြောလိုက်ရင် ကျောင်းသားကျောင်းသူလေးတွေကိုပဲ အဓိက ပြေးပြီးမြင်ကြပါတယ်။ ဆက်စပ်နေတဲ့ ဆရာဆရာမနဲ့ကျောင်းဝန်ထမ်းတွေပါ ထည့်စဉ်းစားရမှာ ဖြစ်ပါတယ်။ ဒါကြောင့် လုပ်ငန်းတွေ တကယ်ဆောင်ရွက်တဲ့အခါမှာ ဆရာဆရာမထက် ကျောင်းဝန်ထမ်းတွေအတွက်ပါ ထည့်သွင်းဆောင်ရွက်ပေးဖို့လည်းလိုပါတယ်။ ကလေးတွေကျန်းမာဖို့ Physical, Mental, Social လို့ခေါ်တဲ့ကိုယ်၊ စိတ်၊ လူမှုဆက်ဆံရေးအားလုံး ဖွံ့ဖြိုးဖို့လိုပါတယ်။ ကျွန်တော်တို့ငယ်ငယ်က ကျောင်းကိုစောစောသွား၊ ပြေးတမ်းလိုက်တမ်း

ကစား၊ ထုတ်ဆီးတိုးတမ်းကစား၊ ရွှေစွန်ညို၊ ကျောက်ဒိုးရိုက်၊ သားရေကွင်းပစ် ခေါင်းလောင်းတီးခါမှ ချွေးတွေနဲ့ စာသင်ခန်းထဲဝင်၊ မုန့်စားကျောင်းဆင်းရင် ဘောလုံးကန်၊ ညနေကျောင်းဆင်းပြန်တော့ ဘောလုံးကန်၊ နွေရာသီကျောင်းပိတ်ရက်ဆိုရင်လည်း စာအုပ်၊ လွယ်အိတ်တွေပစ်ထားပြီး အားပါးတရ ဆော့ကစား၊ ကျောင်းပြန်ဖွင့်ကာမှ အတန်းဟောင်းကစာတွေကို ဆရာကတစ်လလောက်နွှေးပေးရပါတယ်။ ဒီတော့မှ အရှိန်ရသွားပါတယ်။ ခုန ကျန်းမာရေးဝန်ကြီးပြောကြားသွားတဲ့ Exercise is Medicine လို့ ဆိုရမလိုပါပဲ။ ဒီလိုကစားလို့လည်း ကျွန်တော်တို့တွေ လူညံ့လေးတွေ မဖြစ်ခဲ့ကြပါဘူး။ အခုတော့ ကလေးတွေမှာ ကစားစရာကွင်းမရှိ၊ ဖုန်းဂိမ်း၊ ကွန်ပျူတာဂိမ်း၊ တီဗွီဂိမ်းတွေနဲ့ ဆုကြေး အနေနဲ့တော့ မျက်မှန်လေးတွေပဲ လက်ဆောင်ရကြပါတယ်။ ကျောင်းပြီးကျူရှင်၊ ကျူရှင်ပြီးကျောင်း၊ နွေကျောင်းပိတ်ပြန်တော့ နောက်တစ်တန်းအတွက် ကြိုပြီးကျူရှင်တက်ရ၊ Stress ဆိုတဲ့ ဖိစီးမှုပေါင်း များစွာဟာ ကလေးတွေကို ကျန်းမာရေးအတွက် အနှောက်အယှက်ဖြစ်စေပါတယ်။ ဒါလေးတွေကို လျှော့ပေးပါဦး။ ကလေးတွေကစားခွင့်ရရှိအောင် ဖန်တီးပေးကြပါဦး။ ကစားကွင်း တွေဖန်တီးပေးကြပါဦးလို့ မိဘတွေရော၊ ဆရာဆရာမတွေရော၊ သက်ဆိုင်ရာဝန်ကြီးဌာနတွေကိုပါ တိုက်တွန်းပါရစေ။ နောက်တစ်ခုက ကျောင်းမုန့်ဈေးတန်းကိစ္စပါ။ အဆိုရှင်လည်း တင်ခဲ့ဖူးပါတယ်။ ကလေးကျောင်းမုန့်ဈေးတန်းဟာ ကလေးတိုင်းကြိုက်ပါတယ်။ ကျွန်တော်ငယ်ငယ်က ကျောင်းမှာ စားဖို့ဆိုရင် မိဘတွေက မုန့်အမြဲထည့်ပေးပါတယ်။ ဒါပေမဲ့ မရပါဘူး။ ကျောင်းရောက်တဲ့အခါကျတော့ သူများနဲ့လဲပြီးစားပါတယ်။ မုန့်ဝယ်စားပါတယ်။ ဒါကြောင့် ကျောင်းမုန့်ဈေးတန်းဟာလည်း ကျန်းမာရေးနှင့်ညီညွတ်ဖို့ အထူးလိုအပ်ပါတယ်။ အာဟာရပြည့်ဝတဲ့ အသား၊ ငါး၊ ဥ၊ နို့တွေ ဈေးသက်သက်သာသာနဲ့စားနိုင်ဖို့ အပြည့်အဝမဆောင်ရွက်နိုင်သေးတဲ့အချိန်အခါမှာ ပဲနို့ကို ကျွန်တော်တို့ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ကလည်း ကျောင်းတွေမှာ တိုက်ကျွေးဖို့ စီစဉ်ပေးထားတာဟာ အင်မတန်ကောင်းပါတယ်။ ပဲနို့တစ်ခွက်ဟာ နွားနို့တစ်ခွက်နီးပါး အာဟာရပြည့်ဝပါတယ်။ ပဲပိစပ်၊ ပဲပုပ် စတာတွေကို တစ်ညရေစိမ်ပြီး နောက်တစ်နေ့မနက်မှာကြိတ်၊ ပြီးရင်ကျို၊ ကျောင်းမတက်ခင် ကလေးတိုင်းကို တစ်ခွက်စီတိုက်နိုင်တာဟာ အလွန်အာဟာရပြည့်ဝစေပါတယ်။ ပဲနို့တိုက်လို့ အလေးချိန်တွေတက်လာတာ၊ ဝိတ်တက်လာတာ၊ ဉာဏ်ရည်ကောင်းလာတာတွေဟာ သုတေသနလုပ်ထားတာတွေလည်း အများကြီးရှိပါတယ်။ ဒီ့အပြင် အရောင်းရခက်နေတဲ့၊ ဈေးကျနေတဲ့ပဲတွေကိုလည်း ပြည်တွင်းမှာ အကျိုးရှိရှိအသုံးချနိုင်တဲ့ အခွင့်အလမ်းတစ်ရပ်လည်း ပေါ်ပေါက်လာစေပါတယ်။ ကူးစက်ရောဂါတွေကာကွယ်ဖို့၊ ကာကွယ်ဆေးထိုးဖို့၊ သန်တွေချဖို့၊ ဗီတာမင်အေတို့၊ သံဓာတ်တို့ စတဲ့အားဆေးတွေတိုက်ကျွေးဖို့၊ စာသင်ချိန်တွေ၊ ကစားချိန်တွေနဲ့ မျှမျှတတရှိဖို့ဆိုတာဟာ ပညာရေးဝန်ကြီးဌာနရော၊ ကျန်းမာရေးဝန်ကြီးဌာနတွေရဲ့ တာဝန်ပါ။ အလင်းရောင် အလုံအလောက်ရရှိဖို့၊ လေဝင်လေထွက်ကောင်းဖို့ ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် စည်ပင်သာယာရေးစတဲ့ ဆက်စပ်ဝန်ကြီးဌာနတွေနဲ့ အဖွဲ့အစည်းတွေတာဝန်ပါ။ သူတို့တွေသာမက အခြားဝန်ကြီးဌာနနှင့် အဖွဲ့အစည်းတွေပါ ပေါင်းစပ်ညှိနှိုင်းပြီး ရေရှည်စီမံချက်ချဆောင်ရွက်သင့်ပါကြောင်း အဆိုရှင် ဒေါက်တာဒေါ်အေဇင်လတ်ရဲ့အဆိုကို လေးလေးနက်နက် ထောက်ခံတင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ သနပ်ပင်မဲဆန္ဒနယ်မှ ဦးမြင့်ဦး ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးမြင့်ဦး(သနပ်ပင်မဲဆန္ဒနယ်)**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အားလုံးပဲ မင်္ဂလာပါ။ ကျွန်တော်ကတော့ သနပ်ပင်မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်ဦးဖြစ်ပါတယ်။ ဒေါက်တာဒေါ်အေဇင်လတ်တင်သွင်းတဲ့အဆိုကို အကြံပြုထောက်ခံ ဆွေးနွေးသွားမှာဖြစ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ အနာဂတ်မှာ ကျန်းမာသန်စွမ်းတဲ့ လူငယ်တွေ ဖြစ်ထွန်းပေါ်ပေါက်စေရန် ဘဏ္ဍာငွေတစ်ရပ်ထူထောင်ဆောင်ရွက်ဖို့ တိုက်တွန်းတာကို အထူးအလေး အနက်ထောက်ခံပါကြောင်းနှင့် ရန်ပုံငွေကို အမြန်ဆုံးစတင်ထူထောင်သင့်ပြီး ဒီရန်ပုံငွေထဲကနေပြီး တော့ပဲ ဈေးနှုန်းသက်သာပြီးတော့ အာဟာရတန်ဖိုးမြင့်တဲ့ ပဲနို့တိုက်ကျွေးတဲ့အစီအစဉ်နဲ့ စစေချင်ပါ ကြောင်း အကြံပြုတင်ပြအပ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ လွန်ခဲ့တဲ့နှစ်နှစ်ခန့်က ရွှေပါရမီဖောင်ဒေးရှင်း က သနပ်ပင်မြို့နယ်မှာလာရောက်ပြီးတော့ အခမဲ့ဆေးဝါးကုသမှုပေးခဲ့ပါတယ်။ အဲဒီမှာ ကိုးတန်း ကျောင်းသူကျောင်းသား ၃၀၀ လောက်က လုပ်အားပေးကြပါတယ်။ ရွှေပါရမီရဲ့ နာယကဆရာတော် ဦးဆန္ဒာဓိကက ကလေးတွေရဲ့အသက်ကိုမေးပြီးတော့ ကလေးတွေ သိပ်သေးတယ်။ ပဲနို့တိုက်ဖို့ လမ်းညွှန်ပြီးတော့ ပဲနို့စက်နဲ့ ပဲအိတ်တွေကို လှူဒါန်းပေးခဲ့ပါတယ်။ ဖောင်ဒေးရှင်းဥက္ကဋ္ဌကြီးကလည်း ပဲနို့ရဲ့အာဟာရအကြောင်းကို ရှင်းလင်းပြီးတော့ ပြခဲ့ပါတယ်။ အဲဒီနောက်မှာ နိုင်ငံတော်၏အတိုင်ပင်ခံ ပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ပြည်ထောင်စုဝန်ကြီးလေးဦးဖြစ်တဲ့ ကျန်းမာရေးနှင့်အားကစား ဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာနတို့က ဝန်ကြီးတွေနဲ့ ရွှေပါရမီဖောင်ဒေးရှင်း က ဥက္ကဋ္ဌတို့ကို ပဲနို့တိုက်ကျွေးရေး ဆွေးနွေးစေတယ်လို့ ကြားသိခဲ့ရပါတယ်။ သို့သော်လည်း မြေပြင်မှာ သက်ဝင်လှုပ်ရှားမှုကတော့ မလုပ်နိုင်သေးပါဘူး။ အဓိကပြဿနာကတော့ ဘဏ္ဍာငွေအခက်အခဲလို့ သိရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ရွှေပါရမီဖောင်ဒေးရှင်းအနေနဲ့ကတော့ တစ်နိုင်ငံလုံးပဲနို့တိုက်ကျွေးနိုင်ရေးကို ဆက်လက်ပြီးတော့ ကြိုးပမ်းဆောင်ရွက်နေပါတယ်။ မုဒိတာဖောင်ဒေးရှင်းကတော့ ပဲခူးတိုင်းဒေသကြီး မှာ ပဲနို့တိုက်ကျွေးရေးကို ပဲခူးတိုင်းဒေသကြီးအစိုးရနဲ့ ချိတ်ဆက်ဆောင်ရွက်နေတာ အခုဆိုရင် ကျောင်းပေါင်း ၁၀၀ ကျော်ကို လှူဒါန်းပြီးပါပြီ။ ဖောင်ဒေးရှင်းကလည်း သီးခြားကျောင်းပေါင်း ၅၀ ကျော်ကို လှူဒါန်းပြီးပါပြီ။ ကျွန်တော်တို့ရဲ့ သနပ်ပင်မြို့နယ်မှာတော့ ရွှေပါရမီဖောင်ဒေးရှင်း၊ မုဒိတာ ဖောင်ဒေးရှင်းနှင့် အာရှမြင့်မြတ် ကုမ္ပဏီတို့ရဲ့အကူအညီနဲ့ ကျောင်းပေါင်း ၅၀ ကျော်မှာ တိုက်ကျွေးနေပြီ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ပဲနို့ရဲ့အာဟာရတန်ဖိုးများ၊ နိုင်ငံတကာမှာ ပဲနို့တိုက်ကျွေးနေတာနဲ့ ပဲခူးတိုင်းဒေသကြီးရဲ့ ပဲနို့တိုက်ကျွေး နေတာတွေကို Power Point နှင့် ရှင်းလင်းတင်ပြခွင့်ပြုပါ။ ဒါကတော့ ပဲနို့မှာဘာတွေပါသလဲဆိုတာကို ပြောပြထားတာဖြစ်ပါတယ်။ အစကတော့ ဒါ တရုတ်ပြည်က စပြီးတော့ တိုက်ကျွေးခဲ့တာဖြစ်ပါတယ်။ ပဲပိစပ်၊ ပဲပုပ်၊ သိပ္ပံပဲလို့လည်းခေါ်ပါတယ်။ ဒါကတော့ သူ့အထဲမှာ ဘာတွေပါသလဲဆိုတာကို ဖော်ပြတာဖြစ်ပါတယ်။ သီးနှံတွေမှာပါတဲ့ Protein တွေ၊ Loctose မပါပါဘူး။ နွားနို့နဲ့မတည့်သူများဟာ ပဲနို့တိုက်လို့ရပါတယ်။ ယော်မုန်းတွေမပါပါဘူး။ ဆီးချိုသမား တွေလည်း သောက်လို့ရပါတယ်။ ပဲနို့ရဲ့ ကျန်းမာရေးအာဟာရတန်ဖိုးများကို ဖော်ပြထားတာဖြစ်ပါတယ်။

Calcium, Iron ဓာတ်၊ Magnesium Phosphorous, Potassium, Sodium နှင့် Zinc အပြင်ကို Vitamin အမျိုးမျိုးပါရှိပါတယ်။ ကျန်းမာရေး အတွက် ပဲနို့သောက်ခြင်းရဲ့ ကောင်းကျိုးများဖြစ်ပါတယ်။ ကင်ဆာဖြစ်ပွားမှုကို ကာကွယ်ပေးခြင်း၊ ကိုယ်အလေးချိန်ကို ထိန်းညှိပေးခြင်း၊ သွေးဆုံးရောဂါကို လျှော့ပါးသက်သာစေခြင်း၊ အရိုးပွတာကို ကာကွယ်တာ၊ နှလုံးကျန်းမာရေးကောင်းမွန်တာ၊ အမြင်ကြည်လင်စေတာ၊ ဆီးချိုနှင့်ကျောက်ကပ်ရောဂါ ဖြစ်ပွားမှုကို လျှော့ချနိုင်တာ၊ သွေးတွင်းက ဆီဓာတ်ကို လျှော့ချနိုင်တာအပြင်ကို ရင်သားကင်ဆာကိုလည်း ကာကွယ်နိုင်တယ်။ စိတ်ပိုင်းဆိုင်ရာ ကိုလည်း ကောင်းမွန်စေတယ်လို့ ဆိုပါတယ်။ ဒါကတော့ အကျိုးကျေးဇူးများဖြစ်ပါတယ်။ ဒါကတော့ တခြားနိုင်ငံတွေမှာ ပဲနို့တိုက်ကျွေးနေတာတွေကို ဖော်ပြတာ ဖြစ်ပါတယ်။ ထိုင်းနိုင်ငံ၊ အိန္ဒိယနိုင်ငံ၊ တရုတ်နိုင်ငံ၊ အင်္ဂလန်နိုင်ငံ၊ တောင်အာဖရိကနိုင်ငံ၊ တောင်ကိုရီးယားနိုင်ငံ၊ စင်ကာပူနိုင်ငံ၊ ဖင်လန်နိုင်ငံ၊ ဂျပန်နိုင်ငံ၊ နော်ဝေနိုင်ငံ၊ ဆွီဒင်နိုင်ငံ၊ ဒိန်းမတ်နိုင်ငံနှင့် ဥရောပ၊ အာရှ၊ အမေရိကနိုင်ငံတွေမှာ တိုက်ကျွေးနေတာဖြစ်ပါတယ်။ ဒါကတော့ ထိုင်းနိုင်ငံမှာ တိုက်ကျွေးတဲ့ အစီအစဉ်ဖြစ်ပါတယ်။ (၃)နှစ်အရွယ်က နေပြီးတော့ (၁၈)နှစ်အထိကို ပဲနို့ကို နှစ်ရက် တိုက်ကျွေးပြီးတော့ နွားနို့ကို ငါးရက်တိုက်ကျွေးပါတယ်။ ဒါကတော့ ကျွန်တော်တို့ ပဲခူးတိုင်းဒေသကြီးမှာ တိုက်ကျွေးနေတာဖြစ်ပါတယ်။ ဒါကတော့ ပဲနို့ကျိုချက်နေတဲ့ပုံ၊ ကြိတ်နေတဲ့ပုံဖြစ်ပါတယ်။ ဒါကတော့ အမေစုမွေးနေ့မှာ ကျွန်တော်တို့မြို့နယ်မှာ တိုက်ကျွေးခဲ့တာဖြစ်ပါတယ်။ အလားတူပဲ ဗိုလ်ချုပ်အောင်ဆန်းမွေးနေ့တွေမှာလည်း ကျွန်တော်တို့က ကလေးသူငယ်ရာပေါင်းများစွာကို တိုက်ကျွေးတဲ့အလေ့အထရှိပါတယ်။ ဒါကတော့ ကျွန်တော်တို့မြို့နယ်မှာ တိုက်ကျွေးတာဖြစ်ပါတယ်။ ဒါကတော့ ကျွန်တော်တို့ လက်ပံတန်းမှာ ကျောင်းတစ်ကျောင်းကို သွားလှူခဲ့တာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတစ်ဝန်းမှာလည်း ကျွန်တော်တို့ကျောင်းတွေက ကျောင်းသားတွေလိုပဲ ပဲနို့တိုက်ကျွေးတဲ့အစီအစဉ်ကို လုပ်စေချင်ပါတယ်။ ပြည်ထောင်စုအစိုးရနဲ့ ဘဏ္ဍာရန်ပုံငွေတစ်ရပ် ထူထောင်ပြီးတော့ CSO, NGO, INGO တွေနဲ့ စေတနာရှင်လူပုဂ္ဂိုလ်တွေနဲ့ ချိတ်ဆက်ပူးပေါင်းပြီးတော့ အငယ်ဆုံးအတန်းကနေပြီးတော့ စပြီးတော့ တဖြည်းဖြည်းတိုးချဲ့တိုက်ကျွေးသွားမယ်ဆိုရင် အနာဂတ်မှာ ကျန်းမာသန်စွမ်းပြီးတော့ ဉာဏ်ရည် ထက်မြက်သော ပြည်ထောင်စုအတွက် အဖိုးအနဂ္ဃထိုက်တန်သော သားကောင်းသမီးမွန်များပေါ်ပေါက်ပါစေကြောင်း ဆန္ဒပြုရင်းအဆိုကို အလေးအနက်ထောက်ခံအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ကျိုက်မရောမဲဆန္ဒနယ်မှ ဦးစောကျော်ဝင်းမောင် ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးစောကျော်ဝင်းမောင်(ကျိုက်မရောမဲဆန္ဒနယ်)**။ ။ မင်္ဂလာပါခင်ဗျား။ ကျောင်းကျန်းမာရေး လုပ်ငန်းနဲ့ပတ်သက်ပြီး ရွှေဘိုမဲဆန္ဒနယ်မှ ဒေါက်တာဒေါ်အေဇင်လတ်ရဲ့အဆိုကို ကျိုက်မရောမဲဆန္ဒနယ်မှ ကျွန်တော် ဦးစောကျော်ဝင်းမောင်က ထောက်ခံအကြံပြုဖြည့်စွက်ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point အသုံးပြုခွင့်ပေးပါရန် လေးစားစွာမေတ္တာရပ်ခံအပ်ပါတယ်ခင်ဗျား။ အဆိုရှင်ရဲ့တင်ပြမှုအပေါ်မှာ နှစ်ပိုင်းတွေ့ရပါတယ်။ ကျောင်းကျန်းမာရေးလုပ်ငန်းတွေကို နိုင်ငံတော်က မူဝါဒသတ်မှတ်ပြီး ဘတ်ဂျက်ချပေးဖို့အပိုင်းကို ထောက်ခံဆွေးနွေးသွားမှာဖြစ်ပြီးတော့ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနက အကောင်အထည်ဖော်ဖို့အတွက် အကောင်အထည်ဖော်ဖို့

ကိစ္စကို အကြံပြုဖြည့်စွက်ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ ကျောင်းကျန်းမာရေးလုပ်ငန်းကို ဘာကြောင့် အကောင်အထည်ဖော်သင့်သလဲ။ ကျွန်တော်တို့လူငယ်လူသားအရင်းအမြစ်တွေကို ပျိုးထောင်ခြင်း လုပ်ငန်းဖြစ်သလို ဒုတိယအချက်အနေနဲ့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရဲ့ ရွေးကောက်ပွဲကြေညာ စာတမ်းမှာ ပါတာတွေကတော့ ပညာရေးနှင့်ပတ်သက်ပြီး ရှေးဦးကလေးသူငယ်ပြုစုစောင့်ရှောက်ရေး စီမံကိန်းတွေဆောင်ရွက်သွားမယ်၊ ကာယ၊ဉာဏအားနည်းတဲ့ကလေးတွေအတွက် ပညာရေးအစီအစဉ် တွေ ဆောင်ရွက်သွားမှာဖြစ်သလို ကျန်းမာရေးနှင့်ပတ်သက်တဲ့ ကျောင်းကျန်းမာရေးလုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်သွားမယ်လို့ ကြေညာစာတမ်းမှာ ပါရှိထားပြီးဖြစ်ပါတယ်။ ကျောင်းကျန်းမာရေး လုပ်ငန်းဆိုင်ရာအခြေခံသဘောတရားအယူအဆ(၅)ချက်ကို တင်ပြလိုပါတယ်။ အချက်(၁)ကတော့ Parents and Communed Participation ဆိုတဲ့ မိဘရပ်ရွာ ပူးပေါင်းပါဝင်မှုနည်းရင် ဒီလုပ်ငန်း ဟာ ရေရှည်မတည်တံ့နိုင်ပါဘူး။ နောက်တစ်ချက်ကတော့ အားကစားရမှတ်ကို အောင်/ရှုံး သတ်မှတ်ရာမှာ ထည့်သွင်းသတ်မှတ်ပေးဖို့လိုပါတယ်။ နောက်တစ်ခါ ၁၀ တန်းရမှတ်နဲ့ တက္ကသိုလ် ဝင်ခွင့်သတ်မှတ်တဲ့စနစ်အစား တက္ကသိုလ်အလိုက် ဝင်ခွင့်စာမေးပွဲကျင်းပသွားရင် ကျောင်းကျန်းမာ ရေးလုပ်ငန်းဟာ ပိုမိုထိရောက်အောင်မြင်လာမှာ ဖြစ်ပါတယ်။ ကျောင်းဆရာဆရာမများအနက် ကျောင်းနေကလေးတိုင်းဟာ တိုက်ရိုက်ပတ်သက်နေတဲ့အတွက် ကျောင်းကျန်းမာရေးကို ပညာရေး ဝန်ကြီးဌာနကသာ တာဝန်ယူဆောင်ရွက်သင့်ပါတယ်။ ပညာရေးဝန်ကြီးဌာနမှာ အဆင့်ဆင့်အားကစား သင်တန်းဆင်း၊ ကာယပညာ၊ အားကစားပညာဝန်ထမ်းများ ရှိပြီးသားဖြစ်ပါတယ်။ အချက်(၄)အနေနဲ့ ကျန်းမာရေးအလေ့အကျင့်ကောင်းများဟာ ကျောင်းမှအိမ်၊ အိမ်မှ လူ့အဖွဲ့အစည်းသို့ရောက်ရှိဖို့ အတွက် ရည်ရွယ်ပြီးလုပ်ဖို့လိုပါတယ်။ အဓိကကတော့ ကျောင်းစစ်ဆေးခြင်းလုပ်ငန်းများဟာ ရှိပြီး သားဖြစ်တဲ့အတွက် Monitoring and Evaluation ကို ကြပ်ကြပ်မတ်မတ်ဆောင်ရွက်သင့်ပါတယ်။ ကျောင်းကျန်းမာရေးနှင့်ပတ်သက်ပြီး ဘာတွေကို ဘယ်သူတွေကဆောင်ရွက်သင့်သလဲ။ ရှေးဦးကလေး သူငယ်ပြုစုစောင့်ရှောက်ရေးလုပ်ငန်းကို အခြေခံပညာကျောင်းတိုင်းမှာ အကောင်အထည်ဖော်သင့် ပါတယ်။ ဒီနေ့လက်ရှိအကောင်အထည်ဖော်နေတာက နေ့ကလေးထိန်းကျောင်းအဆင့်သာရှိပါတယ်။ ဆင့်ပွားသင်တန်းများ အဆင့်ဆင့်ပေးပြီးတော့ လူမှုဝန်ထမ်းဌာနမှာဆိုလို့ရှိရင် ECC နဲ့ပတ်သက်တဲ့ နည်းပညာဟာ အပြည့်အစုံရှိပြီးသား ဖြစ်ပါတယ်။ အဲဒီကတစ်ဆင့် ပေါင်းစပ်ပြီးတော့ အကူအညီ တောင်းလို့ရပါတယ်။

(၂)အချက်အနေနဲ့ ကလေးတိုင်းကို တစ်ကိုယ်ရည်သန့်ရှင်းရေးစစ်ပြီးတော့ မြန်မာနိုင်ငံမှာ အဓိကကတော့ သန်ချတဲ့ကိစ္စက အဓိကဖြစ်တာ တွေ့ရမှာဖြစ်ပါတယ်။ (၃)အနေနဲ့ ပညာပေးမီဒီယာ အစီအစဉ်များနဲ့ ဗွီဒီယိုအခွေများပြသခြင်း၊ (၄)အနေနဲ့ School Lunch Programme ဆိုတဲ့ အိမ်နီးချင်းထိုင်းနိုင်ငံမှာ ဘုရင့်သမီးတော်သီရိဒုံဟာ တစ်နိုင်ငံလုံးအောင်မြင်အောင်ဆောင်ရွက်ခဲ့တာ တွေ့ရမှာ ဖြစ်ပါတယ်။ Thousand Calorie အစားအသောက်နဲ့ပတ်သက်ပြီး ကျွန်တော်တို့နိုင်ငံမှာ အတွေ့အကြုံရှိပြီးသားဖြစ်ပါတယ်။ အာဟာရပြည့်ဝတဲ့ထမင်းချက်နည်းကို ငါးနှစ်၊ ၁၀ နှစ်စီမံကိန်းချ ပြီး ဆောင်ရွက်ခဲ့တဲ့ဒေသအလိုက် အလွယ်တကူရရှိနိုင်တဲ့ပစ္စည်းများနဲ့ ချက်ထားတဲ့နည်းစနစ်တွေ ရှိပြီးသားဖြစ်ပါတယ်။ ဒါတွေဟာ စမ်းသပ်အောင်မြင်ခဲ့တဲ့နည်းတွေဖြစ်ပြီးတော့ ထုတ်မသုံးခဲ့တာပဲ၊

ရေရှည်မသုံးခဲ့လို့ပဲ ကျန်ခဲ့တာဖြစ်ပါတယ်။ ဆက်လက်ပြီး ကျောင်းကျန်းမာရေးနှင့်ပတ်သက်ပြီး စစ်ဆေးမှု လုပ်ပြတာမျိုးမဟုတ်ဘဲ ပုံမှန်လုပ်ဖို့အတွက် ကျောင်းဈေးဆိုင်သောက်သုံးရေ၊ ကျောင်းအိမ်သာ၊ အခြေခံအားကစားပစ္စည်း၊ အားကစားကွင်း၊ မူးယစ်ကင်းစင်တဲ့နေရာ၊ ကျောင်းတွင်း/ကျောင်းပြင် သန့်ရှင်းသာယာရေးကိုလည်း ဆောင်ရွက်သင့်ပါတယ်။ တစ်ကျောင်းချင်းအလိုက် ပညာပေးအစီအစဉ် များအနေနဲ့ ကျန်းမာရေးဟာပြောပွဲတွေ၊ ပြပွဲတွေ၊ အခြေခံပညာအားကစားပြိုင်ပွဲတွေ၊ ကြက်ခြေနီနဲ့ ရှေးဦးသူနာပြုစုခြင်း၊ မူးယစ်အန္တရာယ်အသိပညာ ပေးပြပွဲပြိုင်ပွဲတွေ၊ နောက်တစ်ခါ အခြေခံ အားကစားအလိုက်သင်တန်းတွေကိုလည်း ပညာပေးအနေနဲ့ ကျောင်းတိုင်းမှာလုပ်သင့်ပါတယ်။ အားကစားပြိုင်ပွဲများကိုတော့ အဆင့်လိုက်သက်ငယ်တန်းကို လေးတန်း၊ သက်လတ်တမ်းကို ၈ တန်း၊ သက်ကြီးတန်းကို ၁၀ တန်းသတ်မှတ်ပြီးတော့ ဟိုးယခင် မဆလလက်ထက်မှာတည်းက ဒါတွေဟာ ကျင်းပခဲ့ပြီး ခုမှသာနည်းသွားတာဖြစ်ပါတယ်။ ဒီနေရာမှာ ဝန်ကြီးဌာနဟာ ဗဟိုကျင်းပစရိတ်သာ တာဝန်ယူပြီးဆောင်ရွက်ခဲ့တာဖြစ်ပါတယ်။ မိဘရပ်ရွာရဲ့ Contribution နဲ့ ပညာရေးနဲ့ပူးပေါင်းပြီး လုပ်မယ်ဆိုလို့ရှိရင် ဒီအလုပ်တွေဟာ အလွယ်တကူဖန်တီးလို့ရတဲ့အလုပ်တွေဖြစ်ပါတယ်။ အချက်(၂)အနေနဲ့ ရွေးချယ်ခံအားကစားလက်ရွေးစင်များကို ထောက်ပံ့ပေးဖို့ဖြစ်ပါတယ်။ နောက်ဆုံး ကတော့ ကျောင်းကောင်စီအမှတ်ပေးစနစ်ဖြစ်ပါတယ်။ နိဂုံးချုပ်အနေနဲ့တင်ပြချင်တာကတော့ အစိုးရ အနေနဲ့ မူဝါဒချမှတ်တဲ့အပိုင်း၊ ဘဏ္ဍာငွေသတ်မှတ်တဲ့အပိုင်း၊ ဝန်ကြီးဌာနများကို စီမံချက်ရေးဆွဲ အကောင်အထည်ဖော်တဲ့အပိုင်းတွေကို တိတိကျကျသတ်မှတ်သင့်ပါတယ်။ နိဂုံးချုပ်အနေနဲ့ နောက်ဆုံး တင်ပြချင်တာကတော့ ပြည်ထောင်စုငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ အောင်မြင်ပြီးမြောက်စေခြင်းမှ တစ်ဆင့် စစ်ဘက်ဆိုင်ရာအသုံးစရိတ်များ လျှော့ချသွားခြင်းဖြင့် စစ်ဘက်၊ နယ်ဘက်၊ အရပ်ဘက် ကလေးများအားလုံးအတွက် အကျိုးရှိအောင်ဆောင်ရွက်ကြပါလို့တိုက်တွန်းရင်း အဆိုရှင်ရဲ့အဆိုကို လေးလေးနက်နက်ထောက်ခံအကြံပြုအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးမိုးမြင့်အောင် ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဗိုလ်မှူးမိုးမြင့်အောင်(တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ်)**။ ။ အားလုံးပဲ မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးမိုးမြင့်အောင် ဖြစ်ပါတယ်။ ဒေါက်တာဒေါ်အေဇင်လတ် တင်သွင်းခဲ့တဲ့ ကျောင်းကျန်းမာရေး အဆိုနဲ့ပတ်သက်၍ အကြံပြုဆွေးနွေးသွားမှာဖြစ်ပါတယ်။ Power Point သုံးစွဲခွင့်ပြုပါရန် တင်ပြအပ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့(WHO) မှ ကျောင်းကျန်းမာရေး လုပ်ငန်းကို ထိရောက်အောင်မြင်အောင်ဆောင်ရွက်ခြင်းသည် နိုင်ငံတိုင်းအတွက် ရင်းနှီးမြှုပ်နှံမှု နည်းနည်းဖြင့် အကျိုးအမြတ်များများရနိုင်သော လုပ်ငန်းတစ်ခုဖြစ်သောကြောင့် စနစ်တကျတိုးမြှင့် ဆောင်ရွက်ကြရန် တိုက်တွန်းထားပါတယ်။ မြန်မာနိုင်ငံရဲ့ ကျောင်းကျန်းမာရေးစီမံကိန်းဟာ အမျိုးသားကျန်းမာရေးစီမံကိန်း ၂၀၁၇-၂၀၂၁ တွင် ကျန်းမာရေးကိုလွှမ်းမိုးသော အကြောင်းအချင်း အရာများ စီမံကိန်းဧရိယာအောက်ရှိ စီမံချက်တစ်ခုဖြစ်ပါတယ်။ ကျောင်းကျန်းမာရေးစီမံချက်အရ ကျန်းမာရေးအဆင့်မြင့်ကျောင်းများထူထောင်ကာ ဆောင်ရွက်လျက်ရှိပါတယ်။ ကျန်းမာရေးအဆင့်မြင့်

ကျောင်းလုပ်ငန်းစဉ်များကတော့ ကျန်းမာရေးပညာပေးလုပ်ငန်း၊ ကျောင်းပတ်ဝန်းကျင်သန့်ရှင်းရေး လုပ်ငန်း၊ ကျောင်းတွင်း အာဟာရဖွံ့ဖြိုးရေးနှင့် အစားအစာအန္တရာယ်ကင်းဝေးရေးလုပ်ငန်း၊ ရောဂါကာကွယ်ရေးလုပ်ငန်း၊ ကျောင်းကျန်းမာရေး စစ်ဆေးခြင်းလုပ်ငန်း၊ ကျောင်းမှပြည်သူအတွင်းသို့ ပုံမှန်လူနေမှုအခြေအနေများရောက်ရှိရေးလုပ်ငန်း၊ နှစ်သိမ့်ပညာပေးဆွေးနွေးခြင်းနှင့် လူမှုရေးပံ့ပိုးမှု လုပ်ငန်း၊ သင်တန်းနှင့် သုတေသနလုပ်ငန်း၊ အားကစားနှင့်ကာယလုပ်ငန်းများပဲ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျောင်းကျန်းမာရေးဆိုင်ရာအခြားစီမံချက်များဖြစ်တဲ့ ကျောင်းတိုင်းတွင် ဆေးလိပ်ကင်းဝေးရေးစီမံချက်၊ Aedes ခြင်ကျားကင်းရှင်းကြောင်းများ ထူထောင်ရေးစီမံချက်၊ မြန်မာနိုင်ငံ ကျောင်းအခြေပြု သံကောင်ရောဂါကာကွယ်ရေးလုပ်ငန်း၊ ကျောင်းမုန့်ဈေးတန်း အစားအသောက် ဘေးအန္တရာယ်ကင်းရှင်းရေးစီမံချက်တို့ကိုလည်း ဆောင်ရွက်လျက်ရှိကြောင်း တွေ့ရှိပါတယ်။ ပညာရေးဝန်ကြီးဌာနအနေဖြင့် နှစ်စဉ်ဩဂုတ်လ ဒုတိယပတ်တွင် ကျောင်းကျန်းမာရေး သတင်းပတ်လှုပ်ရှားမှု၊ အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်လှုပ်ရှားမှုများကို ကျန်းမာရေးနှင့်အားကစား ဝန်ကြီးဌာနနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း တွေ့ရှိရပါတယ်။ မြန်မာနိုင်ငံရှိ အခြေခံပညာ ကျောင်းများတွင် ဘဝတွက်တာကျွမ်းကျင်စရာ Life Skill Education ဘာသာရပ်အား သင်ကြား လေ့ကျင့်ပေးနေသော်လည်း ကျောင်းသားကျောင်းသူများအတွင်း ကျန်းမာရေးသဘောတရားပိုင်းနှင့် လက်တွေ့ပိုင်းပေါင်းစပ်ပေးမှု၌ အားနည်းနေသည်ကို တွေ့ရှိရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ တပ်မတော်ဆေးဝန်ထမ်းညွှန်ကြားရေးမှူးရုံးလက်အောက်ရှိ ဆေးဝန်ထမ်း တပ်ဖွဲ့များမှ နှစ်စဉ်ကျောင်းကျန်းမာရေးသတင်းပတ်လှုပ်ရှားမှုတွင် တပ်မတော်ရှိ အခြေခံပညာ ကျောင်း ၃၂ ကျောင်း၌ တိုင်းစစ်ဌာနချုပ်နယ်မြေအလိုက် ကျောင်းကျန်းမာရေးလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ကျောင်းကျန်းမာရေး စီမံချက်ပါ လုပ်ငန်းစဉ်များအတိုင်း ကျန်းမာရေးပညာပေးလုပ်ငန်း၊ ကျောင်းပတ်ဝန်းကျင်သန့်ရှင်းရေး လုပ်ငန်း၊ ရောဂါကာကွယ်ရေးလုပ်ငန်းနှင့် ကျောင်းကျန်းမာရေးစစ်ဆေးခြင်းလုပ်ငန်း ဆောင်ရွက် နေသည်များကို Power Point ဖြင့် တင်ပြထားပါတယ်။ ဒါ့အပြင် တပ်မတော်နယ်လှည့်ဆေးကုသရေး အဖွဲ့များကလည်း သွားရောက်သည့်ဒေသရှိ အခြေခံပညာကျောင်းများ၌ ကျောင်းသားကျောင်းသူ များအား ကျန်းမာရေးစောင့်ရှောက်မှုများကို ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ၂၀၁၅-၂၀၁၆ ပညာ သင်နှစ်တွင် မြန်မာနိုင်ငံ၌ အခြေခံပညာကျောင်းပေါင်း ၄၇၃၆၃ ကျောင်းရှိပြီး ကျောင်းသားဦးရေမှာ ၉.၂၆ သန်းရှိပါတယ်။ မြန်မာနိုင်ငံတွင် မြို့နယ်ပေါင်း ၃၃၀ မှ မြို့နယ် ၈၀ ၌သာ ကျောင်းကျန်းမာရေး ဌာနများရှိသဖြင့် တစ်နိုင်ငံလုံးလွှမ်းခြုံနိုင်မှုလိုအပ်နေပါတယ်။ ပြည်သူ့ကျန်းမာရေးဦးစီးဌာနရှိ ကျောင်းကျန်းမာရေးဌာနခွဲ၏ဖွဲ့စည်းပုံ၊ တိုင်းဒေသကြီး/ပြည်နယ်/ခရိုင်/မြို့နယ် ကျောင်းကျန်းမာရေး ဌာနဖွဲ့စည်းပုံတို့တွင် လူ့စွမ်းအားအရင်းအမြစ်နည်းပါးနေသေးကြောင်း တွေ့ရှိရပါတယ်။ ဘဏ္ဍာငွေ သုံးစွဲမှုစနစ်တွင်လည်း ပြည်သူ့ကျန်းမာရေးဦးစီးဌာနအောက်၌သာရှိပြီး ကျောင်းကျန်းမာရေးလုပ်ငန်း အတွက် သီးခြားသတ်မှတ်ထားခြင်းမရှိကြောင်း တွေ့ရှိရပါတယ်။ လက်ရှိတည်ဆဲ အမျိုးသားပညာရေး ဥပဒေ(၂၀၁၄)တွင်လည်း ကျောင်းကျန်းမာရေးလုပ်ငန်းများကို စနစ်တကျထိရောက်စွာ အကောင် အထည်ဖော်ဆောင်ရွက်နိုင်ဖို့ ရည်ရွယ်ချက်ထားရှိသော်လည်း လက်တွေ့တွင် အကောင်အထည်ဖော်

မှုအပိုင်း အားနည်းနေတာကိုတွေ့ရှိရပါတယ်။ မြန်မာနိုင်ငံသည် ဒုတိယကမ္ဘာစစ်ပြီးကာလ ၁၉၅၈ ခုနှစ်တွင် ကျောင်းကျန်းမာရေးဥပဒေကို ပြဋ္ဌာန်းခဲ့ပြီး ကျောင်းကျန်းမာရေးလုပ်ငန်းများကို အောင်မြင်စွာဆောင်ရွက်နိုင်ခဲ့ရာ ဂျပန်နိုင်ငံ၏ ကျန်းမာရေးအဆင့်အတန်းကိုမြှင့်တင်ပေးနိုင်ခဲ့သည့် ပြည်သူ့ကျန်းမာရေးဆိုင်ရာလုပ်ငန်းတစ်ခုဖြစ်ကြောင်း တွေ့ရှိရပါတယ်။

သို့ဖြစ်ပါ၍ မြန်မာနိုင်ငံတွင်လည်း အမျိုးသားအဆင့်ကျောင်းကျန်းမာရေးလုပ်ငန်းများ စနစ်တကျအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် တခြားနိုင်ငံများနည်းတူ ကျောင်းကျန်းမာရေး ဥပဒေရေးဆွဲပြဋ္ဌာန်းမှုကိုလည်း စဉ်းစားသင့်ပါတယ်။ အမျိုးသားကျန်းမာရေးစီမံကိန်း ၂၀၁၇-၂၀၂၁ မှာအသစ်ရေးဆွဲရန် သို့မဟုတ် ပြန်လည်သုံးသပ်ရန်လိုအပ်တဲ့ အမျိုးသားအဆင့်ကျန်းမာရေးဆိုင်ရာ မူဝါဒများစွာရှိသည့်အနက် အမျိုးသားကျန်းမာရေးမူဝါဒ၊ အမျိုးသားဆေးဝါးမူဝါဒ၊ အမျိုးသား လူဦးရေးမူဝါဒ၊ အမျိုးသားကျန်းမာရေး လူ့စွမ်းအားအရင်းအမြစ်မူဝါဒနှင့် စီမံကိန်းတို့သည် ဆောလျင်စွာဆောင်ရွက်သင့်သည့် မူဝါဒများအဖြစ် ဖော်ပြထားသလို အမျိုးသားအဆင့် ကျောင်းကျန်းမာရေးမူဝါဒကိုလည်း ရေးဆွဲသင့်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အထက်မှာတင်ပြခဲ့တဲ့အကြောင်းအရာများအရ ကျောင်းကျန်းမာရေး အတွက် အကြံပြုလိုတာကတော့ အမျိုးသားအဆင့် ကျောင်းကျန်းမာရေးမူဝါဒရေးဆွဲသင့်ပါတယ်။ ကျောင်းကျန်းမာရေးဌာနခွဲနှင့် တိုင်းဒေသကြီး/ပြည်နယ်/ခရိုင်/မြို့နယ် ကျောင်းကျန်းမာရေးကော်မတီ အသီးသီး ဖွဲ့စည်းပုံများပြင်ဆင်ရေးဆွဲသင့်ပြီး လူ့စွမ်းအားအရင်းအမြစ်ထပ်မံတိုးမြှင့်ခန့်ထားရန် စီစဉ်သင့်ပါတယ်။ ကျောင်းကျန်းမာရေးလုပ်ငန်းများအတွက် သတ်မှတ်ဘဏ္ဍာရန်ပုံငွေချမှတ်သင့်ပါ တယ်။ အမျိုးသားအဆင့် ကျောင်းကျန်းမာရေးလုပ်ငန်းများ စနစ်တကျအကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် ကျောင်းကျန်းမာရေးဥပဒေပြဋ္ဌာန်းရန်ကိုလည်း စဉ်းစားသင့်ပါတယ်။ Exercise is Medicine ဆိုသည့်အတိုင်း ကျောင်းသားထုအတွင်း လက်ခံကျင့်သုံးလာစေရန်နှင့် ကျောင်းသား ကျောင်းသူများ၏ ကိုယ်ကာယကြံ့ခိုင်သန်စွမ်းမှု၊ စိတ်ပိုင်းဆိုင်ရာကြံ့ခိုင်ကျန်းမာမှုရှိရန်အတွက် အခြေခံပညာကျောင်းများ၌ လိုအပ်လျက်ရှိသော အားကစားအထောက်အကူပြုပစ္စည်းများအား ပိုမိုပံ့ပိုးပေးရန် လိုအပ်ပါတယ်။ ဘဝတွက်တာကျွမ်းကျင်စရာ Life Skill ဘာသာရပ်အား Multi Media Approach ဖြင့် သင်ကြားပေးနိုင်ရေးလုပ်ဆောင်သင့်ပါတယ်။ အလားတူ အခြေခံပညာ ကျောင်းများ တွင် လိုအပ်လျက်ရှိသော ဆရာဆရာမများခန့်ထားရာတွင် စီမံချက်များရေးဆွဲခန့်ထားရန် လိုအပ် သကဲ့သို့ ဝေးလံခေါင်ဖျားဒေသများတွင် သွားရောက်တာဝန်ထမ်းဆောင်ရန် အထူးအခွင့်အရေးများ ဖြည့်ဆည်းဆောင်ရွက်ပေးသင့်ပါတယ်။ ယခုအဆိုသည် နိုင်ငံ၏ကျန်းမာရေးအဆင့် အတန်းမြင့်မား စေရန် ပြည်သူ့ကျန်းမာရေးမြှင့်တင်မှုကို အထောက်အကူပြုသည့်အဆိုဖြစ်ကြောင်း ပြောကြားရင်း နိဂုံးချုပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ရှားတောမဲဆန္ဒနယ်မှ ဒေါ်ဝင့်ဝါထွန်း ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဒေါ်ဝင့်ဝါထွန်း(ရှားတောမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်အားလုံးပဲ မင်္ဂလာပါရှင်။ ကျွန်မကတော့ ကယားပြည်နယ်၊ ရှားတောမဲဆန္ဒနယ်မှ ဒေါ်ဝင့်ဝါထွန်း ဖြစ်ပါတယ်ရှင့်။ ဥက္ကဋ္ဌကြီးရှင့်။ ယနေ့ဆွေးနွေးနေရတဲ့ ကျွန်မတို့အဆိုရှင်ရဲ့အဆိုဟာ

အနာဂတ်ပြည်ထောင်စုကြီးအတွက် အင်မတန်မှအရေးပါတဲ့အဆိုဖြစ်တဲ့အတွက်ကြောင့်မို့လို့ ပထမဦးဆုံး အဆိုရှင်ကို ကျေးဇူးတင်ကြောင်းပြောကြားလိုပါတယ်။ အဆိုကို နှစ်ပိုင်းခွဲခြားပြီးတော့ ဆွေးနွေးသွားပါ့မယ်ရှင်။ ပထမအပိုင်းမှာတော့ အချက်နှစ်ချက်ဖြင့်ထောက်ခံဆွေးနွေးလိုပါတယ်။ ပထမအချက်အနေဖြင့် ကိုယ်ကာယကျန်းမာသန်စွမ်းစေရန်အတွက် ကျွန်မတို့ ယနေ့ပညာရေးယန္တရားကြီးထဲက လစ်လပ်လျက်ရှိတဲ့ကာယပညာဆရာဆရာမတွေကို ပြန်လည်ဖြည့်ဆည်းပေးဖို့လိုအပ်နေပါတယ်။ ကိုယ်ကာယကျန်းမာသန်စွမ်းခြင်းကနေတစ်ဆင့် ကျွန်မတို့ စာသင်ခန်းတွေမှအစပြုပြီးတော့မှ ကျောင်းအဆင့်၊ မြို့နယ်အဆင့်၊ ခရိုင်/တိုင်းဒေသကြီး/ပြည်နယ်အဆင့် အဆင့်ဆင့်သောအားကစားပြိုင်ပွဲများကို ကျင်းပပေးစေချင်ပါတယ်။ အားကစားနှင့်ကာယပညာဦးစီးဌာနနဲ့လည်း ပိုမိုပြီးတော့မှ နီးကပ်စွာပူးပေါင်းဆောင်ရွက်ပေးစေလိုပါတယ်ရှင်။ ဒီအခါမှာ ကျွန်မတို့မြို့နယ်ရဲ့ အခြေအနေလေးကို ဥပမာအနေနဲ့တင်ပြလိုပါတယ်။ ကျွန်မတို့မြို့နယ်ဟာ တစ်ကြိမ်တစ်ခါမှ ကယားပြည်နယ်၊ လွိုင်ကော်မြို့အထိ သွားပြီးတော့မှ ယှဉ်ပြိုင်နိုင်ခဲ့ခြင်းမရှိတဲ့မြို့နယ်လေးဖြစ်ပါတယ်။ ပြီးခဲ့တဲ့ သုံးလလောက်က အခြေခံပညာအဆင့်ကလေးတွေဟာ ပြည်နယ်အဆင့်ကို သွားရောက်ယှဉ်ပြိုင်ခွင့်ရတဲ့အခါမှာ အင်မတန်မှ ကလေးတွေရဲ့စိတ်ပိုင်းဆိုင်ရာတက်ကြွလာပါတယ်။ ထို့အတူပဲ ကျွန်မတို့မြို့နယ်မှာရှိတဲ့ အားကစားမှူးရဲ့စည်းရုံးရေးစွမ်းအားကောင်းတာဖြစ်တဲ့အတွက်ကြောင့်မို့လို့ ကလေးတွေဟာ ဘယ်သူကမှ စည်းရုံးလှုံ့ဆော်စရာမလိုဘဲ မနက် ငါးနာရီလောက်ဆိုလို့ရှိရင် သူတို့ ကာယလေ့ကျင့်ခန်းတွေစတင်ပြီးတော့ လုပ်ဆောင်ပါတယ်။ လုပ်ဆောင်တဲ့အခါမှာ မောပမ်းလာတဲ့ကလေးတွေကို ကျွန်မတို့ရဲ့ အား/ကာမှူးက ကျွန်မတို့ရပ်မိရပ်ဖတွေဆီကနေ အလှူခံပြီးတော့မှ ကွေကာအုပ်တိုက်ကျွေးခြင်းတွေ၊ ကြက်ဥတွေကျွေးခြင်းတွေ အဲဒီလိုအစီအစဉ်လေးတွေဆောင်ရွက်ပါတယ်။ အဲဒါရဲ့နောက်ဆက်တွဲမှာဆိုလို့ရှိရင် ကလေးတွေက ကိုယ်ကာယကျန်းမာသန်စွမ်းတာဖြစ်သလို ပူးပေါင်းဆောင်ရွက်တတ်တဲ့စိတ်ဓာတ်မျိုးလေးတွေဖြစ်ထွန်းလာတာဟာ ကျွန်မတို့မြို့နယ်အတွက်ကတော့ အခိုင်အမာအောင်မြင်မှုတစ်ခုအနေနဲ့ သက်သေတည်လျက်ရှိပါတယ်ရှင်။ ဒါလေးတွေကို ဆွေးနွေးရင်းနဲ့ ကျွန်မတို့မြို့နယ်ရဲ့ အား/ကာမှူးကို ဂုဏ်ယူပါကြောင်းပြောကြားလိုပါတယ်ရှင်။

ဒုတိယအချက်အနေနဲ့ဆိုလို့ရှိရင် ကျွန်မတို့စိတ်ပိုင်းဆိုင်ရာ၊ ဉာဏ်ပညာ ဉာဏကျန်းမာသန်စွမ်းစေဖို့အတွက် အားကစားပြိုင်ပွဲများပြုလုပ်ပေးခြင်းက စုပေါင်းပြိုင်ဆိုင်စေခြင်းက ညီညွတ်စွာစုပေါင်းဆောင်ရွက်တတ်တဲ့အလေ့အကျင့်တွေကို ပေါ်ပေါက်လာမှာဖြစ်ပါတယ်။ ယနေ့အချိန်အခါမှာသတင်းနဲ့ပြန်ကြားရေးဦးစီးဌာနကနေပြီးတော့မှ ဦးဆောင်ပြီးတော့မှ ကျွန်မတို့နိုင်ငံအနှံ့အပြားမှာကလေးစာပေပွဲတော်တွေ ကျင်းပပြုလုပ်နေခြင်းကိုလည်း များစွာကြိုဆိုပါတယ်။ ပိုမိုကျယ်ပြန့်ပြီးတော့မှ ကျောင်းသားတွေ၊ မိဘတွေ၊ ဆရာဆရာမတွေ ပိုမိုပူးပေါင်းလုပ်ဆောင်ဖို့အတွက်လည်း လိုအပ်ပါတယ်ရှင်။ အရေးကြီးဆုံးအချက်ဖြစ်တဲ့အချက်ကတော့ ကျွန်မတို့ငယ်စဉ်ကာလမှာရှိခဲ့တဲ့ ကျပမ်းစကားပြောပြိုင်ပွဲတွေ၊ စကားရည်လုပြိုင်ပွဲတွေကို စာသင်ခန်းကနေအစပြုပြီးတော့မှ အဆင့်ဆင့်ပြန်လည်ကျင်းပပေးဖို့အတွက်လည်း တိုက်တွန်းလိုပါတယ်ရှင်။ ထို့အတူ ကျွန်မတို့သင်ယူမှုပုံစံတွေကိုလည်း အပြန်အလှန်ဆွေးနွေးတဲ့စနစ်၊ အကဲဖြတ်မှုစနစ်တွေကိုလည်း ဆန်းစစ်စေချင်ပါတယ်။ သင်ရိုးညွှန်းတမ်းပြီးစီးရေးကိုသာ အလေးထားပြီးဆောင်ရွက်နေရတာဖြစ်ပါတယ်။ ဒီလို သင်ရိုးညွှန်းတမ်းတွေ

ကို ပြီးဆုံးအောင်သင်ကြားဖို့က အရေးကြီးတာမှန်သော်ငြားလည်းပဲ ကျွန်မတို့ ဝေဖန်၊ ပိုင်းခြား၊ သုံးသပ်၊ ဆုံးဖြတ်နိုင်တဲ့ ပညာရေးစနစ်ဖြစ်ဖို့ကတော့ အဓိကလိုအပ်လှပါတယ်ရှင်။ ဒါမှသာ ကျွန်မတို့ ကာယအား၊ ဉာဏအားနဲ့ပြည့်စုံတဲ့အနာဂတ်ခေါင်းဆောင်တွေကို မွေးထုတ်နိုင်မှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ ဒုတိယပိုင်းအနေဖြင့် ဆက်စပ်နှီးနွှယ်သည့် ဝန်ကြီးဌာနများပေါင်းစပ်ညှိနှိုင်း၍ ရေရှည်စီမံချက်တစ်ရပ်ရေးဆွဲဆောင်ရွက်ပေးပါရန်ဆိုတဲ့အချက်ကို အပြည့်အဝထောက်ခံပါတယ်ရှင်။ ဖွဲ့စည်းပုံအခြေခံဥပဒေမှာလည်းပဲ ကျွန်မတို့တည်ဆဲပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်ဖို့အတွက်ဆိုလို့ရှိရင် ပူးပေါင်းဆောင်ရွက်ရမယ်လို့ပြဋ္ဌာန်းထားပြီး ဖြစ်ပါတယ်။ ထို့အတူ ကျွန်မတို့ ကျန်းမာရေးအဆင့်မြှင့်လုပ်ငန်းစဉ်များထဲမှ အမှတ်စဉ်(၄)အရ အစားအစာများ ဘေးအန္တရာယ်ကင်းရှင်းရေးလုပ်ငန်းဆိုတာကို ကျွန်မအဓိကဆွေးနွေးလိုပါတယ်။ လက်ရှိ ကျွန်မတို့နိုင်ငံရဲ့အနာဂတ်မျိုးဆက်များအတွက် အကြီးမားဆုံးခြိမ်းခြောက်မှုကတော့ ကျောင်းမုန့်ဈေးတန်းထဲမှ မုန့်အချို့ပဲဖြစ်ပါတယ်။ အင်မတန်မှဈေးနှုန်းသက်သာပြီး စားချင်စဖွယ်ကောင်းတဲ့၊ ပြင်ဆင်ထုပ်ပိုးထားတဲ့ အရည်အသွေးမဲ့မုန့်တွေပဲဖြစ်ပါတယ်။ ကျွန်မတို့အဆိုရှင်က Power Point ထဲမှာ အသေးစိတ်ပြည့်ပြည့်စုံစုံတင်ပြထားပြီးဖြစ်တဲ့အတွက်ကြောင့်မို့လို့ အားလုံးလည်းသိရှိပြီးသား ဖြစ်ပါတယ်။ ဒီအခါမှာ ကျွန်မတို့လက်ရှိလွှတ်တော်ကြီးထဲကနေ အတည်ပြုပေးလိုက်တဲ့အဆိုတွေရဲ့ အောင်မြင်မှု၊ လုပ်ကိုင်ဆောင်ရွက်မှုတွေကို ကျွန်မတို့ပြန်လည်ဆန်းစစ်ဖို့လိုပြီလို့ အကြံပေးချင်ပါတယ်ရှင်။ ဥပမာ အနေနဲ့ဆိုရင် စားသုံးသူကာကွယ်ပေးရေးဥပဒေတွေရှိတယ်။ ကျွန်မတို့နိုင်ငံမှာ FDA အဖွဲ့တွေရှိတယ်။ စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့တွေကို ခရိုင်အဆင့်ထိဖွဲ့စည်းထားတာ ဖြစ်တယ်။ သို့သော်လည်း ကျွန်မတို့မြို့နယ်အဆင့်ထိ ဖွဲ့စည်းသင့်ပါတယ်။ ပုံမှန်ကွင်းဆင်းစိစစ်သင့်ပါတယ်။ ပညာပေးလုပ်ငန်းတွေကို ကျွန်မတို့လုပ်ဆောင်သင့်ပါတယ်။ ဒီလိုလုပ်ဆောင်တဲ့အခါမှာ အစားအသောက်တွေကိုစိစစ်တဲ့အခါမှာ ကျောင်းမုန့်ဈေးတန်းတွေ၊ ဈေးထဲတွေမှာ ရှောင်တခင်စစ်ဆေးခြင်းထက် ပင်ရင်းဖြစ်တဲ့ အလုပ်ရုံတွေ၊ စက်ရုံတွေ၊ ပွဲရုံတွေ၊ ဒိုင်တွေမှာသွားပြီးတော့မှ စိစစ်သင့်ပါတယ်။ ထို့အတူပဲ ပြည်ပမှဝင်ရောက်လာတဲ့ မုန့်တွေဆိုလို့ရှိရင်တော့၊ ပစ္စည်းတွေ၊ စားသုံးကုန်တွေဆိုရင်တော့ မေးခွန်းတွေထုတ်လာစရာရှိပါပြီ။ ကျွန်မတို့နိုင်ငံမှာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနရှိသလို အကောက်ခွန်ဦးစီးဌာနအပါအဝင် သက်ဆိုင်ရာဦးစီးဌာနများမှ နယ်စပ်ဂိတ်တွေမှာ တာဝန်ထမ်းဆောင်ရတာဖြစ်သလို သွင်းကုန်၊ ထုတ်ကုန်များအတွက်လည်း အဆင့်ဆင့်ကြီးကြပ်စစ်ဆေးတဲ့ စနစ်တွေရှိပါတယ်။ ဒီလိုဌာနအဖွဲ့အစည်းတွေ၊ ဒီလိုအဖွဲ့အစည်းတွေ ဒီလိုလုပ်ဆောင်မှုတွေရှိနေပါလျက်နဲ့ ကျွန်မတို့ကျန်းမာရေးနဲ့မဆီလျော်တဲ့ အစားအသောက်အပါအဝင် လူသုံးကုန်ပစ္စည်းတွေကို လွယ်ကူစွာရရှိနေတာဟာ ကျွန်မတို့ဖြစ်သင့်ပါရဲ့လား။ ကျွန်မတို့ ဒီအချိန်မှာ အားနည်းချက်၊ အားသာချက်တွေကို သေချာပြန်ဆန်းစစ်ပြီးတော့မှ အမှန်တကယ်အကောင်အထည်ဖော်နိုင်မယ့် မူဝါဒလုပ်ငန်းစဉ်တွေကိုချမှတ်ဆောင်ရွက်ဖို့ အင်မတန်အရေးကြီးတဲ့ အချိန်ကာလရောက်နေပါပြီရှင်။

ဥက္ကဋ္ဌကြီးရှင်။ ကျွန်မတို့နိုင်ငံရဲ့ အနာဂတ်မျိုးဆက်သစ်တွေနဲ့ လူထုတစ်ရပ်လုံးအတွက် ကာယ၊ ဉာဏ ကျန်းမာသန်စွမ်းဖို့ အရေးကြီးဆုံးက အစားအစာလုံခြုံရေးပါပဲရှင်။ အစားအစာလုံခြုံရေးအတွက်ဆိုရင် ဌာနတစ်ခု၊ အဖွဲ့အစည်းတစ်ခုတည်းက စီမံဆောင်ရွက်လို့မရတဲ့အတွက် ဆက်စပ်

ဝန်ကြီးဌာနများပူးပေါင်းဆောင်ရွက်ရန်ဆိုတဲ့အချက်ဟာ ဒီအဆိုအောင်မြင်ဖို့အတွက် အဓိကအချက်ဖြစ်ပါတယ်။ ထို့အတူပဲ ကျွန်မတို့လွှတ်တော်ကြီးမှလည်း လိုအပ်တဲ့ဥပဒေ၊ နည်းဥပဒေတွေကို ပြင်ဆင်ဖြည့်စွက်အသစ်ပြဋ္ဌာန်းပေးရပါမယ်။ ကျွန်မတို့နိုင်ငံရဲ့ အနာဂတ်မျိုးဆက်ခေါင်းဆောင်လေးတွေ ကျည်ဆံတစ်ချက်မှမပေါက်လိုက်ရဘဲ တိတ်တဆိတ်မကြွေလွင့်စေဖို့အတွက် ညီညွတ်စွာပူးပေါင်းဆောင်ရွက်ကြပါစို့လို့ တိုက်တွန်းရင်းနဲ့ ကျွန်မ အဆိုကို နိဂုံးချုပ်ပါတယ်ရှင်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။အင်းတော်မဲဆန္ဒနယ်မှ ဒေါက်တာဒေါ်ပြုံး ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဒေါက်တာဒေါ်ပြုံး(အင်းတော်မဲဆန္ဒနယ်)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အားလုံးမင်္ဂလာပါရှင်။ ကျွန်မကတော့ အင်းတော်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဒေါ်ပြုံး ဖြစ်ပါတယ်။ ဒေါက်တာဒေါ်အေဇင်လတ်ရဲ့အဆိုကို ထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ ပထမဆုံးအနေနဲ့ ကျောင်းကျန်းမာရေးစောင့်ရှောက်မှုကို ဘာ့ကြောင့်အရှိန်မြှင့်တင်ဆောင်ရွက်သင့်ပါသလဲဆိုတာကို တင်ပြလိုပါတယ်။ မြန်မာနိုင်ငံရဲ့လူဦးရေ ၁ဝ သန်းကျော်ကိုကိုယ်စားပြုနေတဲ့ ကျောင်းသားလူငယ်များဟာ နိုင်ငံရဲ့အနာဂတ်မျိုးဆက် Future Generation ဖြစ်တဲ့အတွက်ဖြစ်ပါတယ်။ နောက် နံပါတ်(၂)ကတော့ ကျောင်းကျန်းမာရေးမှာ အကျုံးဝင်နေတဲ့ အသက်ဟာ အသက်ငါးနှစ်မှ ၁၆ နှစ်အထိလို့ အတွင်းဖြစ်နေပါတယ်။ အဲဒီသူတို့လေးတွေရဲ့ ကာယ၊ ဉာဏဖွံ့ဖြိုးမှု၊ ကျန်းမာမှု၊ လူမှုဘဝဖူလုံမှုပေါ်မူတည်ပြီး ထိခိုက်လွယ်တဲ့အုပ်စုအဖြစ် သတ်မှတ်ထားတဲ့အတွက် ကျောင်းကျန်းမာရေးကို မြှင့်တင်ဆောင်ရွက်သင့်ပါတယ်။ နံပါတ်(၃)အနေနဲ့ကတော့ လူမှုစီးပွားရေး၊ ယဉ်ကျေးမှု၊ ဓလေ့၊ ဘာသာကွဲပြားလှတဲ့ နောက်ခံမိသားစုများစွာကနေပြီး ကျောင်းကိုရောက်လာတဲ့အတွက် အာဟာရလိုအပ်ခြင်း၊ စိတ်ရောကျန်းမာ၊ ကိုယ်ရောချမ်းသာတဲ့ စိတ်ကျန်းမာ၊ ကိုယ်ကျန်းမာ၊ ကျန်းမာကြံ့ခိုင်ဖို့လိုအပ်ချက်တွေ မလွဲမသွေတွေ့မြင်ရမှာဖြစ်ပါတယ်။ ဒီလိုအပ်ချက်တွေကို ပြန်လည်ဖြည့်တင်းဖို့အတွက် ကျောင်းကျန်းမာရေးစောင့်ရှောက်မှု အထူးပဲတိုးမြှင့်သင့်ပါတယ်။

ဥက္ကဋ္ဌကြီးရှင့်။ ကျောင်းကျန်းမာရေးကို လုပ်ဆောင်ရာမှာ ကျန်းမာတဲ့ကလေးငယ်များကို ပိုမိုကျန်းမာသည်ထက်ကျန်းမာအောင်၊ ကူးစက်ရောဂါများမှ ကာကွယ်အောင် ရောဂါကိုစောစီးစွာ ရှာဖွေကုသနိုင်အောင်နဲ့ ကောင်းမွန်သော ကျန်းမာရေးအလေ့အထများကို ကလေးငယ်များကိုယ်တိုင် ပြုမူနေထိုင်တတ်အောင်စတဲ့ ရည်ရွယ်ချက်ကောင်းများနဲ့ လုပ်ဆောင်ကြရာမှာ ဒေသတစ်ခုနဲ့တစ်ခု၊ နေရာတစ်နေရာနဲ့တစ်နေရာ ကြုံတွေ့ရမယ့် ကျန်းမာရေးပြဿနာများဟာ တူညီမှာမဟုတ်ပါဘူး။ ကျောင်းများရဲ့ ယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်းကျင့်သုံးပုံ၊ ဒေသရဲ့ပတ်ဝန်းကျင်တို့ပေါ်မူတည်ပြီး ကွဲပြားခြားနားမှုများကို တွေ့ရမှာဖြစ်ပါတယ်။ ဒါပေမဲ့ အခြေခံအားဖြင့်တော့ ကျောင်းကျန်းမာရေးမှာ အဟာရချို့တဲ့ခြင်းကို ကုသခြင်း၊ ကူးစက်ရောဂါကုသခြင်း၊ ကပ်ပါးရောဂါ။ ဥပမာ- သန်ကောင်များကို ကာကွယ်ခြင်း၊ အရေပြားကျန်းမာရေး၊ သွားရောဂါ၊ မျက်စိရောဂါနဲ့စတဲ့ပြဿနာများ ထည့်သွင်းစဉ်းစားကုသရတဲ့အပြင် စိတ်ကျန်းမာပျော်ရွှင်မှုကိုလည်း အလေးထားပြီးဆောင်ရွက်ရမှာဖြစ်ပါတယ်။ ဒါ့အပြင်

မူကြမ်း

မသန်စွမ်းကျောင်းသားငယ်လေးများအတွက်လည်း ကျောင်းကျန်းမာရေးမှာအထူးထည့်သွင်းဖြေရှင်းသင့်တဲ့ခေါင်းစဉ်တစ်ခု ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ အဆိုရှင်ဆွေးနွေးခဲ့သလို ကျောင်းကျန်းမာရေးကို ပညာရေးဝန်ကြီးဌာန၊ ကျန်းမာရေးနဲ့အားကစားဝန်ကြီးဌာနတို့အပြင် အခြားနီးနွယ်နေတဲ့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနဲ့ ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတို့အပြင် စည်ပင်သာယာရေးဌာန၊ မိခင်နဲ့ကလေးစောင့်ရှောက်ရေးအသင်း စသည်တို့ပါမကျန် ပါဝင်ပူးပေါင်းဆောင်ရွက်သင့်ပါတယ်။ ကျွန်မအနေနဲ့ ကျောင်းကျန်းမာရေးလုပ်ငန်းစဉ်များနဲ့ပတ်သက်ပြီး အကြံပြုချက်အချို့ကို ဆွေးနွေးသွားမှာဖြစ်ပါတယ်။ ကျောင်းကျန်းမာရေးလုပ်ငန်းစဉ်ကို အတန်းပိုင်ဆရာဆရာမကြီးများ လုပ်ဆောင်နိုင်တဲ့ လုပ်ငန်းနဲ့ ကော်မတီဖွဲ့ပြီးလုပ်နိုင်မယ့်လုပ်ငန်းနှစ်ခုအဖြစ် ကျွန်မအကြံပြုသွားမှာဖြစ်ပါတယ်။ ဥပမာ- အတန်းပိုင်ဆရာဆရာမများဟာ နံနက်ခင်းတန်းစီတာနဲ့ တစ်ကိုယ်ရည်သန့်ရှင်းဖို့ကို စစ်ဆေးနိုင်မယ်။ အတန်းထဲက ဘယ်ကလေးနေမကောင်းဖြစ်သလဲ။ သွားကိုက်လား။ မျက်စိနာလား။ သိနိုင်မယ်။ လိုအပ်ရင် နီးစပ်ရာကျန်းမာရေးဌာနကို လွှဲပြောင်းပေးနိုင်မှာဖြစ်ပါတယ်။ ထို့အပြင် အတန်းထဲကကလေးတွေရဲ့ Weight တွေ၊ Height တွေ၊ အမြင်အနေအထားတွေကိုလည်း ဆရာဆရာမများက မှတ်တမ်းတင်ထားနိုင်ပါတယ်။ အရေးကြီးဆုံးကတော့ ကျန်းမာရေးအသိပညာပေးခြင်းကို လုပ်ဆောင်နိုင်ပါတယ်။ ကျန်းမာစွာနေထိုင်ခြင်းအသိပညာဟာ ကလေးလေးရဲ့ဘဝတစ်လျှောက်လုံး အလေ့အကျင့်ကောင်းများနဲ့ နေထိုင်တတ်သွားအောင်၊ ၎င်းတို့မှတစ်ဆင့် မိသားစုများဆီ ထိုမှတစ်ဆင့် လူထုတစ်ရပ်လုံးဆီ ရောက်အောင် အရေးပါလှပါတယ်။ Health Education မှာ တစ်ကိုယ်ရည်သန့်ရှင်းမှု၊ သွားကျန်းမာရေး၊ ပတ်ဝန်းကျင်သန့်ရှင်းရေး၊ မိသားစုသန့်ရှင်းရေးနှင့် ကောင်းမွန်သော၊ သန့်ရှင်းသောနေထိုင်စားသောက်မှုပုံစံများကို ပညာပေးနိုင်ပါတယ်။ ထို့ပြင် ရှေးဦးသူနာပြုစုခြင်းများကိုလည်း ဒီအတန်းတိုင်း အတန်းပိုင်ဆရာမများလုပ်ဆောင်နိုင်အောင် စီစဉ်ထားသင့်ပါတယ်။

နောက်တစ်ဆင့်အနေနဲ့ကတော့ ကျောင်းတိုင်းကျောင်းတိုင်းကို ကျောင်းကျန်းမာရေး ကော်မတီကလေးများဖွဲ့ပြီး ဒီကျောင်းကျန်းမာရေးကော်မတီမှာ ကျောင်းအုပ်ကြီးများ၊ ဆရာဆရာမ ကိုယ်စားလှယ်၊ မိဘကိုယ်စားလှယ်၊ အတန်းကျောင်းသားများကိုယ်စားလှယ်၊ ဒေသဆိုင်ရာအုပ်ချုပ် ရေးကိုယ်စားလှယ်၊ CSO ၊ NGO ကိုယ်စားလှယ်တွေ ကျန်းမာရေးဝန်ထမ်းများနဲ့ ဖွဲ့စည်းထားသင့်ပါတယ်။ ကျောင်းကျန်းမာရေးကော်မတီများကို ကျေးရွာအဆင့်ကနေစပြီး ကျောင်းတိုင်းကျောင်းတိုင်း ဖွဲ့တာဟာ နိုင်ငံတော်အဆင့် ဗဟိုကျောင်းကျန်းမာရေးကော်မတီအဆင့်အထိ ဖွဲ့စည်းသင့်ပါတယ်။ ဒီကျောင်းကျန်းမာရေးကော်မတီလေးတွေဟာ ကျောင်းသားများအတွက် အချိန်မှန်မှန်ဆေးစစ်ပေးခြင်း၊ အာဟာရမျှတစွာရရှိအောင် ကျောင်းတွင်း အာဟာရကျွေးမွေးခြင်းများစီစဉ်ခြင်း၊ ကြံ့ခိုင်ကျန်းမာသော အားကစားထူးချွန်သူများပေါ်ပေါက်အောင် ဆောင်ရွက်ခြင်း၊ ကျောင်းသောက်သုံးရေ သန့်ရှင်းလုံလောက်စွာရရှိအောင် ဆောင်ရွက်ခြင်း၊ ကျောင်းသန့်စင်ခန်းများ၊ သန့်ရှင်းလုံလောက်အောင် ဆောင်ရွက်ခြင်းနဲ့ ကျောင်းပတ်ဝန်းကျင် သန့်ရှင်းသာယာအောင် ဆောင်ရွက်ခြင်းတို့ကို ဗဟိုမှချမှတ်ပေးတဲ့ Guideline များနှင့်အညီ ဆောင်ရွက်သင့်ပါတယ်။

ဥက္ကဋ္ဌကြီးရှင့်။ နောက်ဆုံးအနေနဲ့ ကလေးများစိတ်ကျန်းမာပျော်ရွှင်စေဖို့အတွက် အထူးအရေးပါလှပါတယ်။ ဒါကြောင့် ဆင်းရဲ၊ ချမ်းသာ၊ လူမျိုးဘာသာမခွဲခြား၊ တော်ခြင်း၊ ညံ့ခြင်းများ ခွဲခြားဆက်ဆံခြင်း လုံးဝခွင့်မပြုသင့်ပါကြောင်း၊ သက်ငယ်ရာဇဝတ်မှုကျူးလွန်ခြင်း၊ မကောင်းမှုကိုစွဲလမ်းခြင်း၊ ပတ်ဝန်းကျင်နဲ့ သဟဇာတမဖြစ်ခြင်းတို့အတွက် အထူးအလေးထားကြပ်မတ်ပေးရမယ့် အသက်အရွယ်ကာလဖြစ်နေတဲ့အတွက် စိတ်ကျန်းမာရေးကို အထူးအလေးထားဆောင်ရွက်သင့်ပါကြောင်း ပြောကြားရင်းနဲ့ ကျွန်မ ဒေါက်တာဒေါ်အေဇင်လတ်ရဲ့အဆိုကို ထောက်ခံအပ်ပါတယ်ရှင်။

**ဥက္ကဋ္ဌ**။ ။ရေကြည်မဲဆန္ဒနယ်မှ ဒေါက်တာစံရွှေဝင်း ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဒေါက်တာစံရွှေဝင်း(ရေကြည်မဲဆန္ဒနယ်)**။ ။ လေးစားအပ်တဲ့ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီး၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ဧရာဝတီတိုင်းဒေသကြီး ရေကြည်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာစံရွှေဝင်း ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့နိုင်ငံအတွင်းကို ကျောင်းကျန်းမာရေးလုပ်ငန်းတွေရောက်ရှိလာတာ အခုဆိုရင် ၉၇ နှစ်ရှိပါပြီ။ မြန်မာနိုင်ငံအတွင်းမှာ အရှည်ကြာဆုံးသော လုပ်ငန်းစဉ်တစ်ခုဖြစ်ပါတယ်။ သို့သော်လည်း ဒီကာလအတွင်းမှာ အနိမ့်၊ အမြင့်၊ အတက်၊ အကျပေါင်းများစွာနဲ့ ကျွန်တော်တို့ရဲ့ ကျောင်းကျန်းမာရေးလုပ်ငန်းများဟာ ထိရောက်အောင်မြင်မှုရှိခဲ့သလို ထိရောက်အောင်မြင်မှုအားနည်းတဲ့အချိန်ကာလတွေလည်း အများကြီးရှိခဲ့ပါတယ်။ ဒီလုပ်ငန်းစဉ်တွေတော့ အခုအခါမှာဆိုရင်တော့ ထိရောက်အောင်မြင်မှုများပိုမို ကောင်းမွန်လာနိုင်ရေးအတွက်ကို လောလောဆယ်မှာ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနကနေပြီးတော့ အဓိကတာဝန်ယူပြီးတော့ ဆောင်ရွက်နေရတဲ့ လုပ်ငန်းစဉ်တစ်ခုဖြစ်ပါတယ်။ ကျွန်တော်တို့ ဒီလုပ်ငန်းစဉ်တွေအတွက်လုပ်ဖို့အတွက်ကို မကြာသေးမီကပဲ နိုင်ငံတော်သမ္မတရုံးရဲ့အမိန့်နဲ့ ကျောင်းကျန်းမာရေး ဗဟိုကော်မတီကို ဖွဲ့စည်းပေးခဲ့ပြီးဖြစ်ပါတယ်။ ဗဟိုကော်မတီက တာဝန်ယူဆောင်ရွက်ပေးရာမယ့် လုပ်ငန်းများကိုလည်း သတ်မှတ်ပေးထားပြီးဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျောင်းကျန်းမာရေး ဗဟိုကော်မတီအနေနဲ့ လုပ်ငန်းဆောင်ရွက်မှုများကို အစဉ်အဆက် ဆက်စဉ်မပြတ် ဆောင်ရွက်သွားနိုင်လိမ့်မယ်လို့ ကျွန်တော်အနေနဲ့ ယုံကြည်ပါတယ်။ ဒီလုပ်ငန်းတွေကို လုပ်ဖို့အတွက် ကျွန်တော့်အနေနဲ့တော့ အကြံပြုချက်များပေးလိုပါတယ်။ ပထမဆုံးကတော့ ကျောင်းကျန်းမာရေးလုပ်ငန်းဟာ လုပ်ငန်းစဉ်ရဲ့ ဦးစားပေးလုပ်ငန်းထဲမှာပါ၏/မပါ၏ ကျွန်တော်တို့ စဉ်းစားဖို့လိုပါတယ်။ ပညာရေးဌာနကော၊ ကျန်းမာရေးဌာနကော ဆောင်ရွက်ရမည့်လုပ်ငန်းတွေ အများကြီးရှိပါတယ်။ ဒီလုပ်ငန်းစဉ်တွေအများကြီးထဲမှာ ကျောင်းကျန်းမာရေးလုပ်ငန်းစဉ်ဟာ ဦးစားပေးဆောင်ရွက်ရမယ့် လုပ်ငန်းစဉ်တစ်ခုအဖြစ် သတ်မှတ်မှသာလျှင် ထိထိရောက်ရောက် ထဲထဲဝင်ဝင်ဆောင်ရွက်နိုင်မှာ ဖြစ်ပါတယ်။ ဒုတိယတစ်ချက်ကတော့ Commitment လို့ခေါ်တဲ့ ဒီလုပ်ငန်းကို တကယ်လုပ်မှာလား။ ထိထိရောက်ရောက် အောင်အောင်မြင်မြင်ဆောင်ရွက်မှာလားဆိုတာကို ဆုံးဖြတ်သုံးသပ်ဖို့လည်း လိုမှာ ဖြစ်ပါတယ်။ ဦးစားပေးလုပ်ငန်းအဖြစ်သာ သတ်မှတ်ပြီးတော့ ထဲထဲဝင်ဝင်ဆောင်ရွက်ဖို့ ကျွန်တော်တို့ မဆုံးဖြတ်ဘူးဆိုလို့ရှိရင် ဒီလုပ်ငန်းစဉ်ရဲ့ထိရောက်မှုတိုင်းကို ကျွန်တော်တို့က တော်တော်လေးသံသယဖြစ်စရာရှိပါတယ်။ ဒါကြောင့်မို့လို့ ထဲထဲဝင်ဝင်ဆောင်ရွက်ပါ့မယ်ဆိုတဲ့

ဆုံးဖြတ်ချက်ကိုလည်း သက်ဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်များအနေနဲ့ ဆုံးဖြတ်ချက်ချပြီးဆောင်ရွက်ဖို့လိုမှာ ဖြစ်ပါတယ်။ နောက်တစ်ခုအနေနဲ့ကတော့ ကျွန်တော်တို့ ပံ့ပိုးကူညီမှုများဖြစ်ပါလိမ့်မယ်။ ဒါနဲ့ ပတ်သက်ပြီးတော့လည်း ကိုယ်စားလှယ်များက တော်တော်များများ ဆွေးနွေးထားပြီးဖြစ်ပါတယ်။ ဒီနေရာမှာ လူအင်အားပံ့ပိုးကူညီမှု၊ ငွေကြေးအင်အားပံ့ပိုးကူညီမှု စသည်များအပြင် နည်းပညာပိုင်း ဆိုင်ရာပံ့ပိုးကူညီမှုများကိုလည်း ရရှိအောင်ကျွန်တော်တို့ ဆောင်ရွက်ရမှာဖြစ်ပါတယ်။

ဒီလိုပံ့ပိုးကူညီမှုများနှင့် ပူးပေါင်းဆောင်ရွက်ပြီးတော့ သေသေချာချာအကောင်အထည်ဖော် ဆောင်ရွက်နိုင်မယ်ဆိုရင် ကျွန်တော်တို့ရဲ့ ကျောင်းကျန်းမာရေးလုပ်ငန်းစဉ်များဟာ အများကြီး တိုးတက်အောင်မြင်လာမှာဖြစ်ပါတယ်။ နောက်တစ်ခုကတော့ ကျွန်တော်တို့ ဒီပြည်သူလူထုရဲ့ ပူးပေါင်းပါဝင်ဆောင်ရွက်မှုဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံမှာ မိဘဆရာအသင်း၊ ကျောင်းအကျိုး တော်ဆောင်၊ ကျောင်းဆရာဆရာမများ၊ ကျောင်းသူကျောင်းသားများစသည့် ပြည်သူရဲ့ CSO များ CPO များစသည်ဖြင့် မျိုးစုံတွေရှိတဲ့ထဲကနေပြီးတော့ ကျောင်းကျန်းမာရေးကို စိတ်ပါဝင်စားသူ အလွန် နည်းပါတယ်။ ကျန်တဲ့ကိစ္စရပ်များကိုသာ ဆောင်ရွက်နေပြီးတော့ ကျောင်းကျန်းမာရေးကိစ္စရပ်များကို ဆောင်ရွက်ပြီးတော့ ပူးပေါင်းဆောင်ရွက်ပြီးတဲ့ အဖွဲ့အစည်းက တော်တော်လေးကို နည်းပါးတာဖြစ်တဲ့ အတွက် ဒီအဖွဲ့အစည်းများရဲ့ ပံ့ပိုးကူညီမှုကိုလည်း ကျွန်တော်တို့ အများကြီးရယူဖို့လိုအပ်မှာဖြစ်ပါ တယ်။ နောက်ဆုံးတစ်ခုကတော့ လုပ်ငန်းတွေကို ဆောင်ရွက်တဲ့အခါမှာ ကျွန်တော်တို့က ကြီးကြပ် ကွပ်ကဲမှုအပိုင်းဖြစ်ပါတယ်။ လုပ်ငန်းတွေကို လမ်းစဉ်များကို ချမှတ်ထားပြီးဖြစ်ပေမဲ့လို့ တကယ် အကောင်အထည်ဖော်ဆောင်ရွက်တဲ့အခါမှာ ကြီးကြပ်ကွပ်ကဲမှုပိုင်းအားနည်းနေတာဖြစ်တဲ့အတွက် ဆောင်ရွက်မှုအပိုင်းတွေမှာ အများကြီးအားနည်းနေတာဖြစ်ပါတယ်။ ဒီလုပ်ငန်းစဉ်တွေကို ဆောင်ရွက် တဲ့အခါမှာ နှစ်စဉ် သို့မဟုတ် သင့်တော်တဲ့အချိန်များမှာ ပြန်လည်သုံးသပ်ခြင်းဆွေးနွေးပွဲ အစည်း အဝေးပွဲများကိုလည်း သတ်သတ်မှတ်မှတ်ဆောင်ရွက်ဖို့ လိုအပ်တယ်ဆိုတဲ့အကြောင်းကို တင်ပြလိုပါ တယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျောင်းကျန်းမာရေးလုပ်ငန်းတွေကို ဆောင်ရွက်တဲ့အခါမှာ လုပ်ငန်းစဉ် ၉ ခု ကျွန်တော်တို့ သတ်မှတ်ထားတာဖြစ်ပါတယ်။ ဒီထဲက လုပ်ငန်းစဉ်တွေထဲမှာ ပညာရေးဌာနနှင့် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနရဲ့ ပူးပေါင်းဆောင်ရွက်မှုကြောင့် ရောဂါကာကွယ်နှိမ်နင်းရေး လုပ်ငန်းသုံးခုကို ထိထိရောက်ရောက်အောင်မြင်အောင် ဆောင်ရွက်နိုင်ခဲ့ပြီးဖြစ်ပါတယ်။ ဒါတွေက တော့ ဆေးလိပ်နှင့်ဆေးရွက်ကြီးထိန်းချုပ်ရေးလုပ်ငန်း၊ သန်ကောင်ရောဂါကာကွယ်ရေးလုပ်ငန်းနှင့် မကြာသေးမီကမှ ဆောင်ရွက်သွားတဲ့ ဂျပန်ဦးနှောက်ရောင်ကာကွယ်ရေးလုပ်ငန်းတွေ ဖြစ်ပါတယ်။ ဒီလိုလုပ်ငန်းတွေကို သက်ဆိုင်ရာဌာနနှစ်ခုနှင့် အခြားပံ့ပိုးကူညီမှုများကနေပြီးတော့ ထဲထဲဝင်ဝင် ပူးပေါင်းဆောင်ရွက်လိုက်တဲ့အတွက် အောင်မြင်အောင်ဆောင်ရွက်နိုင်သလို ရှေ့မှာလည်းပဲ ကျွန်တော် တို့ရဲ့ ကျောင်းကျန်းမာရေးလုပ်ငန်းတွေကို ထဲထဲဝင်ဝင်ပူးပေါင်းဆောင်ရွက်မယ်ဆိုရင် အောင်မြင်နိုင် မယ့်အခြေအနေတွေ အများကြီးရှိပါတယ်။ ဒီလုပ်ငန်းတွေထဲမှာ ကိုးခုကို ကျွန်တော်အနေနဲ့ တင်ပြလို ပါတယ်။ ပထမတစ်ခုကတော့ ကျန်းမာရေးပညာပေးလုပ်ငန်းဖြစ်ပါတယ်။ ဒီလုပ်ငန်းဟာ ကျန်းမာရေး နှင့်အားကစားဝန်ကြီးဌာနက ဆောင်ရွက်မှုဖြစ်မယ့် လုပ်ငန်းမဟုတ်ပါဘူး။ ပညာရေးဝန်ကြီးဌာန

အနေနဲ့လည်း ထဲထဲဝင်ဝင်ဆောင်ရွက်နိုင်တဲ့လုပ်ငန်းတစ်ခုဖြစ်ပါတယ်။ ကျောင်းပတ်ဝန်းကျင်သန့်ရှင်းရေးလုပ်ငန်းဖြစ်ပါတယ်။ ဒီလုပ်ငန်းဟာလည်း ဒီအတိုင်းပါပဲ။ ကျောင်းကျန်းမာရေးစစ်ဆေးခြင်းလုပ်ငန်းကိုတော့ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနကသာ အဓိကတာဝန်ယူဆောင်ရွက်နိုင်တဲ့ကိစ္စတစ်ခုဖြစ်ပါတယ်။ ရောဂါကာကွယ်နှိမ်နင်းရေးလုပ်ငန်းကတော့ ပညာရေးဝန်ကြီးဌာနနှင့် ကျန်းမာရေးဝန်ကြီးဌာနနှစ်ခုပူးပေါင်းပြီးတော့ ဆောင်ရွက်လို့ရှိရင် အောင်မြင်မယ့်ကိစ္စဖြစ်ပါတယ်။ အာဟာရဖွံ့ဖြိုးရေးနှင့် အစားအစာအန္တရာယ်ကင်းဝေးရေးလုပ်ငန်းဟာလည်း ပညာရေးဝန်ကြီးဌာနနှင့် ကျန်းမာရေးဝန်ကြီးဌာန ပူးပေါင်းဆောင်ရွက်နိုင်တဲ့ လုပ်ငန်းဖြစ်ပါတယ်။ မူမှန်၊ လူနေမှုဘဝဟန်ပန်များ ပြည်သူအတွင်းရောက်ရှိရေးလုပ်ငန်းဟာလည်းပဲ ပညာရေးဝန်ကြီးဌာနတာဝန်ယူဆောင်ရွက်နိုင်တဲ့လုပ်ငန်းဖြစ်ပါတယ်။ ကာယနှင့်အားကစားလုပ်ငန်းဟာလည်း ကျန်းမာရေးဝန်ကြီးဌာနက ဆောင်ရွက်မှုမဟုတ်ပါဘူး။ ပညာရေးဝန်ကြီးဌာနကလည်း ဆောင်ရွက်နိုင်တဲ့ကိစ္စဖြစ်ပါတယ်။ ဒီအတိုင်းပဲ နှစ်သိမ့်ပညာပေးဆွေးနွေးခြင်းနှင့် သင်တန်းနှင့် သုတေသနကိုလည်း ပညာရေးဝန်ကြီးဌာနက ဆောင်ရွက်နိုင်တာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ နောက်ဆုံးအနေနဲ့ Ownership ကိုတော့ ကျွန်တော်တို့က ပညာရေးဝန်ကြီးဌာနကနေ တာဝန်ယူဆောင်ရွက်သင့်တဲ့ လုပ်ငန်းဖြစ်ပြီးတော့ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနရဲ့ ပံ့ပိုးကူညီမှုများနှင့် ဆောင်ရွက် သင့်တဲ့လုပ်ငန်းစဉ်တစ်ခုဖြစ်တယ်ဆိုတဲ့အကြောင်း တင်ပြရင်း နိဂုံးချုပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ထီးချိုင့်မဲဆန္ဒနယ်မှ ဦးမောင်မောင် ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးမောင်မောင်(ထီးချိုင့်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး၊ ပြည်ထောင်စုဝန်ကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကျန်းမာကြပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ ထီးချိုင့်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင်ဖြစ်ပြီး ရွှေဘိုမဲဆန္ဒနယ်မှ ဒေါက်တာဒေါ်အေဇင်လတ်ရဲ့အဆိုကို ထောက်ခံဆွေးနွေးအကြံပြုတင်ပြသွားမှာဖြစ်ပါတယ်။ အဆိုရှင်အား ပြည်သူ့လွှတ်တော်မှ ပြည်သူ့ကျန်းမာရေး Public Health နဲ့ပတ်သက်ပြီး ဝန်ကြီးဌာနအနေနဲ့ ကြိုတင်ပြင်ဆင်သည့်တဲ့ ကိစ္စအဝဝနှင့်ဆက်စပ်အဆိုတွေကို မကြာမကြာတင်ပြတဲ့အတွက် ပြည်သူများကိုယ်စား အထူးကျေးဇူးတင်ဝမ်းမြောက်မိပါတယ်။ အဆိုကို ယေဘုယျအားဖြင့် အပိုင်းနှစ်ပိုင်းခွဲပြီး တင်ပြဆွေးနွေးသွားတာကိုတွေ့ရပါတယ်။ ပထမအပိုင်းအနေနဲ့ မြန်မာနိုင်ငံ အနာဂတ်နိုင်ငံတော်ကို ဦးဆောင်ခေါင်းရွက်ပြုကြမယ့် ကျောင်းသားလူငယ်တွေရဲ့ ပညာရည်မြင့်မားရေးကို အထောက်အကူပြုဖို့အရေးပါတဲ့ ကျန်းမာရေးစောင့်ရှောက်မှုအပိုင်းနဲ့ ဒုတိယအပိုင်းကတော့ ပထမပိုင်းမှာဆွေးနွေးချက်တွေကို အစဉ်တစိုက်ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရေးအတွက် လိုအပ်တဲ့နှစ်စဉ်ဘဏ္ဍာငွေကို ဘယ်လိုထောက်ပံ့ပေးနိုင်မလဲဆိုပြီး တင်ပြသွားတာကို တွေ့ရပါတယ်။ ကျွန်တော့်အနေနဲ့ ပထမပိုင်းအောင်မြင်ဖို့ ဘယ်လိုလုပ်ဆောင်သင့်လဲဆိုတာကို အခြေခံသဘောဆွေးနွေးပြီး ဒုတိယပိုင်းဘဏ္ဍာငွေရရှိရေးကို အဓိကထားတင်ပြဆွေးနွေးသွားမှာဖြစ်ပါတယ်။

လေးစားအပ်တဲ့ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတော်ရဲ့ ကျန်းမာရေးစနစ်တစ်ရပ်ကို လေ့လာကြည့်မယ်ဆိုရင် ရောဂါကာကွယ်ရေး၊ ကျန်းမာရေးမြှင့်တင်ရေး၊ ကုသရေးနှင့် ပြန်လည်ထူထောင်ရေးဟူ

သော ကဏ္ဍလေးရပ်ကို မျှချေညီစွာဆောင်ရွက်နိုင်မှ ပြည့်စုံတဲ့ကျန်းမာရေးဖွံ့ဖြိုးမှုကို ရရှိနိုင်မှာဖြစ်ပါတယ်။ လက်ရှိ ကျွန်တော်တို့နိုင်ငံရဲ့ ကျန်းမာရေးစနစ်ကို လေ့လာကြည့်ရင် အဆိုပါ လေးရပ်လုံးပါဝင်တယ်ဆိုပေမဲ့ ကာကွယ်မြှင့်တင်ရေးဆိုသော အဓိကကျတဲ့ ကာကွယ်ရေးသည် ကုသရေးထက်ကောင်းမွန်သည်ဆိုသော်ငြားလည်း ကုသရေးကိုသာ အားထည့်သကဲ့သို့ သုံးစွဲချထားသောကျန်းမာရေးအသုံးစရိတ်အများစုဟာ ဝန်ဆောင်မှုအခြေပြုစနစ်သဖွယ် ဖြစ်နေတာကိုတွေ့ရမှာဖြစ်ပါတယ်။ အဆိုရှင်ရဲ့မူလရည်ရွယ်ချက်ကို ပြန်ကောက်ရရင် နိုင်ငံလူဦးရေရဲ့ လူကြီး တော်တော်များများဟာ ကျန်းမာရေးအသိပညာပြန့်ပွားဖို့၊ စည်းရုံးဖို့ မလွယ်ကူချိန်မှာ အထိရောက်ဆုံး ပြစ်မှတ်ကိုရှာတဲ့အခါ ကျောင်းနေအရွယ်ကလေးများကို နည်းစနစ်မှန်မှန်နှင့် စနစ်တကျကျန်းမာရေးစောင့်ရှောက်မှုပညာပေးခြင်းဟာ များစွားသောအကျိုးကို ရရှိနိုင်မယ်လို့မျှော်လင့်ရပါတယ်။ အဲဒီမှာလည်း ကျောင်းသားကျောင်းသူတွေကို ပညာပေးမလုပ်ခင် သူတို့ကိုယ်သင်ကြားတဲ့ သူတို့ရဲ့ ဆရာဆရာမတွေကို တကယ့်စံပြထိုက်သူကို Role Model တွေဖြစ်အောင် ဦးစွာပထမလေ့ကျင့်ပေးဖို့အကြံပြု လိုပါတယ်။ ငယ်ရွယ်စဉ်ကျောင်းသားဘဝတည်းက ကျောင်းကျန်းမာရေးလုပ်ငန်းတွေအပြင်အချင်း ချင်းပူးပေါင်းဆောင်ရွက်မှု၊ အပြန်အလှန်လေးစားမှု၊ သဘာဝပတ်ဝန်းကျင်ကို တန်ဖိုးထားမှု၊ တစ်ကိုယ် ကောင်းမဆန်မှုစတာတွေကို ပြုစုပျိုးထောင်ပေးဖို့ လိုပါတယ်။ ငယ်ရွယ်စဉ်ခါမှာမလေ့ကျင့်ခဲ့ရင် ကြီးလေဆိုးလေနဲ့ ပြင်မရတဲ့လူကြီးတွေ မိမိကိုယ်ကိုယ်အထင်ကြီးပြီး မိမိလုပ်တာ၊ မိမိပြောတာမှအမှန် သူများလုပ်တာအားလုံးကို မှားသယောက်ယောင်မြင်တက်တဲ့ အလေ့အထအကျင့်ဆိုးတွေ မပါဖို့လိုပါတယ်။ ဒါမှသာ စိတ်ဓာတ်ကော၊ ခန္ဓာကိုယ်ပါ ကျန်းမာသန်စွမ်းတဲ့အနာဂတ်လူငယ်များပေါ် ပေါက်လာမှာဖြစ်ပါတယ်။

လေးစားအားထားရတဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ ဒုတိယအပိုင်းကို ဆက်လက်ပြီးဆွေးနွေးလိုပါတယ်။ ယခုဆွေးနွေးတဲ့လုပ်ငန်းစဉ်တွေ အစဉ်အဆက်မပြတ်လုပ်ကိုင်နိုင်အောင် တစ်ဖက်ကလည်း ပြည့်စုံလုံလောက်တဲ့ရန်ပုံငွေ လိုအပ်ပါတယ်။ ဒါကိုလည်း အဆိုရှင်က လူထုကျန်းမာရေးကိုထိခိုက်စေနိုင်တဲ့ဆေးလိပ်၊ ဆေးရွက်ကြီးနှင့် အရက်၊ ဘီယာတွေအပေါ်မှာ အခွန်တိုးကောက်ဖို့တင်ပြထားပါတယ်။ ဒီအချက်ဟာ ကနေ့ ပြည်သူလူထုကျန်းမာရေးအတွက် ကြီးမားတဲ့စိန်ခေါ်မှုဖြစ်နေတာပါ။ ပြည်သူ့ကျန်းမာရေးဖောင်ဒေးရှင်းရဲ့ ထုတ်ပြန်ချက်အစီရင်ခံစာအရ မြန်မာနိုင်ငံမှာ လူပေါင်း ခုနစ်သောင်းလောက်ဟာ နှစ်စဉ် ဆေးလိပ်ကြောင့် သေဆုံးနေရပြီး အသက်ရှင်နှုန်းမှာ ၂၀၁၄ သန်းခေါင်စာရင်းအရ အမျိုးသား ၆၅ နှစ်နှင့် အမျိုးသမီး က ၆၈ နှစ်ဖြစ်ကြောင်း သိရပါတယ်။ ဂျပန်နှင့်စင်ကာပူမှာ ၈၃ နှစ်ကျော်၊ ဗီယက်နမ်နိုင်ငံမှာ ၇၅ နှစ်၊ မလေးရှားနှင့် ထိုင်ဝမ်က ၇၄ နှစ်၊ ဖိလစ်ပိုင်နှင့် အင်ဒိုနီးရှားက ၆၇ နှစ်နှင့် ၇၀ နှစ် အသီးသီးရှိကြပြီး ကမ္ဘောဒီယားနိုင်ငံကသာ ဗီယက်နမ်နိုင်ငံထက် နိမ့်ကျတယ်လို့သိရပါတယ်။ နောက်ထပ် ကျွန်တော်တို့ နိုင်ငံရဲ့ စီးကရက်ထုတ်လုပ်မှုကိုကြည့်ရင် ၂၀၁၅ ခုနှစ်စစ်တမ်းအရ စီးကရက် ၈ ဘီလီယံနှင့် ဆေးပေါလိပ် တစ်ဘီလီယံရှိလို့ စုစုပေါင်းဆေးလိပ် ၁၀ ဘီလီယံထုတ်လုပ်နေတယ်လို့ ဆိုပါတယ်။ နိုင်ငံသား ရင်းနှီးမြှုပ်နှံမှုတွေဖွင့်ပေးတဲ့အခါ ရှေးဦးဝင်လာတာက စီးကရက်နှင့်အရက်က ပိုမိုများပြားလာတာကို တွေ့ရပါတယ်။ အာဆီယံနိုင်ငံများမှာထုတ်လုပ်နေတဲ့ စီးကရက်အရေအတွက်များအရ မြန်မာပြည်မှာ စီးကရက်ထုတ်လုပ်မှုဟာ ပမာဏအများဆုံး

ဖြစ်ပြီး ၂၀၁၈-၂၀၁၉ ခုနှစ်မှာ ထုတ်လုပ်မှုပမာဏ ၂၅ ဘီလီယံထိမှန်းဆထားတာကိုလည်း ဖော်ပြထားတာတွေ့ရပါတယ်။ ပြည်ပပို့ရင်ပြဿနာမဟုတ်သော်လည်း ပြည်တွင်းမှာသုံးစွဲရင် ကြီးမားတဲ့ပြဿနာဖြစ်လာနိုင်ပါတယ်။ ဒါ့အပြင် ဥပဒေအမှတ်(၅/၂၀၀၆)နှင့် ဆေးရွက်ကြီးသောက်သုံးမှုထိန်းချုပ်ရေးဥပဒေ ပြဋ္ဌာန်းနိုင်ခဲ့ပေမဲ့ ဆေးရွက်ထွက်ပစ္စည်းအမျိုးမျိုးပြုပြင်စားသုံးခြင်းက ၂၀၁၄ မှာ ၆၂ ရာခိုင်နှုန်းရှိပြီး လူငယ်လေးဦးမှာ တစ်ဦးဟာ ကွမ်းစားတယ်လို့ဆိုပါတယ်။ ဆေးလိပ်နဲ့ဆေးရွက်ကြီးထွက်ပစ္စည်းသုံးစွဲမှု ထိန်းချုပ်ရေးအတွက် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ အပြည်ပြည်ဆိုင်ရာဆေးလိပ်နှင့်ဆေးရွက်ကြီးထိန်းချုပ်မှုဆိုင်ရာကွန်ဗင်းရှင်းစာချုပ် WHO(FCTC)ကို မြန်မာနိုင်ငံက ၂၀၀၃ ခုနှစ်အောက်တိုဘာလမှာ ၁၁ နိုင်ငံမြောက်အဖြစ် လက်မှတ်ပါဝင်ရေးထိုးခဲ့ပါတယ်။

လေးစားအားထားရတဲ့ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်သူ့ကျန်းမာရေးအတွက် (FCTC)မှာ အရေးကြီးဆုံးက အများပြည်သူရှိတဲ့နေရာတွေမှာ ဆေးလိပ်သောက်သုံးခြင်းမပြုဖို့ တားမြစ်ပေးရန် အစီအမံထားရှိဖို့နဲ့ ဆေးလိပ်မသောက်သုံးသူများလည်း ဆေးလိပ်ငွေ့မရှူမိစေရန် ဆေးလိပ်မသောက်ရနယ်မြေများ ထူထောင်ပေးရန်လို့ပါရှိကြောင်းသိရပါတယ်။ ၂၀၀၆ ခုနှစ်ရေးဆွဲခဲ့တဲ့ ဥပဒေမှာမပါရှိတဲ့ (FCTC)Article Six ဖြစ်တဲ့ နိုင်ငံတော်အနေဖြင့် အဖွဲ့ဝင်နိုင်ငံများသည် ဆေးလိပ်နဲ့ဆေးရွက်ကြီးတိုက်ဖျက်ရေးလုပ်ငန်းမှာ အခွန်တိုးမြှင့်ကောက်ခံသွားရန်ဆိုတဲ့အချက်ကို ဥပဒေမှာဖြစ်စေ၊ မူဝါဒမှာဖြစ်စေ ပြဋ္ဌာန်းပေးဖို့အကြံပြုလိုပါတယ်။ ဒီနေ့ ထိုင်းနိုင်ငံရဲ့ဥပဒေမှာ အခွန်တိုးကောက်ရေးကို သီးခြားပါရှိတဲ့အတွက် ကျန်းမာရေးဖောင်ဒေးရှင်းလုပ်ငန်း ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများစွာကို ထိထိရောက်ရောက် အောင်မြင်စွာလုပ်ဆောင်နိုင်တာကို တွေ့ရပါတယ်။ အာဆီယံနိုင်ငံများအားလုံး ဆေးလိပ်နဲ့ဆေးရွက်ကြီးအပေါ်မှာ အခွန်တိုးမြှင့်ကောက်ခံကြကာ ကောက်ခံတဲ့အခွန်ပုံစံစနစ်သာ ကွာခြားသွားပြီး ရတဲ့အခွန်ကမှ ဆေးလိပ်နှင့်ဆေးရွက်ကြီး တိုက်ဖျက်ရေးအတွက် ပြန်အသုံးချမှုများအပြင် အဆိုရှင်တင်ပြခဲ့တဲ့ ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုအပါအဝင် ကျောင်းသားလူငယ်များရဲ့ ကျောင်းကျန်းမာရေးလုပ်ငန်းစဉ်များကို နိုင်ငံတော်ဘတ်ဂျက်မှ ကျခံသုံးစွဲစရာမလိုဘဲ ဆေးလိပ်နှင့်ဆေးရွက်ကြီးထွက်ပစ္စည်းများနဲ့ အရက်၊ ဘီယာတို့အပေါ် ထပ်စောင်းအခွန် ကောက်ခံခြင်းလုပ်ငန်းကို ကျယ်ကျယ်ပြန့်ပြန့်လုပ်ဆောင်သင့်ပါကြောင်းနဲ့ ရွှေဘိုမဲဆန္ဒနယ်မှ ဒေါက်တာဒေါ်အေဇင်လတ်ရဲ့အဆိုကို လေးလေးနက်နက်ထောက်ခံခဲ့ရပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

## ဒေါက်တာဒေါ်အေဇင်လတ်၊ ရွှေဘိုမဲဆန္ဒနယ်က တင်သွင်းသည့်အဆိုနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်းဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း

**ဥက္ကဋ္ဌ**။ ။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနက ပြန်လည်ရှင်းလင်းဆွေးနွေးရန် ဖြစ်ပါတယ်။

**ဒေါက်တာမြင့်ထွေး(ပြည်ထောင်စုဝန်ကြီး၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။

ကျွန်တော့်အနေနဲ့ ပထမဆုံးပြောချင်တာကတော့ ဒီပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များတင်ပြတဲ့ အချက်များဟာ အလွန်ကောင်းတဲ့အချက်တွေဖြစ်ပါတယ်။ ဒါတွေကို ကျွန်တော်တို့အကုန်စဉ်းစားမှာ ပါ။ ဒုတိယအချက်အနေနဲ့ကတော့ ဒေါက်တာဒေါ်အေဇင်လတ် တင်သွင်းတဲ့အဆိုကိုဦကကို တော်တော်လေးကောင်းပါတယ်။ ဒီအဆိုမှာ ရည်ရွယ်ချက် Objective ပါတယ်။ မဟာဗျူဟာ strategy ပါတယ်။ ဘဏ္ဍာအတွက်ပါတယ်။ Intervention အကုန်ပါတယ်။ Approach ဘယ်လိုလုပ်ရမလဲ ပါတယ်။ တော်တော်ကောင်းပါတယ်။ ပြည်သူ့ကျန်းမာရေးရဲ့ Principle တွေနဲ့ အကုန်ကိုက်ပါတယ်။ အဲဒီတော့ ဒီအဆိုဟာ ကောင်းသလိုပဲ ကျွန်တော်တို့ဟာ ဒီဘာသာရပ်ဟာလည်း အလွန်အရေးကြီးတဲ့ ဘာသာရပ် ဖြစ်တဲ့အတွက် ကျွန်တော်တို့အနေနဲ့ ဝန်ကြီးဖြစ်တဲ့ ပထမဆုံး 1st April မိန့်ခွန်းမှာလည်းပါပါတယ်။

ဒီကျောင်းကျန်းမာရေးဟာလည်း Priority ဖြစ်ပါတယ်။ နောက်ပြီးတော့ NLD ရဲ့ Manifesto နံပါတ်(၃)မှာပါပါတယ်။ ဒါပေမဲ့ နှစ်လကြာတဲ့အခါမှာ ကျွန်တော်တို့ကြည့်တဲ့အခါမှာ ကျွန်တော့်ရဲ့ ဦးစားပေးထဲကနေပြီးတော့ သုံးခုထုတ်လိုက်ပါတယ်။ ဇွန်လောက်မှာ။ အဲဒီ သုံးခုဟာ (၁) ပြည်သူများ ကျန်းမာရေးအသိပညာမြှင့်တင်ရေး(Health Literacy Promotion)၊ (၂) ကျောင်းကျန်းမာရေး၊ (၃) သားဖွားပညာရပ်ပါ။ အဲဒါနဲ့ အခုချိန်ထိ ကျွန်တော်တို့ လုပ်နေပါတယ်။ လုပ်တဲ့အခါမှာလည်း တော်တော်လုပ်နေပါတယ်။ လုပ်တယ်ဆိုတာကလဲ ကျွန်တော်တို့ရှိတဲ့ ဘတ်ဂျက်အင်အား၊ ငွေအင်အား၊ လူအင်အားနဲ့ လုပ်တဲ့အခါမှာကြည့်ရင် ဘယ်လောက်ထိလုပ်ပါလဲဆိုတော့ ကျွန်တော်တို့ ၂၀၁၆-၂၀၁၇ တစ်နှစ်ထဲမှာပဲ ကျောင်းပေါင်း ၄၅၀၀၀ မှ ၄၄၀၀၀ လောက်ကို ကျွန်တော်တို့ ကျန်းမာရေးစစ်ဆေးမှု ပြီးပါပြီ။ မူလတန်းကျောင်း ၅.၁၂ မီလီယံကိုလည်း အကုန်စစ်ပြီးပါပြီ။ ယင်လုံးအိမ်သာတွေလည်း ၈၈ ရာခိုင်နှုန်းရအောင်လုပ်ပေးတယ်။ အာဟာရဖွံ့ဖြိုးရေးလုပ်ငန်းတွေ ၆၇ ရာခိုင်နှုန်း ကျောင်းတွေမှာ လုပ်ပေးတယ်။ ကျောင်းကျန်းမာရေးသင်တန်းတွေလည်း ၃၀ ရာခိုင်နှုန်းလုပ်ပေးပါတယ်။ တော်တော် လုပ်ပါတယ်။ ကျွန်တော်ဆိုလိုတာက ကျွန်တော်တို့ မလုပ်ဘူးလို့ထင်မှာစိုးလို့ ဒါတွေပြောတာပါ။ ဒါထက်က လုပ်တာအများကြီးရှိပါတယ်။ အဲဒီတော့ ဒါကိုကြည့်တဲ့အခါမှာ ဘာကြောင့်အရေးကြီးလဲ ဆိုတော့ ကျွန်တော် ကျောင်းသားပေါင်းက ကျွန်တော်တို့က ၈.၇ မီလီယံရှိပါတယ်။ ကျောင်းပေါင်းက ၄၆၀၀၀ ရှိတဲ့အတွက် ၁၇ လောက် ရာခိုင်နှုန်းသော လူဦးရေသည် ဒီနေရာမှာရှိတယ်။ ရှိတဲ့အပြင် ဒီလူဦးရေသည် အစုလိုက်၊ အစုလိုက်အပြုံလိုက်၊ အပြုံလိုက်ဖြစ်တဲ့အတွက် ဒီနေရာမှာ ကျွန်တော်တို့က တစ်ခုခုလုပ်လိုက်လို့ရှိရင် ကျွန်တော်တို့နိုင်ငံအတွက်က အရမ်းထိရောက်တယ်။ လူဦးရေက ပျံ့နေတာ မဟုတ်ဘူး။ ကျောင်းတွေမှာ စုစည်းပြီးဖြစ်တဲ့အတွက် ဝင်လိုက်လို့ရှိရင် အများကြီးအကျိုးယုတ်တယ်။ ဆိုလိုတာက တစ်ဒေါ်လာလောက်ရင်းလို့ရှိရင် ဒေါ်လာတစ်ထောင်မကသော အကျိုးကိုရမယ်။ ဘယ်လိုအကျိုးရမလဲဆိုလို့ရှိရင် သူတို့အသက်ကြီးလာတဲ့အခါမှာ ကျန်းကျန်းမာမာနဲ့ အသက်ကြီး လာတာတွေဖြစ်မယ်။ သူ့ကို ကျွန်တော်တို့ အဓိကက ဘာလုပ်သလဲဆိုရင် ကျောင်းကျန်းမာရေး ဆိုတာက Healthy Living Principle ပေါ့။ ကျန်းမာသော Principle တွေရှိတဲ့အမူအကျင့်တွေကို ကျွန်တော်တို့က လုပ်ပေးတာပါ။ အဲဒီလုပ်ပေးဖို့အတွက် ခုနက ဆရာဦးစံရွှေဝင်းကလည်း ပြောသွား ပါတယ်။

ကျွန်တော်တို့ (၉)ရပ်နဲ့လုပ်နေပါတယ်။ Health Education ရှိပါတယ်။ ရောဂါနိမ်နင်းရေး၊ Nutrition ဆိုတော့ အစားအသောက်၊ အာဟာရနဲ့ Safe food တွေလုပ်ပါတယ်။ Sport and Physical Education အများကြီးပါပဲ (၉)ချက်နဲ့ကျွန်တော်တို့လုပ်နေပါတယ်။ လုပ်တဲ့အခါမှာ ကျွန်တော်တို့က ဒါကို အရမ်းအရေးကြီးကြောင်းသိတဲ့အတွက် နိုင်ငံတော်သမ္မတနဲ့ ပြည်ထောင်စု အစိုးရအဖွဲ့ကို ကျွန်တော်တို့ ဗဟိုကော်မတီဖွဲ့ချင်တယ်ဆိုပြီး တင်ပါတယ်။ တင်တဲ့အခါကျတော့ နိုင်ငံတော်သမ္မတကြီးလက်မှတ်နဲ့ပဲ ကျွန်တော်တို့က ဖေဖော်ဝါရီလ ၈ ရက်နေ့ ကနေ ထွက်ပါတယ်။ ပညာရေးဝန်ကြီး၊ ကျန်းမာရေးဝန်ကြီးနဲ့ ဆရာစံရွှေဝင်း ကျွန်တော်တို့ သုံးယောက်က နာယကပါ။ ကျန်တဲ့ ညွှန်ချုပ်တွေပါပါတယ်။ တော်တော်ကောင်းပါတယ်။ ညွှန်ချုပ်တော်တော်ကောင်းတယ် ဆိုတာက ကျန်းမာရေးက FDA ညွှန်ချုပ်၊ ကျန်းမာရေးဦးစီးညွှန်ချုပ်အပြင် အခြေခံကနေပါတဲ့ အခြေခံ ကညွှန်ချုပ်၊ ပညာရေးနှင့် လေ့ကျင့်ရေးညွှန်ချုပ်၊ ကျောင်းပြင်ပနှင့် တစ်သက်တာပညာရေး ညွှန်ချုပ်၊ ပညာရေးသုတေသနညွှန်ချုပ်၊ သာသနာရေးနှင့်ယဉ်ကျေးမှု ညွှန်ချုပ်၊ ပြီးတော့ ကြက်ခြေနီ ပါပါတယ်။ အလွန်ကောင်းတဲ့အဖွဲ့ကြီး ဖြစ်ပါတယ်။ ဒီအဖွဲ့မှာလည်း ဗဟိုအဖွဲ့အဆင့် ကော်မတီ ရှိတယ်။ တိုင်းနဲ့ပြည်နယ်အဆင့်ရှိတယ်။ ခရိုင်ရှိတယ်။ မြို့နယ်ရှိတယ်။ ကျောင်းအဆင့်ကော်မတီတွေရှိပါတယ်။

ဒီအစည်းအဝေးကိုလည်း မနေ့ကပဲ ကျွန်တော်တို့ ကျင်းပလိုက်ပါတယ်။ ဆရာကြီးဦးမျိုးသိမ်း ရယ် ကျွန်တော်တို့အကုန်လုံးခေါ်ပြီးတော့ ကျင်းပလိုက်တယ်။ ဒီအဖွဲ့က ဘာတွေလုပ်မလဲ အသေးစိတ် သတ်မှတ်ပါတယ်။ ဒါသည် ပထမအစည်းအဝေးနဲ့ မလုံလောက်ပါဘူး။ ဒီအဖွဲ့ကြီးရဲ့လုပ်ဆောင်မှုကို ကျွန်တော်ကတော့ ဇာတ်လမ်းမှာ လူတွေကရုပ်ရှင်ကြည့်တဲ့အခါမှာ နောက်ဆုံးဘာဖြစ်ချင်လဲဆိုရင် တော့ ကျွန်တော်ကတော့ ဒါကိုအတည်ပြုမှာပါ။ ကျွန်တော်ဘာ့ကြောင့် အတည်ပြုရသလဲဆိုတာကို ကျွန်တော်ပြောတာပါ။ ဒီအဖွဲ့ကြီးရဲ့လုပ်ငန်းတွေကို စနစ်တကျဖြစ်ဖို့က အတည်ပြုမှုဖြစ်မယ်။ အတည် ပြုမှုသာလျှင် ကျွန်တော်တို့လိုအပ်တဲ့ ဘတ်ဂျက်တွေအကုန်လုံးက ရမယ်။ မဟုတ်ရင် ဘတ်ဂျက် မရဘူး။ အဲဒါ အဓိကပဲ။ ဘတ်ဂျက်ရတဲ့အပြင် လုပ်ဖို့ဆိုလည်း စနစ်တကျ လုပ်မယ်။ အခုပညာရေးမှာ ကျွန်တော်တို့အဖွဲ့မှာ ပညာရေးပါတဲ့အတွက် ဘာအကျိုးရှိလဲဆိုတော့ အင်္ဂလိပ်လိုပြောရင်တော့ Stumbling Block ပေါ့။ အဓိက ကျွန်တော်တို့ကို Block လုပ်နေတာ ဘာလဲဆိုတော့ ကျောင်းသား တွေရဲ့ Curriculum မှာ အရမ်းများနေတယ်။ မူလတန်း၊ အလယ်တန်း၊ အထက်တန်းရဲ့ သင်ကြားမှု အဲဒါကိုလျှော့မှသာလျှင် ကျွန်တော်တို့ အခုလုပ်ချင်တဲ့ဟာတွေ အကုန်လုံးက ရမယ်။ ခုနက လွှတ်တော်ကိုယ်စားလှယ်ကြီးများတင်ပြတာက လုပ်ဖို့ဆိုရင် ကျောင်းတွေရဲ့ Curriculum ကို လျှော့ရမယ်။ မလျှော့လို့ရှိရင် ကျောင်းသားက စာပဲဖတ်နေပြီး ကျွန်တော်တို့ပြောတဲ့ အားကစား လည်းမလုပ်ဘူး။ ဘာမှလုပ်ဘူး။ အဲဒီလိုဖြစ်နေပါတယ်။ အဲဒီတော့ ကျွန်တော်တို့က ဒါကိုအတည်ပြုရင် ဘာလုပ်လို့ရမလဲ။ ကျွန်တော်တို့မှာရှိပါတယ်။ ခုန လွှတ်တော် ကိုယ်စားလှယ်ကြီးပြောတဲ့ Myanmar National Comprehensive School Health Strategic Plan စာမျက်နှာ ၇၀၊ ၇၁ ပါပါတယ်။ အကုန်ဘာလုပ်ရမလဲ ကျွန်တော်တို့ အကုန်သိတယ်။ ဒါကို သိဖို့အတွက်က ဒါကိုအတည်ပြုရင် ကျွန်တော်တို့ ပိုက်ဆံရရင် ဒီပညာရေးနဲ့ပေါင်းပြီး ကျွန်တော်တို့လုပ်လို့ရမယ်။ အသေးစိတ် ကျွန်တော် ရေးထားပါတယ်။ တော်တော့်ကို အသေးစိတ်ရေးထားပါတယ်။ ထို့အပြင် ကျွန်တော်တို့မှာ ဒီကျောင်း

ကျန်းမာရေးလက်စွဲဆိုပြီးတော့ စာမျက်နှာ ၁၈၀ ရှိပါတယ်။ ထုတ်ထားပြီးပါပြီ။ ဒါတွေက ကျောင်းအုပ်တွေကိုပေးမယ်။ ဆရာမတွေကိုပေးမယ်။ အဓိကက ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနတစ်ခုတည်းနဲ့ လုံးဝလုပ်လို့မရပါဘူး။ ပညာရေးဝန်ကြီးဌာနမှာရှိတဲ့ PTA (Parent Teacher Association)နဲ့ ကျောင်းအုပ်ကြီး၊ ကျောင်းဆရာမတွေပါရမယ်။ အဲဒီတော့ သူတို့ကို ဒီစာအုပ်ပေးပြီး သူတို့လေ့လာလိုက်လို့ရှိရင် သူတို့ကိုယ်၌က ဘာလုပ်ရမယ်ဆိုတာ သိမယ်။ သူတို့သိမှသာလျှင် ကျောင်းသာထုကြီးတစ်ခုလုံးသည် ကျန်းမာမယ်။ ကျောင်းသားထုကြီးတစ်ခုလုံး ကျန်းမာလို့ရှိရင် ကျွန်တော်တို့ တစ်နိုင်ငံလုံး ကျန်းမာမှာဖြစ်ပါတယ်။ အဲဒါ အဓိကပါပဲ။ နောက်တစ်ချက်ကတော့ ကျွန်တော်တို့က ဒါတွေကို သေသေချာချာလုပ်ချင်ပါတယ်။ နောက်တစ်ချက် က ဒါလုပ်တဲ့အခါမှာ ကျွန်တော်တို့ ခက်ရင်းခွပုံစံနဲ့ပေါ့။ Multi-Pronged Approach, Multi Sector အဲဒီလိုသွားရမယ်။ အဲဒီ သွားဖို့အတွက်ကတော့ ဒီဟာကို အတည်ပြုမှသာလျှင် ကျွန်တော်တို့ ရှေ့ဆက်လက်သွားနိုင်မှာဖြစ်တဲ့အတွက် ကျွန်တော် ဒီဟာကို အဆိုတင်သွင်းတဲ့ ဒေါက်တာဒေါ်အေဇင်လတ်ကိုလည်း အများကြီး ကျေးဇူးတင်ကြောင်းကိုလည်း လွှတ်တော်ဥက္ကဋ္ဌကြီးကတစ်ဆင့် ကျွန်တော်အားလုံးကိုတင်ပြတယ်။ ကျွန်တော့်အနေနဲ့ကတော့ ဒါကို လုံးဝအတည်ပြုဖို့ကို ထောက်ခံတင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ အဆိုရှင်ရဲ့သဘောထားပြောပါ။

**ဒေါက်တာဒေါ်အေဇင်လတ်(ရွှေဘိုမဲဆန္ဒနယ်)**။ ။ လေးစားရတဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါရှင်။ ယနေ့ ကျွန်မရဲ့အဆိုနဲ့စပ်လျဉ်းပြီးတော့ လာရောက်ရှင်းလင်းဖြေကြားပေးတဲ့ ပြည်ထောင်စုဝန်ကြီးကိုလည်း ကျေးဇူးတင်ပါတယ်။ နောက် ကျွန်မရဲ့ဒီအဆိုအပေါ်မှာ ဝိုင်းဝန်းအကြံပြုဆွေးနွေးပေးကြတဲ့ လွှတ်တော်ကိုယ်စားလှယ်ကြီးများအားလုံးနဲ့ ကျွန်မအဆိုတင်သွင်းစဉ်က ပါဝင်ထောက်ခံဆွေးနွေးပေးတဲ့ လွှတ်တော်ကိုယ်စားလှယ်တို့ကိုလည်း အထူးပင်ကျေးဇူးတင်ပါကြောင်း ပဏာမဦးစွာ ပြောချင်ပါတယ်။ အထူးသဖြင့် ကျွန်မတို့လွှတ်တော်ကိုယ်စားလှယ်များရဲ့ ဒီဝိုင်းဝန်းအကြံပြုဆွေးနွေးမှုများကြောင့်သာ ကျွန်မအဆိုရဲ့ အနက်အဓိပ္ပာယ်နဲ့ ရည်ရွယ်ချက်တွေဟာ ပိုမိုပြည့်စုံလာပြီးတော့ ကျွန်မတို့ ရှေ့ဆက်ပြီး အကောင်အထည်ဖော်တဲ့အခါမှာလည်း စဉ်းစားရမယ့်အချက်အလက်များလည်း ပါဝင်လာတာကိုလည်း ကျွန်မအနေနဲ့ မှတ်သားသိရှိရပါတယ်။ ဒီအတွက်ကြောင့်မို့လည်း အထူးပင်ကျေးဇူးတင်ပါကြောင်း ကျွန်မက ထည့်သွင်းပြောကြားရခြင်းဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ ကျွန်မရဲ့အဆိုနဲ့စပ်လျဉ်းပြီးတော့ ပြည်ထောင်စုဝန်ကြီးပြောကြားခဲ့သလို ကျွန်မတို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များလည်း ရည်ညွှန်းဆွေးနွေးခဲ့သလိုပါပဲ။ ကျွန်မဒီနေ့ ဒီအဆိုနဲ့ပတ်သက်တဲ့ ကျောင်းကျန်းမာရေး လုပ်ငန်းစဉ်များဟာ ကျွန်မတို့တိုင်းပြည်အတွက် အရင်းအနှီးထက်ပိုမိုတဲ့၊ ကြီးမားတဲ့အကျိုးအမြတ်ကို နိုင်ငံတော်အနေနဲ့ ကျွန်မတို့မျိုးဆက်ပေါင်းများစွာကိုပေးအပ်ပြီးတော့ ကျန်းမာသန်စွမ်းတဲ့ လူသားအရင်းအမြစ်များနဲ့ တိုင်းပြည်တည်ဆောက်နိုင်တော့မှာဖြစ်တဲ့အတွက် ကျွန်မအနေနဲ့ ဒီအဆိုကို လွှတ်တော်ကြီးကနေ အတည်ပြုပေးဖို့ရာ သဘောထားမှတ်ချက်ပေးပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒေါက်တာဒေါ်အေဇင်လတ်၊ ရွှေဘို မဲဆန္ဒနယ်က တင်သွင်းတဲ့အဆိုကို ကိုယ်စားလှယ် ၁၅ ဦးကဆွေးနွေးပြီး ကျန်းမာရေးနှင့်အားကစား ဝန်ကြီးဌာနက အဆိုအား အတည်ပြုသင့်ကြောင်း ရှင်းလင်းခဲ့ပါတယ်။ အဆိုရှင်ကလည်း အတည်ပြု ပေးရန် ရှင်းလင်းပြောကြားသွားပါတယ်။ ဒါကြောင့် ဒီအဆိုနဲ့စပ်လျဉ်းပြီး အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် ဒေါက်တာဒေါ်အေဇင်လတ်တင်သွင်းတဲ့အဆိုကို လွှတ်တော်က အတည်ပြုကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဘတ်ဂျက်ကျရင် ပေးဖို့လည်းမမေ့နဲ့ဦးနော်။ ပိုက်ဆံရမှ လုပ်ပေးနိုင်မယ်တဲ့။ ပိုက်ဆံရဖို့ အတည်ပြုပေးဖို့လည်း နှစ်ခါလောက်ပြောသွားတယ်။ အဲဒါလည်းမမေ့နဲ့ဦး။

## ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၂၅)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး(၂၆)ရက်မြောက်နေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ်ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၂၅)ရက်မြောက်နေ့ကို ရပ်နားပါမယ်။ ဒုတိယအကြိမ်ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး(၂၆)ရက်မြောက်နေ့ကို ၂၀၁၈ ခုနှစ်၊ မတ်လ ၉ ရက်(သောကြာနေ့)နံနက် ၁၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်းနှင့် ယနေ့အစည်းအဝေးပြီးဆုံးကြောင်း ကြေညာ ပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၄း၃၅။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[ဒုတိယအကြိမ်ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၂၅)ရက်မြောက်နေ့ကို ၁၄း၃၅ နာရီအချိန်တွင် ရပ်နားပါသည်။]

## ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၂၅) ရက်မြောက်နေ့
## (၇.၃.၂၀၁၈) ရက်နေ့တွင် မေးမြန်းဖြေကြားခဲ့သည့်
## ပုဂ္ဂိုလ်များ

pyithu.hluttaw.mm


U Htay Lwin


Dr Myint Htwe

pyithu.hluttaw.mm


Daw Ni Ni May Myint



Dr Myint Htwe

pyithu.hluttaw.mm


U Lu Tal Hone


Dr Myint Htwe

pyithu.hluttaw.mm


U Aung Sein


Dr Myint Htwe

pyithu.hluttaw.mm


Dr Salai Riang Vel


Dr Myint Htwe

pyithu.hluttaw.mm


U Min Thein


Dr Myint Htwe

# ပြည်သူ့လွှတ်တော်

ပြည်သူ့အသံ လွှတ်တော်အသံ

ပြည်သူ့ဆန္ဒ လွှတ်တော်ဆန္ဒ

ပြည်သူတို့မျှော်လင့်ချက် လွှတ်တော်က ဖော်ဆောင်ရှက်